စိတ်ကူးချိုချိုအနုပညာ



တက္ကသိုလ်ရွှေရီဝင်း

# မော်ဆရာကြီး၏လက်ဆောင်များ

## နှင့် နိုင်ငံတကာပုံပြင်များ



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# တက္ကသိုလ်ရွှေရိုးဝင်း

# မော်ဆရာကြီး၏လက်ဆောင်များ

# နှင့်

## နိုင်ငံတကာပုံပြင်များ

၂၀၀၈ ခုနှစ်၊ ဇွန်လ
ပထမအကြိမ်

မော်ဆရာကြီး၏လက်ဆောင်များနှင့်နိုင်ငံတကာပုံပြင်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၈၈၀၉၀၇ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၀၄၀၁၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဘ.မ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၈ ခုနှစ်၊ ဇွန်လတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

## မာတိကာ


- စာရေးသူ၏အမှာ ၃
၁။ မှော်ဆရာကြီး၏ လက်ဆောင်များ (ဖင်လန်) ၅
၂။ လိုတရနာရီ (ဘယ်လ်ဂျီယန်) ၁၂
၃။ မင်းသမီးလေးနှင့် ထူးဆန်းသောမြွေ (ဂျစ်ပစီ) ၁၉
၄။ ကံကောင်းသူ ကုန်သည်လေး (ဘာမိုး) ၂၆
၅။ နတ်မြင်းပျံ (ပြင်သစ်) ၃၃
၆။ ရှင်မွေးလွန်းနှင့် မင်းနန္ဒာ (မြန်မာ) ၄၁
၇။ ငမိုးရိပ်မိကျောင်း (မြန်မာ) ၄၉
၈။ ကျိုက်ထီးရိုးဘုရားသမိုင်းပုံပြင် (မြန်မာ) ၅၅
၉။ ကျောက်ခွဲသမားလေး ဆန်ကို (ဂျပန်) ၆၀
၁၀။ မိဘမောင်ဖားညီအစ်ကိုတွေကြားမှ (ဟော်လန်) ၆၅
၁၁။ တံငါသည်လေးချန်လီးနှင့် နဂါး (တရုတ်) ၇၁
၁၂။ ရွှေရောင်အဆင်းရှိသော ငှက် (ဂျာမနီ) ၇၅
၁၃။ ပညာရှိ ကုလားအုတ်မောင်းသမားလေး (အာရပ်) ၈၃
၁၄။ မျက်လှည့်ဆရာကြီး၏ တပည့် (ဂျာမနီ) ၉၁

၁၅။ ဘဲလ်လာနှင့် ပြောင်းဖူးစေ့လည်ဆွဲ (ဂျာမနီ) ၉၇
၁၆။ ပြုစားတတ်သော သမင်လေး (ပြင်သစ်) ၁၀၁
၁၇။ ပန်းရနံ့ (ပြင်သစ်) ၁၁၀
၁၈။ ထူးဆန်းသော ကြိုတ်ဆုံ (ဟော်လန်) ၁၁၅
၁၉။ နှင်းဘုရင်မ (နော်ဝေး) ၁၂၀
၂၀။ မေမေချုပ်ပေးသော ဦးထုပ်လေး (ဆွစ်ဇာလန်) ၁၂၇
၂၁။ ဝါးပင်ငယ်၏ ဇာတ်လမ်းလေး (ဂျပန်) ၁၃၃
၂၂။ တိရစ္ဆာန်သုံးကောင် (ဟန်ဂေရီ) ၁၃၉
၂၃။ သေမင်းကို ရှာဖွေသူများ (အင်္ဂလန်) ၁၅၃
၂၄။ ကိုယ်ပျောက် ပိုးအင်္ကျီ (ဂျပန်) ၁၆၃
၂၅။ အစွမ်းထက်သော ငါးနီလေး (စပိန်) ၁၆၈
၂၆။ သဘော်သားလေး ဆင်းဘတ် (အာရပ်) ၁၇၅

❒

## စာရေးသူ၏ အမှာစာ

"ဟိုးရှေးရှေးတုန်းက ..." ဟု အစချီသော ပုံပြင်များကို စာရေးသူ ငယ်စဉ်ကလေးဘဝကပင် မိဘ ဘိုးဘွားတို့ထံမှ ကြားနာ ပျော်ပိုက်ခဲ့ရပါသည်။

ကျောင်းနေချိန်ရောက်၍ စာဖတ်တတ်သည့်အခါတွင်လည်း မိမိကိုယ်တိုင် ပုံပြင်စာအုပ်များနှင့် ဖတ်ရှု မွေ့လျော်ခဲ့ရပါသည်။ ထို့ပြင် သူငယ်ချင်းများနှင့် ကြားဖူးမှတ်ဖူးရာ ပုံတိုပတ်စများ အပြန်အလှန် ပြောကြရင်းနှင့် ပုံပြင်ကို မေ့မရခဲ့ပါ။ အိမ်ထောင်ရက်သား ကျသော အခါတွင် မိမိ၏ ရင်သွေးများကို "ဟိုးရှေးရှေးတုန်းက ..." ဟု အစချီကာ ပုံပြင်များကို မှတ်မိစွဲလမ်းစွာ ပြန်လည် ပြောပြနေရပါပြီ။

ထိုကဲ့သို့ပင် ပုံပြင်များသည် အစဉ်နုပျိုလန်းဆန်းစွာ ခေတ်အဆက်ဆက် လူကြီး၊ လူငယ်၊ ကလေးများ၏ရင်ထဲတွင် အဆင့်ဆင့်ကူးပြောင်း ရှင်သန်မြဲ ရှင်သန်လျက် ရှိပါသည်။

သို့ရာတွင် တစ်ဆင့်စကား တစ်ဆင့်နားနှင့် ခရီးဆက်လာခဲ့သော ပုံပြင်များစွာတို့သည် အချိန်ကြာညောင်းလာသည်နှင့်အမျှ ပျောက်ကွယ် မှိန်ဖျော့သွားမည်ဆိုလျှင် အလွန်နှမြောဖွယ်ရာ ဖြစ်ပါသည်။ နိုင်ငံတကာတွင် ကလေး၊ လူကြီး ဖတ်ချင်စဖွယ် ပုံပြင်စာအုပ်များစွာကို ထုတ်ဝေဖြန့်ချိလျက် ရှိသော်လည်း စာရေးသူတို့


နိုင်ငံမှာမူ ပုံပြင်စာအုပ်များ အခန်းကဏ္ဍကို ကျယ်ပြန့်စွာ မတွေ့ရနိုင်သေးပါ။

ယခု စုစည်းထားသောပုံပြင်များမှာ စာရေးသူ ကြားဖူး၊ ဖတ်ဖူး၍ မှတ်သားထားသမျှကို စုဆောင်းထားသောပုံပြင်များ ဖြစ်ပါသည်။ ပုံပြင်များမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအရပ်ရပ်မှ ရိုးရာပုံပြင်များ ဖြစ်ပါသည်။

ပုံပြင်ချစ်သူ ကလေး၊ လူကြီးအားလုံးအတွက် စာရေးသူ စုဆောင်းထားသော "ဟိုးရှေးရှေးတုန်းက …" ဟု အစချီထားသော ပုံပြင်များကို စာဖတ်သူအားလုံးနှင့် ပြောပြ မျှဝေခံစားစေချင်သော စေတနာ ဖြစ်ပါသည်။

တက္ကသိုလ်ရွှေရိုဝင်း

❒



မှော်ဆရာကြီး၏လက်ဆောင်များ(ခင်လနှ)

## မှော်ဆရာကြီး၏ လက်ဆောင်များ

ရှေးရှေးတုန်းက ဖင်လန်နိုင်ငံတွင် လူငယ်တစ်ယောက်သည် မိမိ၏ ဘဝရှေ့ရေးအတွက် မိမိဘာသာ ရပ်တည်နိုင်ရန်အတွက် လေးနှင့်မြား ကိုယူကာ အိမ်မှထွက်လာသည်။ သူသည် ထင်းရှူးပင်များ ထူထပ် သော တောင်စောင်းတစ်လျှောက် လှည့်လည်၍ သွားနေသည်။ သူ့ စိတ်ထဲတွင် ယခုလို တောတွင်းသွားရင်းနှင့် ငွေကြေးများရမည်ဟု ယုံကြည်နေသည်။

သူ၏ ယုံကြည်ချက်သည် နေ့အလင်းရောင် ကုန်ဆုံး၍ ည အမှောင်သို့ ရောက်လာသောအခါ ပြောင်းရတော့မလို ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် သစ်တောထူထပ်သော ဤအမြဲစိမ်းသစ်တော ထဲတွင် ဝံပုလွေများ၏ အူသံများသည် ညအချိန်တွင် ဆူညံနေသော ကြောင့် ဖြစ်သည်။ ထို့ကြောင့် သူသည် အိမ်ပြန်ပြီး နောက်တစ်ရက် မှပင် ထွက်၍အလုပ်ရှာရန် ဆုံးဖြတ်လိုက်သည်။ သို့သော် ထိုကဲ့သို့ အိမ်ပြန်ရန် ဆုံးဖြတ်လိုက်သည့်အချိန်တွင် သူသည် အိမ်ပြန်ရန်လမ်း ကို မမှတ်မိတော့ချေ။

ညမိုးချုပ်လာလေ ကြောက်ရွံ့လာလေ ဖြစ်နေသည်။ ဘေး မတ်ဝန်းကျင်တစ်လျှောက်မှာလည်း သားကောင်များ၏ အသံများမှာ ဆူညံနေလေသည်။ ထိုစဉ်တွင် မှော်ဆရာကြီးတစ်ဦးသည် နောက်မှ ဝံပုလွေတစ်အုပ် ဝိုင်းရံလျက် ထွက်ပြေးလာသည်ကို တွေ့ရသည်။

ထိုအဖြစ်ကို မြင်ရသော လုလင်ငယ်သည် ကြောက်စိတ်များ ပျောက်သွားပြီး သတ္တိများ အလိုလို ပြန်လည်ရောက်ရှိလာလေသည်။ ထို့ကြောင့် လေးကိုအသင့်ပြင်ကာ မြားတစ်စင်းထည့်ပြီး ရှေ့ဆုံးမှ လိုက်လာသော ဝံပုလွေ၏ အသည်းနှလုံးဆီသို့ ပစ်သွင်းလိုက်သည်။ ပထမဝံပုလွေကို မြားထိမှန်ပြီးသည့်နောက် မြားတစ်စင်းကို ဆက်တိုက် ပစ်လွှတ်ပြန်သည်။ သို့နှင့် ဝံပုလွေသုံးကောင် မြေပေါ်တွင် လဲကျသေဆုံးသည်ကို မြင်ရသော အခြား ဝံပုလွေတို့သည် လှည့်ပြီး ပြေးကြလေသည်။

မှော်ဆရာကြီးက "ကျေးဇူးကြီးလှပါတယ် ကလေးရယ်၊ မင်းဟာ ငါ့ရဲ့အသက်ကို ကယ်လိုက်တာပါပဲ၊ ဦးရဲ့အိမ်ကို အခု လိုက်ခဲ့ပါ၊ နောက်တစ်နေ့ကျရင် မင်းလိုချင်တဲ့အရာကို ဦးပေးပါ့မယ်" ဟု ဝမ်းသာအားရ ပြောဆိုလေသည်။

လုလင်ကလည်း "ကျွန်တော် ဒီတစ်ညတည်း စိုခွင့်ရရင် တော်ပါပြီ၊ ကျွန်တော် ဘာမှ မလိုချင်ပါဘူး" ဟု ပြန်ဖြေသည်။ လုလင်ငယ်သည် မှော်ဆရာကြီးခေါ်ရာနောက်သို့ ပျော်ရွှင်စွာ လိုက်သွားလေသည်။ မှော်ဆရာ၏အိမ်သို့ ရောက်သောအခါ ညစာကို အားရပါးရစားပြီး မှော်ဆရာကြီးပေးသော အိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့နံနက်တွင် မှော်ဆရာအိမ်တွင် အလုပ်လုပ်သော မိန်းကလေးက လာရောက်၍ နှိုးလေသည်။ ပြီးလျှင် "ရှင်ဟာ ကျွန်မအရှင်ရဲ့ အသက်ကို ကယ်လိုက်တဲ့အတွက် ရှင့်ကို လျှို့ဝှက်ချက်တစ်ခုကို ပြောပြမယ်၊ တခြားတော့ မဟုတ်ပါဘူး၊ ရှင့်ကို ဆရာကြီးက တစ်ခုခုတောင်းဖို့ ခွင့်ပြုရင် တတိယမြင်းဇောင်းမှာ ရှိတဲ့မြင်းကို ရှင့်အတွက် ဆုအဖြစ် တောင်းပေတော့" ဟု ပြောလေသည်။

လုလင်ငယ်သည် မိန်းကလေး၏ အကြံပေးချက်အတိုင်း

မှော်ဆရာကြီးက ဆုလာဘ်အဖြစ် လိုချင်သည်ကို တောင်းခိုင်းသော အခါ တတိယမြင်းဇောင်းမှ မြင်းတစ်ကောင်ကို တောင်းလေသည်။ မှော်ဆရာကြီးက "ကောင်းပြီလေ ယူပေါ့၊ မင်းက ငါ့အသက်သခင် ကျေးဇူးရှင်ပဲ။ မင်းတောင်းတာ ပေးရမှာပေါ့။ နောက်ပြီး ဟောဒီ ဘယောနဲ့ တယောထိုးတံကို ယူသွားဦး၊ မင်း တကယ်လို့ အသက် အန္တရာယ်နဲ့ တွေ့လို့ရှိရင် သူ့ကို တီးပေတော့" ဟု ပြောကာ ပေး လိုက်သည်။

လုလင်ငယ်သည် မှော်ဆရာကြီးအား ကျေးဇူးတင်စကား ပြောကြားကာ မြင်းပေါ်ခုန်တက်ပြီး သူ့အိမ်ရှိရာဆီသို့ ခရီးဆက် သာခဲ့လေသည်။ မြင်းစီး၍ ခရီးသိပ်မရောက်ခင် မြင်း၏ပါးစပ်မှ ပြောလိုက်သော စကားကြောင့် လုလင်ငယ်သည် အလန့်တကြား ဖြစ်ရလေသည်။ "ငါကတော့ မင်းကို အခုချက်ချင်း အိမ်ပြန်တာကို ထောက်ခံချင်ဘူး၊ မင်းအိမ်က မင်းထွက်ပြေးလို့ မင်းအဖေက င်းကိုစိတ်ဆိုးပြီး ရိုက်မှာသေချာတယ်၊ ဒီတော့ မင်းရဲ့ဘဝရှေ့ရေး အတွက် ပိုက်ဆံရှာတာကို အရင်လုပ်ပါ၊ ပြီးတော့မှ မင်းအိမ်ပြန်ချင် သေးတယ်ဆိုရင် ပြန်ပေါ့၊ ငါအကြံပေးချင်တာတော့ ဘုရင့်နန်းတော် ဘက်ကို သွားပြီး ငါတို့အတွက် ဘာများ ကံစီမံတာရှိသလဲဆိုတာ သွားကြည့်ချင်သေးတယ်" ဟု မြင်းက လူစကားပြောလာသည်။

လူငယ်ကလည်း မြင်းအကြံပေးသည့်အတိုင်း လိုက်နာရန် အဆင်သင့်ပင် ဖြစ်သည်။ ဘုရင့်နန်းရင်ပြင်သို့ ရောက်သောအခါ ဘုရင်ကြီးသည် မြင်းကိုအလွန်သဘောကျသဖြင့် ထိုမြင်းကိုရောင်းရန် ပြောသည်။ မြင်းတန်ဖိုးအတွက်လည်း လူငယ်ကြိုက်သလောက် တောင်းရန် ပြောလေသည်။

မြင်းက တစ်ဖန် လူငယ်လေးကြားရုံ တိုးတိုးလေးဖြင့် "ငါ့ကို ရောင်းပါနဲ့၊ ဘုရင်ကို ဘုရင့်မြင်းဇောင်းမှာ တည်းခိုခွင့်တောင်း၊ နောက်ပြီး ဘုရင်ကြီးကသာ မြင်းဇောင်းမှာ နေခွင့်ပြုမယ်ဆိုရင် ဘုရင့်

မြင်းဓောင်းက မြင်းတွေအားလုံးဟာ ငါ့လိုပဲ လှသွားလိမ့်မယ်လို့ ပြော" ဟု သင်ပေးလေသည်။

ဘုရင်ကြီးလည်း လူငယ်က အထက်ပါအတိုင်း ရှင်းပြသော အခါ သဘောတူလိုက်သည်။ ရက်အနည်းငယ်အတွင်းမှာပင် ဘုရင့် မြင်းဓောင်းရှိ မြင်းအိုကြီးများမှာ နုပျိုလာကာ လှပြီး ချောပြီးသော မြင်းများမှာ ပိုမို ချောလာကြသည်။ ဘုရင်ကြီးလည်း အလွန်သဘော ကျကာ လူငယ်အား ဆုတော်ငွေများစွာ ပေးလေသည်။

နန်းတော်ထဲတွင် လုလင်ငယ်အား သဘောမကျသူတစ်ယောက် တော့ ရှိလေသည်။ ထိုသူမှာ မြင်းများကို ကြည့်ရှုထိန်းသိမ်းရသော မြင်းထိန်းဖြစ်သည်။ ဘုရင့်မြင်းထိန်းမှာ လူငယ်ကို လုံးဝ မနာလို ဖြစ်နေသည်။ ထို့ကြောင့် ဘုရင်ကြီးအား ဤလူငယ်သည် ဘုရင့်အား လှည့်စားနေကြောင်း၊ လိမ်လည်နေကြောင်း လျှောက်တင်သည်။

ဘုရင်ကြီးကလည်း "ဒီကောင်သာ တကယ်လို့ ငါ့ကိုလိမ် တာဆိုရင် ငါ ပေါ်အောင်လုပ်ရမှာပဲ" ဟု ကြိမ်းဝါးကာ လူငယ်အား ခေါ်၍ "မင်းဟာ သိပ်ကိုတော်ပါပေတယ်၊ ဒါ့ကြောင့် မင်း တော ထဲကိုသွားပြီး ငါ့ရဲ့မိဖုရားကြီးကို ရအောင်ရှာပေးပါ၊ ငါ့မိဖုရားကြီး ဟာ ငါနဲ့အတူ တောလည်သွားရင်း ပျောက်သွားတာ ခုနစ်နှစ်လောက် ရှိပြီ" ဟု ပြောလေသည်။

လူငယ်လေးသည် ဘုရင်၏မိန့်ကြားချက်ကို ကြားသောအခါ အလွန်စိတ်ပျက်သွားလေသည်။ သို့သော် ဟန်မပျက် ခေါင်းငုံ့ အံရှိ အသေပေးကာ မှော်ဆရာပေးလိုက်သော မြင်းကို ကုန်းနှီးကြိုး တပ် ဆင်ပြီး ထွက်ခဲ့သည်။ ပြီးတော့မှ သက်ပြင်းချကာ "ငါ ဘာလုပ်ရမလဲ" ဟု မေးလိုက်သည်။

ထိုအခါ မြင်းက "အလွယ်လေးပါကွာ၊ ဖြစ်ပုံကတော့ကွာ၊ ငါဟာ ဘုရင်ကြီးရဲ့ ပျောက်ဆုံးနေတဲ့ မိဖုရားကြီးပဲ၊ မှော်ဆရာကြီးက ငါ့ကို အခုလိုဖြစ်အောင် ပြုစားထားတာ၊ ငါ့ကို ပင်လယ်ထဲကို စီး

သွားပါ၊ ဟိုကျရင် ဘာဖြစ်မယ်ဆိုတာ တွေ့ရမယ်" ဟု ပြောပြသည်။

လူငယ်သည် သူ့ကိုပြောသည့်အတိုင်း မြင်းကို ပင်လယ်ဆီသို့ မောင်းနှင်သွားသည်။ ပင်လယ်ရေကို မြင်းထိသည်နှင့် မြင်းသည် ကမ္ဘာပေါ်တွင် အလွန်လှပချောမောသော မိဖုရားကြီးအဖြစ် ပြောင်းလဲသွားသည်။

ဘုရင်သည် မိဖုရားကြီးကို ပြန်ရသော်လည်း မကျေနပ်သေးချေ။ အဘယ်ကြောင့်ဆိုသော် ဘုရင့်မြင်းထိန်းက လူငယ်သည် ဘုရင်ကြီး၏အသက်ကို သတ်ရန်အတွက် ကြံစည်နေကြောင်း ကုန်းတိုက် ပြောဆိုသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လူငယ်အား ကြိုးဆွဲချသတ်ပစ်ရန် အမိန့်ပေးလေသည်။ လူသတ်ကုန်းသို့ ရောက်သောအခါ လူငယ်က "ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ တစ်ခုတော့ ခွင့်ပြုပါ၊ ကျွန်တော် မသေခင် ကျွန်တော့်ရဲ့တယောကို တီးခွင့်ပေးပါ" ဟူ၍ ဖြစ်သည်။

လူငယ်၏ နောက်ဆုံးဆန္ဒကို ဘုရင်ကြီးက သဘောတူ ခွင့်ပြုလိုက်သည်။ သို့သော် လူရွယ်စတင်၍ တယောတီးသည်နှင့် ဘုရင်အပါအဝင် လူတိုင်းသည် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ကကြလေသည်။ လူတိုင်းသည် ကကြရာမှာ ပင်ပန်းလွန်းသဖြင့် လူရွယ်ကို ကြိုးကွင်းစွပ်ရန်ပင် အားမရှိတော့ချေ။

နောက်တစ်နေ့တွင် သူတို့သည် လူရွယ်အား ကြိုးကွင်းစွပ်ပြီး သတ်ရန် လုပ်ကြပြန်သည်။ လူရွယ်က တစ်ဖန် "ကျွန်တော့်ကို နောက်ဆုံးတစ်ခု တောင်းဆိုခွင့်ပြုပါ၊ ကျွန်တော် တယောထိုးတာနဲ့ သီချင်းတီးခွင့် ပေးပါ" ဟု ပြောလေသည်။

ဘုရင်ကြီးမှာ မကျေမနပ်ဖြင့် ခွင့်ပြုရလေသည်။ သို့သော် သီချင်းမတီးခင် ဘုရင်ကြီးက သူ့ကို သစ်ပင်တစ်ပင်တွင် ကြိုးနှင့် ချည်နှောင်ထားရန် တောင်းဆိုသည်။ ပါးစပ်မှလည်း "ဘာပဲဖြစ်ဖြစ်ငါ မကဘဲနေမယ်" ဟု အော်၍ ပြောလေသည်။

ဘုရင်ကြီးအား သစ်ပင်တွင် ချည်နှောင်ပြီးသည်နှင့် လူငယ်သည် စတင်၍ တီးလေသည်။ ချက်ချင်းပင် ဘုရင်ကြီးကို ချည်နှောင်ထားသော သစ်ပင်သည် စ၍ ကလေသည်။ ထိုသစ်ပင်သည် ကရင်းကရင်း အမြစ်မှ ကျွတ်ထွက်ကာ လူများနှင့် ဝေးရာဆီသို့ ပျောက်ကွယ်သွားသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။

သို့နှင့် လူငယ်သည် မိဖုရားကြီးကို လက်ထပ်ကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်လေသည်။ ပြီးလျှင် ပျော်ရွှင်စွာဖြင့် အသက်ထက်ဆုံးနေထိုင်လေသည်။

❐



ဂိုတရနှာဒီ
(ဘယ်လ်ဂျီယန်)

## လိုတရနှာရှိ

ရှေးရှေးက ဘယ်လ်ဂျီယန်နိုင်ငံရှိ သူဌေးကြီးတစ်ယောက်တွင် သားသုံးယောက် ရှိလေသည်။ ၎င်းတို့သုံးယောက်သည် တစ်ယောက်တစ်လှည့်စီ စီးပွားရှာ ထွက်ကြသည်။

သားအကြီးဆုံးသည် အလွန်လှပသော မြင်းများဖြင့်လည်းကောင်း၊ သားအလတ်သည် အလွန်အဖိုးတန်ပြီး လှပသော အဝတ်အစားများနှင့်လည်းကောင်း အသီးသီး ပြန်လာကြလေသည်။ ဖခင်ဖြစ်သူ သူဌေးကြီးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလေသည်။

သားအငယ်ဆုံး ဂျင်နစ်သည် အစ်ကိုနှစ်ယောက်နှင့် မတူချေ။ အိမ်တွင်လည်း အစ်ကိုနှစ်ယောက်လို အဖော်မရချေ။ အိပ်လိုက်စားသောက်လိုက်နှင့် အချိန်ကုန်လေသည်။

ထို့ကြောင့် ဖခင် သူဌေးကြီးက "မင်းက မင်းကိုယ်မင်း အထင်ကြီးပြီး အလိုလို ကြီးပွားချမ်းသာမယ်ထင်ရင်တော့ မင်းဒီအိမ်ပေါ်က ဆင်းသွားပေတော့ လူမိုက်ရေ၊ ငါကတော့ မင်းသွားရင် မျက်စိအနှောက်သက်သာလို့ သာတောင်ကြိုက်သေးတယ်" ဟု ပြောလိုက်သည်။ ဂျင်နစ်အဖို့ ယခုကဲ့သို့ ဖခင်၏အဆူအဆဲကို ခံနေကျဖြစ်နေပေပြီ။ ထို့ကြောင့်လည်း ဖခင်၏စကားအဆုံးတွင် မနာကြည်းသည့်အပြင် လေလေးချွန်ပြီး ထွက်ခဲ့သည်။

လမ်းခရီးတွင် သိုးကျောင်းသားတစ်စုသည် သိုးထိန်းရန် မွေးထားသော ခွေးကို မကျေနပ်သဖြင့် သတ်ရန်ပြုနေသည်ကို တွေ့လေသည်။

ဂျင်နစ်က "ဒီခွေးရဲ့ အသက်ကို ချမ်းသာပေးပါဗျာ၊ ကျွန်တော်သူ့ကို မွေးပါ့မယ်" ဟု တောင်းသဖြင့် သိုးထိန်းများက သဘောတူလိုက်သည်။ ဂျင်နစ်သည် ထိုခွေးနှင့် ခရီးဆက်ခဲ့သည်။

ဂျင်နစ်နှင့် ခွေးတို့သည် ခရီးဆက်ခဲ့ရာ လယ်သမား တစ်ယောက်၏ ဇနီးသည် သူ့အိမ်တွင် မွေးထားသော ကြောင်သည် ကြွက်များကို မခုတ်သဖြင့် ရေတွင်နှစ်သတ်ရန် လုပ်နေသည်ကို တွေ့ရသည်။

ဂျင်နစ်က "ကြောင်လေးအသက်ကို ချမ်းသာပေးပါဗျာ၊ ကျွန်တော် သူ့ကို မွေးပါ့မယ်" ဟု တောင်းလေရာ သဘောတူပြီး ပေးလိုက်လေသည်။

ခရီးဆက်၍ မကြာမီတွင် ကလေးတစ်စုသည် မြွေငယ်တစ်ကောင်ကို ရိုက်သတ်ရန် လုပ်နေသည်ကို တွေ့ရသည်။

ဂျင်နစ်က ကလေးများအား "ဒီမြွေလေးကို မသတ်ပါနဲ့ကွာ၊ ငါသူ့ကို ခေါ်သွားချင်လို့ပါ" ဟုတောင်းရာ ကလေးများကလည်း သဘောတူလိုက်သည်။

ဂျင်နစ်သည် ခရီးဆက်ခဲ့ရာ သူ့နောက်မှ ခွေး၊ ကြောင်နှင့် မြွေငယ်တို့ လိုက်ပါလာကြသည်။ မြွေငယ်သည် နောက်မှလိုက်လာရင်း ဗြုန်းစားကြီး "ဂျစ်နစ်" ဟု အော်၍ခေါ်လိုက်သည်။ ပြီးမှ "ကျွန်တော်ဟာ မြွေမင်းသားတစ်ပါးဖြစ်ပါတယ်၊ အခု ကျွန်တော် မြွေမင်းကြီးကို ခစားဖို့ နောက်ကျနေပါပြီ၊ ဒါကြောင့် အခု ကျွန်တော်နဲ့အတူ မြွေမင်းကြီးဆီ လိုက်ခဲ့ပါ၊ ဟိုရောက်ရင် ခင်ဗျားက အဖြစ်အပျက်တွေ အားလုံးကို ပြောပြပါ၊ ကျွန်တော့်အသက်ကို ကယ်လာတာကိုပါ ပြောပြပါ၊ အဲဒီအခါမှာ မြွေမင်းကြီးဟာ သိပ်သဘောကျပြီး ခင်ဗျားကို

ဆုလာဘ်ပေးဖို့ လိုချင်တာတောင်းဖို့ ခွင့်ပြုလိမ့်မယ်၊ အဲဒီလို လိုချင်တဲ့ဆု တောင်းတဲ့အခါ သတိထားရမယ်၊ ခင်ဗျား ဘာတောင်းရမလဲဆိုတော့ ဂူထဲမှာချိတ်ထားတဲ့ နာရီကို တောင်းပေတော့၊ အဲဒီနာရီက အလွန်ထူးဆန်းတဲ့ လိုတရနာရီပဲ ဖြစ်တယ်၊ မင်းလိုချင်တာရှိရင် နာရီနဲ့မျက်နှာပြင်ကို လက်နဲ့ပွတ်ပြီး တလိုက်ရုံပါပဲ" ဟု ရှင်းပြသည်။

ဂျင်နစ်သည် မြွေငယ်ပြောသည့်အတိုင်း လိုက်နာပြောဆိုလေသည်။ ထို့ကြောင့်လည်း မြွေမင်းကြီးက လိုတရနာရီကို ဆုအဖြစ်ပေးလိုက်သည်။ သို့နှင့် ဂျင်နစ်သည် ခွေး၊ ကြောင်တို့နှင့် ခရီးဆက်ခဲ့ရာ အလွန်မှောင်မည်းသော တောအုပ်ထဲသို့ ရောက်သွားသည်။ ထိုတောအုပ်ထဲတွင် အစာလည်း မရှိ၊ တည်းခိုစရာလည်း မရှိချေ။

ဂျင်နစ်သည် နာရီကို ပွတ်တိုက်ပြီး "ငါ့အတွက် ဒီနားမှာ အိမ်လေးတစ်လုံးလောက် လိုချင်တယ်၊ ပြီးတော့ မီးဖိုပေါ်မှာလည်း သောက်စရာ ဟင်းအိုး အဆင်သင့်ဆူပွက်နေပါစေ။ ဒယ်အိုးပေါ်မှာလည်း အမဲသားဟင်း အဆင်သင့်ဖြစ်နေပါစေ၊ ငါ့ရဲ့ခွေးအတွက်လည်း မွှေးရနံ့သင်းနေတဲ့ အရိုးနဲ့ ကြောင်အတွက်ကတော့ မလိုင်အပြည့်ပါတဲ့ နွားနို့ရပါစေ" ဟု ဆုတောင်းလိုက်သည်။

ထိုကဲ့သို့ ဆုတောင်းလိုက်ပြီး မကြာမီမှာပင် သူဆုတောင်းသည့်အတိုင်း အိမ်ငယ်တစ်လုံးကို အသင့်တွေ့ရသည်။ ထိုအိမ်ထဲတွင် ဂျင်နစ်နှင့် သူ့မိတ်ဆွေ ခွေးနှင့် ကြောင်တို့သည် အေးချမ်းစွာ နားနေကြလေသည်။

နောက်တစ်နေ့နံနက်တွင် ဂျင်နစ်သည် သူ၏ အိမ်ရှိရာဆီသို့ ခရီးဆက်ခဲ့သည်။ သို့သော် အိမ်ရှေ့တွင် အိမ်မှထွက်သွားစဉ်က အတိုင်း အဝတ်ဟောင်းများနှင့် ရပ်နေသော ဂျင်နစ်ကို တွေ့ရသော သူ့ဖခင်သည် အလွန်စိတ်ဆိုးကာ အိမ်ထဲမှ နှင်ထုတ်လေသည်။

ဂျင်နစ်သည် ဖခင်ရှေ့မှထွက်လာပြီး အိမ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ သူ၏ လိုတရနာရီကို ပွတ်လိုက်ပြီး ထူးဆန်း

လှပသော နန်းတော်ကြီးတစ်ခုကို တလိုက်သည်။

ပြီးလျှင် ဖခင်ထံသို့သွားပြီး "အဖေဟာ ကျွန်တော် အိမ်ပြန်လာတာကို လိုလိုချင်ချင် မကြိုခဲ့ဘူး၊ ဒီတော့ အဖေ့ကို ကျွန်တော် တစ်ခုတော့ ခိုင်းရလိမ့်မယ်၊ အဖေ့ရဲ့ မိတ်ဆွေတွေအားလုံးကို ဒီနန်းတော်ထဲ ဖိတ်ပေးပါ၊ အဖေကိုယ်တိုင်ကတော့ နန်းတော်ကိုသွားပြီး ဘုရင်ကြီးနဲ့ သမီးတော်ကို သွားပြီးဖိတ်ပါ" ဟု ပြောလေသည်။

ဂျင်နစ်၏ဖခင်သည် ကြိမ်လုံးဆွဲကာ ဂျင်နစ်ကို အိမ်မှ မောင်းထုတ်လေသည်။ သို့သော် အိမ်နှင့် မလှမ်းမကမ်းတွင် အလွန်ခမ်းနားလေသော နန်းတော်ကြီးကို မြင်ရသောအခါ အလွန်အံ့ဩသွားပြီး ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

ဂျင်နစ်က ထပ်ပြီး "အဖေ ဘုရင်နဲ့ သမီးတော်ကို သွားပြီး ဖိတ်ပါ" ဟုပြောပြီး နာရီကိုပွတ်လိုက်ခြင်းဖြင့် ရွှေရောင်မြင်းရထားကြီးသည် မြင်းခြောက်ကောင်ကလျက် ရတနာများ တဖျတ်ဖျတ်စီခြယ်ကာ ပေါ်လာသည်။ ဂျင်နစ်၏ ဖခင်သည် နန်းတော်သို့ ချက်ချင်းပင် ထွက်သွားသည်။ မကြာမီပင် ဂျင်နစ်၏ဖခင်သည် ဘုရင်နှင့်သမီးတော်ကိုခေါ်ဆောင်ကာ ပြန်လာသည်။ အပြန်ခရီးတွင် လမ်းမှာ အလွန်လှပ သစ်လွင်ပြီး ကျောက်စရစ်ခဲများ ခင်းကျင်းထားသော လမ်းသစ်တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

ဘုရင်ကြီးမှာလည်း အရာရာကို ကြည့်ပြီး အလွန်အံ့ဩနေသည်။ ညစာစားပွဲကိုလည်း အစေခံ ၁၂ ယောက်က ရွှေပန်းကန်ပြားများဖြင့် တည်ခင်းကြပြီး အစားအသောက်များမှာလည်း အလွန်ကောင်းမွန်လေသည်။ ညစာစားအပြီးတွင် ဘုရင်ကြီးက ဂျင်နစ်၏ဖခင်အား ဂျင်နစ်ကို သူ့သမက်အဖြစ် သဘောတူရန် ဆိုလေသည်။

နောက်တစ်နေ့တွင် မင်္ဂလာအခမ်းအနားကို တခမ်းတနားကျင်းပလေသည်။ ဂျင်နစ်နှင့် ဘုရင့်သမီးတော်တို့သည် ထူးဆန်းသောနန်းတော်ကြီးတွင် နေထိုင်ကြသည်။ သို့သော် ဘုရင့်သမီးတော်သည်

ဂျင်နစ်နှင့် နေရသည်ကို မပျော်ချေ။ ထို့ကြောင့် တစ်နေ့တွင် ဂျင်နစ်၏ လိုတရနာရီကို ခိုးယူပြီး သူနှင့် သူ၏နန်းတော်ကို ပင်လယ်၏ အလယ်တွင် ပြောင်းရွှေ့ကာ နေထိုင်လေသည်။

ဂျင်နစ်သည် အလွန်စိတ်ဆင်းရဲခြင်း ဖြစ်ရလေသည်။ သူ့အဖေနှင့် သူ့မိတ်ဆွေများက သူ့ကို ဟားတိုက်၍ လှောင်ပြောင်ကြသည်။ မကြာမီတွင် ဂျင်နစ်သည် သူ၏အဖော် ခွေးနှင့် ကြောင်ကိုခေါ်ကာ ခရီးဆက်ခဲ့ကြသည်။

တစ်ညတွင် သစ်ပင်တစ်ပင်အောက်တွင် နားနေစဉ် သစ်ပင်ပေါ်တွင် ကျီးနှစ်ကောင် စကားပြောနေသည်ကို ကြားရသည်။ ကျီးတစ်ကောင်က "ပင်လယ်ကို ဖြတ်ပြီးသွားရတာ တော်တော်လွယ်သွားပြီကွ၊ အခုလို လေတိုက်တဲ့ ဆောင်းတွင်းမှာတောင် သွားရတာ လွယ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ပြင်ရဲ့ အလယ်မှာ ထူးထူးဆန်းဆန်း နန်းတော်ပေါ်လာလို့ပဲကွ" ဟု ပြောသည်။ တခြားကျီးကလည်း ဝမ်းမြောက်ဝမ်းသာ ထောက်ခံသည်။

နောက်တစ်နေ့တွင် ဂျင်နစ်က ခွေးကို ပြောသည်။

"မင်း ဒီပင်လယ်ကိုဖြတ်ကူးပြီး နန်းတော်ဆီကို သွားပေတော့၊ ကြောင်ကတော့ ခွေးရဲ့ကျောကုန်းပေါ် တက်ပြီး သွားပေါ့၊ ပြီးလို့ ဟိုရောက်ရင် ငါ့ရဲ့ ဆိုးဝါးယုတ်မာတဲ့ မိန်းမဆီက နာရီကို ပြန်ပြီး ခိုးခဲ့ပေတော့၊ ပြီးရင် နာရီကြီးကို ပါးစပ်ထဲမှာကိုက်ပြီးယူခဲ့၊ ခွေးက လမ်းမှာ ကြောင်ကို စကားမပြောဖို့ သတိထားရမယ်၊ ဒါမှ ပါးစပ်က နာရီ ပြုတ်မကျမှာ" ဟု မှာလိုက်သည်။


အလုပ်ကိစ္စ အားလုံးသည် အဆင်ပြေစွာ ပြီးစီးခဲ့လေသည်။ သို့သော် ကမ်းနားသို့ ရောက်ခါနီးတွင် ခွေးက ကြောင်အား မေးခွန်းတစ်ခု မေးလိုက်ရာ ကြောင်သည် ပါးစပ်ဟလိုက်သဖြင့် နာရီသည် ရေထဲသို့ ကျသွားလေသည်။ ထိုအခါ ကြောင်သည် ငါးတစ်ကောင်ကို ဖမ်းပြီး ထိုငါးကို ရေအောက်ရှိနာရီကို ဆယ်စေသည်။ အကယ်၍

နာရီကို ဆယ်မပေးပါက အသက်ကို ချမ်းသာပေးမည် မဟုတ်ကြောင်း ပြောသည်။ ထို့ကြောင့် ထိုင်ါးသည် ပင်လယ်အောက်ရှိ နာရီကို သွား၍ ယူပေးလေသည်။

ဂျင်နစ်၏ လက်ထဲသို့ နာရီရောက်ရောက်ချင်း ဂျင်နစ်သည် လိုတရ နာရီ၏ မျက်နှာပြင်ကို လက်ဖြင့်ပွတ်ပြီး သူ၏ နန်းတော်ကြီးကို သူ၏ ဇနီးနှင့် နန်းတော်ရှိ သက်ရှိသက်မဲ့အားလုံးနှင့်အတူ ပင်လယ်ရေအောက်ကြမ်းပြင်တွင် ထားလိုက်စေရန် တလိုက်လေသည်။

ပြီးလျှင် ဂျင်နစ်သည် သူ၏ ဖခင်အိမ်သို့ ပြန်လာလေသည်။ ထိုအိမ်တွင် သူ၏ ကြောင်၊ ခွေးတို့နှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်လေသည်။

❐



မင်းသမီးလေးနှင့်
ထူးဆန်းသောမြွေ
(ဂျစ်ပစီ)

## မင်းသမီးလေးနှင့် ထူးဆန်းသောမြွေ

(ဂျစ်ပစီလူမျိုးတို့သည် အတည်တကျနေထိုင်ခြင်းမရှိသော လူမျိုးတို့ဖြစ်ကြသည်။ ၎င်းတို့သည် တစ်နေရာမှ တစ်နေရာသို့ လှည့်လည်သွားလာ နေထိုင်ကြသည်။ သူတို့သည် အိမ်ရာတည်ဆောက်ပြီးမနေထိုင်ဘဲ ကာရာဗင်ခေါ် မြင်းဆွဲသော လှည်းများပေါ်တွင်ပင်နေထိုင်ကြသည်။ ဂျစ်ပစီတို့လှည်းတန်းကြီးသည် ရောက်ရာနေရာတွင်စတည်းချကာ နားကြသည်။ ပြီးလျှင် ခရီးဆက်ကြသည်။ ယခုပုံပြင်ကို ပြောပြသူ ဂျစ်ပစီကြီးမှာ သူတို့လှည်းများ စတည်းချနားနေစဉ်ပြောသောပုံပြင် ဖြစ်သည်။)

ဂျစ်ပစီကြီးသည် သူ့ဘေးတွင် နားထောင်လျက်ရှိသော လူများကို အောက်ပါအတိုင်း ပြောပြသည်။

"အခု ငါပြောပြမှာ တကယ့်အဖြစ်အပျက်ပဲ၊ ငါပြောသမျှအားလုံးဟာ အမှန်ချည်းပဲ၊ မင်းတို့ ဘာမှသံသယဖြစ်ဖို့ မလိုဘူး၊ဲ နားထောင် ငါပြောမယ်၊ ငါ့မိတ်ဆွေ အဘိုးကြီးတစ်ယောက်ရှိတယ်၊ူဟာ အသက်အရွယ် ကြီးရင့်လာတဲ့အထိ သားသမီးတစ်ယောက်မှထွန်းကားဘူး၊ ဒီတော့ သူဟာ သားသမီးလိုချင်ဇောနဲ့ ခရီးထွက်ခဲ့တယ်။ သူ အဲဒီလို ခရီးသွားရင်းနဲ့ ကလေးတွေ့မယ်လို့ ထင်သလား၊ါ့မေးခွန်းကို မဖြေနိုင်ရင် ငါပြောတာ ဆက်နားထောင်ပေါ့၊ သူ

ဘာတွေ့သလဲဆိုတော့ မြွေငယ်လေးတစ်ကောင်ကို တွေ့တယ်၊ ငါ့မိတ်ဆွေ အဘိုးကြီးဟာ သုံးရက်တိတိ ခရီးဆက်ခဲ့တာဆိုတော့ သိပ်လည်း ဆာနေပြီး ခရီးလည်း ဆက်ပြီး သွားလို့ မရတော့ဘူး၊ ဒါကြောင့် အဲဒီမြွေလေးကိုပဲ သားအဖြစ်နဲ့မှတ်ပြီး သူ့ရဲ့ လက်ကိုင်ပဝါထဲ သေသေချာချာထည့်ပြီး ယူခဲ့တယ်။

အိမ်ရောက်တော့လည်း အဲဒီမြွေလေးကို အရသာပြည့်ဝတဲ့ နွားနို့ကို တိုက်ကျွေးတယ်၊ ဒီလိုနဲ့ မြွေဟာ တဖြည်းဖြည်း ကြီးလာတယ်၊ တစ်နေ့တော့ အဲဒီမြွေဟာ ကွှလုားထိုင်ပေါ်မှာထိုင်ပြီး ငါ့သူငယ်ချင်းကို ပြောတယ်။

"အဖေ ကျွန်တော်လည်း အရွယ်ရောက်လာပြီဖြစ်လို့ ကျွန်တော့်အတွက် သတို့သမီးရွေးဖို့ အချိန်ရောက်လာပါပြီ၊ ဒါကြောင့် ဒီမြို့နဲ့ အနီးဆုံးက ဘုရင်ဆီ အဖေသွားပြီး ဘုရင့်သမီးကို ကျွန်တော်နဲ့ လက်ထပ်ဖို့ သွားပြောပေးပါ၊ သမီးတော်ဆိုတော့ မင်းသမီးလေးပေါ့ ဖေဖေရယ်" လို့ ပြောတယ်။

ငါ့သူငယ်ချင်းဟာ ခေါင်းကို လက်နဲ့ဖိပြီး ငိုတော့တာပါပဲ။ "အို သားရယ်၊ အဖေ ဘုရင့်ဆီသွားပြီး မင်းပြောတဲ့စကားတွေ ပြောရင် ငါ့ကို သတ်လိုက်မှာပေါ့" လို့ ရှင်းပြတယ်။

ဒီတော့ မြွေက "မစိုးရိမ်ပါနဲ့ အဖေရယ်၊ သူ့သမီးကို လက်ထပ်ဖို့အတွက် ကျွန်တော်တို့ ဘာတွေ တင်ပြီးတောင်းရမလဲဆိုတာ အဖေ ကမေးပါ၊ သူတောင်းတာလည်း ဘာပဲဖြစ်ဖြစ် ပေးပါ့မယ်ဆိုပြီး ကတိပေးခဲ့ပါ၊ ကျွန်တော် သူလိုချင်တာကို ရအောင် လုပ်ပေးပါ့မယ်" လို့ ပြောတယ်။

အဘိုးကြီးဟာ အနီးဆုံးတိုင်းပြည်က ဘုရင်ကြီးရှေ့မှောက်ကို ခရီးဆက်ရတယ်။ ဘုရင်ကြီးကတော့ ရွှေရောင်သလွန်ပေါ်မှာ အခန့်သား ထိုင်နေတာပေါ့။ ဘုရင်ကြီးရှေ့ ရောက်တယ်ဆိုရင်ပဲ အဘိုးကြီးက "ဘုန်းကြီးတော်မူလှသော အရှင်မင်းကြီး ကျန်းမာပါ

စေကြောင်း ဆုတောင်းပတ္တနာ ပြုပါတယ်ဘုရား" လို့ လျှောက်တယ်၊ အဲဒီအခါမှာ ဘုရင်ကြီးက "ကျေးဇူးတင်ပါတယ် အဘိုးကြီး" လို့ ပြန်ဖြေတယ်။

ငါ့သူငယ်ချင်းအဘိုးကြီးက "အရှင်မင်းကြီး၏ သမီးတော်နှင့် ကျွန်တော်မျိုး၏သား လက်ဆက်ပေးရန်အတွက် ရောက်ရှိလာရပါတယ် ဘုရား" လို့ လျှောက်တယ်။

ဘုရင်ကြီးက "အို မဟုတ်တာကွာ၊ ငါက ဘုရင် မင်းက အိမ်ခြေရာခြေမရှိတဲ့ ဂျစ်ပစီတစ်ယောက်ပဲ" လို့ ပြောတယ်။

အဘိုးကြီး "အဆင့်အတန်းကွာခြားတာ အကြောင်းမဟုတ်ပါ ဘုရား၊ အရှင်မင်းကြီး၏ သမီးတော်ကို ကျွန်တော်မျိုး၏သားနှင့် သဘောတူပါက အရှင်မင်းကြီး အလိုရှိသော အရာအားလုံးကို ကျွန်တော်မျိုး ပေးပါ့မယ်" လို့ လျှောက်တင်တယ်။

ဘုရင်ကြီးက ဘာပြန်ပြောတယ် ထင်သလဲ။ ဘုရင်ကြီးက "ကောင်းပြီ အဘိုးကြီး၊ မင်း ဟိုတောအုပ်ကြီး တွေ့တယ်မဟုတ်လား၊ အဲဒီ သစ်တောအုပ်ကို ခုတ်ထွင်ရှင်းလင်းပြီး မြေပြန့်ဖြစ်သွားအောင် လုပ်ပေတော့၊ မြေကြီးကို သေသေချာချာထွန်ပြီး မြေကြီးတွေ အထက်အောက်လှန်ပြီး ဖွပေးရမယ်၊ ပြီးတော့ ဂျုံပင်ကို စိုက်ပျိုးရမယ်၊ အဲဒီဂျုံပင်တွေ ရှင်သန်လာရင် ရိတ်သိမ်း၊ အစေ့ခြွေပြီး ကိတ်တစ်လုံး ဖုတ်ပေးရမယ်၊ အေး အရေးကြီးတာက အဲဒီကိတ်ကို နက်ဖြန်နေ့လယ်မှာ ငါ့ဆီကို ယူလာဖို့ပဲ၊ ဒါဆိုရင်တော့ မင်း ငါ့သမီးတော် မင်းသမီးလေးကို ရလိမ့်မယ်" လို့ ပြောတယ်။

ငါ့သူငယ်ချင်းကလည်း "ကောင်းပါပြီ အရှင်မင်းကြီး" လို့ ကတိပေးတယ်။ ဒါပေမဲ့ လမ်းတစ်လျှောက်လုံး ငိုယိုပြီးလာတာ သူနေတဲ့ တဲအိမ်ကို ရောက်သည်အထိပါပဲ။

မြွေက သူ့ဖခင် ငိုပြီးပြန်လာတာ မြင်လို့ "ဘာဖြစ်လို့ ဒီလောက် စိတ်ထိခိုက်ရတာလဲ ဖေဖေ" လို့ မေးတယ်။

အဘိုးကြီးက "ငါ မငိုဘဲ မနေနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ ဒီသစ်တောအုပ်ကြီးကို ရှင်းလင်း မြေညြဖာတွေ ပြုစုပျိုးထောင်ရမယ်၊ ပြီးရင် အဲဒီမြေကြီးပေါ်မှာ ဂျုံစေ့ကို ပျိုးရမယ်၊ အဲဒီကမှတစ်ဆင့် ကိတ်တစ်လုံးဖုတ်ပြီး နက်ဖြန်ခါနေ့လယ်မှာ ဘုရင်ကြီးကို ဆက်ရမယ်။ ဒါမှသာ မင်းနဲ့လက်ထပ်ဖို့အတွက် ဘုရင့်သမီးတော်ကို ငါ့ကို ပေးလိမ့်မယ်" လို့ ရှင်းပြတယ်။

မြွေက "ကဲ အဖေပင်ပန်းလှပါပြီ၊ အနားယူပြီး အိပ်လိုက်ပါဦး၊ ဒီကိစ္စတွေအားလုံး ကျွန်တော့်တာဝန်ထားလိုက်ပါ" လို့ ပြောတယ်။

ငါ့သူငယ်ချင်းဟာ တစ်ညလုံး အိပ်လိုက်တာ နောက်တစ်နေ့ မနက်မှ နိုးတယ်။ သူ့ရဲ့အိမ်ဘေးမှာ တောအုပ်ကြီး လုံးဝမရှိတော့ဘဲ မှည့်ဝင်းနေတဲ့ လယ်ကွင်းကြီးကိုပဲ တွေ့ရတယ်။ ဒါနဲ့ ငါ့သူငယ်ချင်းဟာ ဂျုံပင်တွေကို ရိတ်သိမ်းပြီး သူလိုသလောက် ကြိတ်ခွဲပြီး ကိတ်တစ်လုံး ဖုတ်လိုက်တယ်။

နောက် အဲဒီကိတ်မုန့်ကိုယူပြီး နေ့လယ် ၁၂ နာရီခေါက်တဲ့ အချိန်မှာ ဘုရင့်ရှေ့မှောက်ကို ရောက်သွားတယ်။

"ဒီမှာ အရှင်မင်းကြီး၊ အလိုရှိတဲ့ကိတ်မုန့်ကို ကျွန်တော်မျိုး ဖုတ်ပြီးပါပြီ" လို့ ပြောပြီး ဆက်သလိုက်တယ်။

ဘုရင်ကြီးလည်း အတော်အံ့ညြသွားတယ်။ ဒါပေမဲ့ ဘုရင်ကြီးက "မင်း နောက်အလုပ်တစ်ခုတော့ လုပ်ပြပါဦး၊ ဒါမှ မင်းတို့ မိသားစုဟာ ငါ့သမီးနဲ့ ထိုက်တန်တဲ့ အိမ်မိသားစု ဟုတ်၊ မဟုတ် သိရအောင်။ တခြားတော့ မဟုတ်ပါဘူး၊ ငါ့နန်းတော်ကနေ မင်းတို့ တဲအိမ်အထိ ရွှေတံတားကြီးကို ဆောက်ပေးပါ။ အဲဒီတံတားရဲ့ တစ်ဖက်တစ်ချက်စီမှာ ရွှေပန်းသီးနှင့် ရွှေမာလကာသီးပင်တွေကို စိုက်ထားပါ၊ ဒါဆိုရင်တော့ မင်းသမီးလေးကို မင်းတို့ ပိုင်ပါပြီ" လို့ ပြောတယ်။

အဘိုးအိုဟာ ငိုယိုပြီး အိမ်ပြန်လာပြန်တယ်။ ဒါပေမဲ့ မြွေက တော့ အကြောင်းစုံ သိရပြီးတဲ့နောက် "အဖေရာ စိတ်မပူပါနဲ့၊ အေး အေးဆေးဆေးသာ သွားပြီး အိပ်စမ်းပါ၊ ကျန်တဲ့ကိစ္စတွေ ကျွန်တော့် တာဝန်ထားပါ" လို့ ပြောတယ်။

ဒါနဲ့ ငါ့မိတ်ဆွေလည်း အေးအေးချမ်းချမ်းနဲ့ အိပ်ရာဝင်ခဲ့ တယ်။ ဒါပေမဲ့ ဘုရင်ကြီးကတော့ ကောင်းကောင်း မအိပ်ရရှာဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အလွန်လင်းတဲ့ အရောင်တွေဟာ သူ့အခန်း မှန်မှာလာပြီး အရောင်ဟပ်နေလို့ ဘုရင်ကြီး အိပ်ရာက လန့်ပြီးနိုးခဲ့ ရတယ်။ ဒါ့ကြောင့် ကျေးကျွန်တွေကိုခေါ်ပြီး သူ့ကို မနက်မိုးလင်းပြီး နေထွက်နေတာကို လာပြီးမနှိုးလို့ အပြစ်တင်တယ်။

မှူးမတ်တွေကလည်း "အရှင်မင်းကြီး၊ ယခု ညသန်းခေါင်ယံ အချိန်သာ ရှိပါသေးတယ်" လို့ တင်လျှောက်ကြတယ်။

ဒါနဲ့ ဘုရင်ကြီးဟာ သူ့ပြတင်းပေါက်ကနေပြီး အပြင်ကို လှမ်း ကြည့်တယ်၊ အဲဒီကမှသာ အလွန်ကြီးမားတဲ့ ရွှေရောင်တံတားကြီးကို တွေ့ရတယ်။ အဲဒီ ရွှေရောင်တံတားကို လရောင်နဲ့ ရောင်ပြန်ဟပ်ပြီး ဘုရင့်အခန်းထဲမှာ လင်းနေခြင်း ဖြစ်တာကိုး။

ငါ့သူငယ်ချင်း အဘိုးကြီးဟာ နောက်တစ်နေ့ နန်းတော်ကို ရောက်ရောက်ချင်း ဘုရင်ကြီးရှေ့မှောက်မှာ မတ်တတ်ရပ်ပြီး "မင်္ဂလာ နံနက်ခင်းပါ မိတ်ဆွေကြီး" လို့ ဆိုပြီး နှုတ်ဆက်တယ်။

ဘုရင်ကြီးကလည်း "မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေ" လို့ ပြန်ပြီး ပြောတယ်။ ပြီးတော့မှ "ခင်ဗျားရဲ့သားကို ခေါ်ပြီးသာ လာ ပါတော့၊ ခင်ဗျားပြန်ရောက်လာတဲ့အခါ ငါ့သမီးတော်ကို အဆင်သင့် ဖြစ်ပါစေမယ်" လို့ ပြောတယ်။

ငါ့သူငယ်ချင်းရဲ့ အပြန်ခရီးကတော့ မြင်းလှည်းကို ရွှေရောင် တဖိတ်ဖိတ်တောက်နေတဲ့ တံတားပေါ်ကိုဖြတ်လာပြီး မြင်းလှည်း ပေါ်မှာ မြွေကို တခမ်းတနား တင်လာတာဆိုတော့ ဘုရင်ကြီးက

ကြောက်လွန်းလို့ ထွက်တောင်မှ ပြေးချင်ရှာတယ်တဲ့။

ဒါပေမဲ့ ပညာရှိအမတ်တွေက "အရှင်မင်းကြီး၊ ကတိပေးပြီးသားဖြစ်တဲ့အတွက် ဒီကတိအတိုင်း လုပ်ဆောင်ရပါလိမ့်မယ်"လို့ ပြောကြတယ်။ ဒါနဲ့ ဘုရင်လည်း သူ့ကတိအတိုင်း သမီးတော်ကို မြွေလေးလက်ထဲထည့်လိုက်ရတယ်။ မင်းသမီးလေးဟာ သိပ်ကို ကြောက်နေရှာတယ်။ "ငါ့ကို မကြောက်ပါနဲ့ ဇနီးလေး" လို့ မြွေက ပြောတယ်။ "ငါက ငါလိုချင်တာရဖို့ တစ်ချက်ပဲရှိတယ်၊ အခု ငါ လိုချင်တာ ငါရပြီဖြစ်တယ်၊ ငါ့ကို ကြည့်စမ်းပါ" လို့ ပြောလိုက်တယ်။

မြွေဟာ မင်းသမီးလေးရှေ့မှောက်မှာ တစ်ပတ်လှည့်လိုက်တဲ့အခါမှာ အလွန်လှပတဲ့ လူရွယ်လေးအသွင် ပြောင်းသွားပြီး ရွှေရောင်သံချပ်ကာ အင်္ကျီကို ဝတ်ဆင်ထားတယ်။ ဒါနဲ့ မင်းသမီးလေးဟာ ထိုလူရွယ်ထံ ပြေးသွားပြီး နမ်းလိုက်တယ်။ ပြီးတော့ ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်နေရှာတယ်။ ဒါနဲ့ ဘုရင်ကြီးဟာ မင်္ဂလာအခမ်းအနားကို သုံးနေ့နဲ့ သုံးညတိုင် ကျင်းပပေးတယ်။ လူတိုင်းဟာ ပျော်ရွှင်နေကြတယ်။ ငါလည်း ပျော်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင် အဲဒီမင်္ဂလာဆောင်ကို ဖိတ်ကြားခြင်း ခံရလို့ပဲ။ အခုလည်း ငါ အဲဒီ မင်္ဂလာဆောင်က ပျော်ရွှင်ပြီး ပြန်လာတာပဲ။ ကဲ တွေ့ပြီ မဟုတ်လား။ ငါပြောတဲ့ အကြောင်းတွေက တကယ့်အဖြစ်အပျက်ဆိုတာလေ"

❒



ကံကောင်းသူ
ကုန်သည်လေး
(ဘာမိုး)

## ကံကောင်းသူ ကုန်သည်လေး

ဟိုးလွန်လေပြီးသော နှစ်ပေါင်းများစွာက ဆာမိုး (SAMOS) အမည်တွင်သောကျွန်းတွင် ဒက်စီစရီယွန်ဟု အမည်တွင်သော ကုန်သည်လေး တစ်ယောက် ရှိသည်။ ထိုကျွန်းပေါ်တွင် နေထိုင်သော ကုန်သည်တိုင်း လိုလိုသည် ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် အခက်အခဲမရှိဘဲ ချမ်းသာကြသည်ချည်းသာ ဖြစ်သည်။ သို့သော် ဒက်စီစရီယွန် တစ်ယောက်မှာမူ နေထိုင်စားသောက်ရန် အတော်လေးရုန်းကန်ရလေသည်။

ကုန်သည်ကြီးများ၏ လုပ်ငန်းမှာ သူတို့မြို့မှထွက်စဉ် သင်္ဘောပေါ်တွင် မြေအိုးများတင်၍ ထိုမြေအိုးများတွင် ဆာမိုးကျွန်းထွက် ဝိုင်အရက်များထည့်ကာ ခရီးထွက်ကြသည်။ သူတို့သည် အနောက်ဘက်သို့ ရွက်လွှင့်၍ အေသင် သို့မဟုတ် စစ္စလီကျွန်းသို့လည်းကောင်း၊ ခရိကျွန်းမြောက်ဘက် သို့မဟုတ် အီဂျစ်သို့လည်းကောင်း၊ ဂုဒ်ကျွန်းကိုပတ်၍ အရှေ့ဘက် ဆိုက်ပရပ်နှင့် ဘေးပတ်ဝန်းကျင်သို့လည်းကောင်း ခရီးဆက်ကြသည်။ ပြီးမှ အပြန်ခရီးဖြစ်သော ဆာမိုးကျွန်းသို့ ပြန်ကြသည်။ အပြန်ခရီးတွင် ယူသွားသော ဝိုင်အရက်များအားလုံး ရောင်းခဲ့ကြပြီ ဖြစ်သည်။

ပြီး နေမင်းကြီးကလည်း ထွန်းလင်းတောက်ပနေတယ်၊ ငါ့မှာ ရန်သူလည်း မရှိဘူး၊ ဒီတော့ ငါ့စိတ်ထဲမှာ လက်ခံယုံကြည်ထားတာက အချစ်နဲ့ အလှနတ်သမီးဖြစ်တဲ့ အက်ဖရိုဒိုက် APHRODITE ဟာ ငါ့ကိုစောင့်ရှောက်မယ်၊ အကူအညီပေးမယ်ဆိုတာပဲ" ဟု ပြောပြသည်။

ထိုစကားအဆုံးတွင် ဒက်စီစရီယွန်သည် ပျော်ရွှင်စွာဖြင့် သီချင်းဆို၍ ထွက်ခဲ့သည်။ သူယုံကြည်ကိုးစားသော နတ်သမီးလေး အက်ဖရိုဒိုက်၏ အကူအညီကိုလည်း ဆုတောင်းလျက်ရှိသည်။

နောက်ဆုံးတွင် ဒက်စီစရီယွန်သည် ကုန်ကူးရန်အတွက် ကုန်းကောက်စရာမရှိအောင် ဆင်းရဲသွားသည်။ ရောင်းစရာကုန်လည်း လုံးဝမရှိတော့ချေ။ သူ့တွင် သင်္ဘောငယ်တစ်စင်းနှင့် မြေအိုးအလွတ်များသာ ရှိတော့သည်။ သူ၏မိတ်ဆွေ ကုန်သည်အပေါင်းကလည်း သူ့အဖြစ်ကို ကြည့်ကာ အားရပါးရ ရယ်မောပြောင်လှောင်ကြလေသည်။ ယခင်က ဆိုက်ပရပ်စ်ကျွန်းဆီသို့ သူ့ကျွန်းထွက် ဝိုင်အရက်များသယ်၍ ခရီးထွက်စဉ်ကပင် လှောင်ပြောင်ရယ်မောကြသည်။ သူဘယ်လိုများ စားသောက်နေထိုင်ပါမည်နည်း။

ကြည့်ရသည်မှာ သူ အားထားယုံကြည်သော အက်ဖရိုဒိုက်နတ်သမီးသည်ပင် သူ့အဖြစ်ကို ရယ်မောနေမည်လား မသိပေ။ သူနောက်ဆုံးအခေါက် ကုန်ရောင်းသွားရန် မပြင်ဆင်ခင်က ဒက်စီစရီယွန်သည် ချစ်သူတွေ့သွားသည်။ သူ၏ချစ်သူမှာ ထိုဆာမိုးကျွန်းရှိ အလွန်လှပသော မိန်းမပျိုဖြစ်သည်။ ထိုမိန်းမပျိုကလည်း ဒက်စီစရီယွန်ကို ပြန်၍ချစ်သည်။ သို့သော် ချမ်းသာသော မိန်းမပျို၏ဖခင် သူဌေးကြီးက ဒက်စီစရီယွန်လို ဆင်းရဲသောလုလင်ပျိုနှင့် လက်ထပ်ရန် လုံးဝသဘောမတူချေ။

မိန်းမပျို၏ဖခင်က "မင်း ဆိုက်ပရပ်စ်ကျွန်းထွက်ပစ္စည်းတွေ အပြည့်တင်ပြီး ပြန်လာနိုင်ရင်တော့ ငါ့ရဲ့သမီးနဲ့ လက်ထပ်ဖို့ ငါသဘောတူမယ်၊ နောက်ပြီး မင်း နောက်တစ်ခါ ကုန်ကူးဖို့အတွက်

အပြန်ခရီးတွင် ယူသွားသောမြေအိုးများအစား ရွှေဒင်္ဂါးနှင့် ဂျုံပြောင်းများကို အီဂျစ်မှလည်းကောင်း၊ ဆီနှင့်ပျားရည်၊ လှပသော အနုပညာပစ္စည်းများကို အေသင်မှလည်းကောင်း၊ ရှားပါးပြီး အဖိုးတန်သော အဝတ်အထည်များနှင့် ခရမ်းရောင်အဝတ်စများကို ဆိုက်ပရပ်စ်ကျွန်းတစ်ဝိုက်ရှိ အရှေ့နိုင်ငံများမှလည်းကောင်း သယ်ဆောင်လာကြသည်။

ဒက်စီစရီယွန်အဖို့မူ အထက်ပါကုန်သည်များလို ကြွယ်ဝမှု မရှိချေ။ သူ၏သင်္ဘောများ ရွက်လွှင့်လိုက်လျှင် အလွန်ကြမ်းတမ်းသော မုန်တိုင်း တိုက်ခတ်မှုနှင့် ဆုံရသည်။ ထို့ကြောင့် သင်္ဘောရေထဲ မနစ်မြုပ်စေရန် စပါး၊ ဂျုံ၊ ပြောင်းများ၊ ဝိုင်အရက်များကို ရေထဲသို့ သွန်ပစ်ကြရခြင်းဖြင့် ဆုံးရှုံးခဲ့ရလေသည်။ ပင်လယ်ဓားပြတို့ သင်္ဘောတစ်စင်းကို တိုက်ပြီဆိုပါက ထိုသင်္ဘောသည် ဒက်စီစရီယွန်၏ သင်္ဘောသာ ဖြစ်လေသည်။ သို့မဟုတ်ပါကလည်း အန္တရာယ်များလှသောကမ်းခြေတွင် ပျက်စီးခြင်းခံရသည်မှာလည်း သူ၏ သင်္ဘောပင် ဖြစ်သည်။

ဒက်စီစရီယွန်သည် ယခုကဲ့သို့ ပစ္စည်းများ ဆုံးရှုံးပျက်စီးရသော်လည်း ဘယ်သောအခါမှ စိတ်ညစ်ခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ဒုက္ခရောက်ခြင်း မရှိချေ။ မည်သည့်ဒုက္ခနှင့်ပဲတွေ့တွေ့ သူ့အိမ်ရှိရာ ဆာမိုးသို့ သင်္ဘောကို ရသည့်လမ်းမှ မောင်းနှင်ကာ ပြန်ခဲ့သည်ချည်းပင်ဖြစ်သည်။

ဒက်စီစရီယွန်သည် စုတ်ပြတ်သော အင်္ကျီများနှင့် တွေ့၍ ရယ်မောကြသည့် အခြားကုန်သည်များကို ဘယ်တော့မှစိတ်မဆိုးချေ။

သူက "မင်းတို့တစ်တွေ အိမ်အကြီးကြီးတွေမှာ နေကြပြီး အဝတ်အစားကောင်းကောင်း ဝတ်တာတို့၊ နေ့တိုင်း ပွဲတော်ကြီးကျင်းပပြီး အမဲသား၊ ငါးလတ်လတ်ဆတ်ဆတ်တွေ စားကြတာ၊ ရှားပါးတဲ့ဝိုင်အရက်တွေ သောက်ကြတာကို မနာလို လုံးဝမဖြစ်ပါဘူး။ ငါဟာ ကျန်းမာတယ်၊ လွတ်လပ်တယ်၊ ပျော်ရွှင်တယ်၊ အဲ နောက်

သင်္ဘောသုံးစင်းစာ အပြည့်ရှိတဲ့ ဝိုင်အရက်တွေ လက်ဖွဲ့မယ်" ဟု ပြောသည်။

စကားအဆုံးတွင် အဘိုးကြီးသည် သဘောကျလွန်းသဖြင့် အော်ဟစ်၍ ရယ်မောနေသည်မှာ မဆုံးနိုင်အောင်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤမျှဆင်းရဲနေသော ဒက်စီစရီယွန်သည် သင်္ဘောငယ်တစ်စင်းနှင့် မြေအိုးလွတ်များနှင့် ဘယ်လိုလုပ်ပြီး ကုန်ကူးနိုင်ပါမည်နည်း။

ဒက်စီစရီယွန်သည် အက်ဖရိုဒိုက်နတ်သမီးရုပ်တု၏ ရှေ့မှောက်တွင် ဒူးထောက်ချကာ သူ့ကို အကူအညီပေးရန် ဆုတောင်းပတ္ထနာ ပြုရုံမှလွဲ၍ သူ့တွင်ပြုလုပ်စရာ ဘာမှမရှိပေ။ ထိုနေ့ညက ကြင်နာ သနားတတ်သော နတ်သမီးလေးသည် ဒက်စီစရီယွန်ကို အိပ်မက် ထဲတွင် လာရောက်တွေ့ဆုံကာ ထူးဆန်းသော အကြံဉာဏ်များ ပေး လေသည်။

နောက်တစ်နေ့တွင် ဒက်စီစရီယွန်သည် ဆိုက်ပရပ်စ်သို့ ကုန်ကူးရန် သွားမည်ဖြစ်ကြောင်း ပြောဆိုသည်။ ဆာမိုးကျွန်းရှိ လူ အများသည် တဟားဟားရယ်မော ပြောင်လှောင်ကာ သင်္ဘောဆိပ်သို့ လိုက်ပို့ကြသည်။ ကျွန်းသားများကို အပြစ်ပြော၍လည်း မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ဒက်စီစရီယွန်သည် သင်္ဘောပေါ်ရှိ မြေအိုး များထဲတွင် အရက်များထည့်ရမည့်အစား ရေရိုးရိုးများသာ ထည့်ထား လေသည်။

ဒက်စီစရီယွန်သည် သူ၏ နတ်သမီးလေး အက်ဖရိုဒိုက်၏ စကားကို လုံးဝယုံကြည်စွာ ရွက်လွှင့်ခဲ့ရာ လမ်းတွင် ဆိုက်ပရပ်စ်ကျွန်း ၌ ဆာမိုးကျွန်းထွက် ဝိုင်အရက်များ ရောင်းချပြီး အဖိုးတန်ရွှေများ၊ ပိုးထည်များ၊ အဝတ်အစားများ သယ်ဆောင်လာသော သင်္ဘောများနှင့် တွေ့ဆုံသည်။ ထိုလှေများသည် ကျွန်းနှင့်ဝေးကွာလာသည်မှာ ကြာပြီ ဖြစ်သော်လည်း လေမတိုက်သဖြင့် ရေလယ်တွင် ဒုက္ခရောက်နေကြ

သော သင်္ဘောများဖြစ်လေသည်။ ရက်များစွာ ရွက်လွှင့်လာသော်လည်း လုံးဝဇလမတိုက်သဖြင့် သင်္ဘောမှာ တဖြည်းဖြည်း ကမ်းနှင့် ဝေးလာလေ ဖြစ်နေသည်။ သူတို့သင်္ဘောပေါ်တွင်ပါလာသော ဝိုင်အရက်နှင့် ရေတို့မှာ ဤမျှရက်အတွက် လုံလောက်ခြင်းမရှိချေ။ ထို့ကြောင့် သင်္ဘောသားများမှာ ရေငတ်သဖြင့် သေလုမြောပါး ခံစားနေရသည်။

ဒက်စီစရီယွန်သည် ထိုသင်္ဘောများနားသို့ ရောက်သောအခါ "ခင်ဗျားတို့အတွက် အလွန်အဖိုးတန်တဲ့ကုန်တွေ ရောင်းဖို့ပါတယ်"ဟု ပြောလိုက်သည်။ အလွန်ချမ်းသာကြွယ်ဝသော ကုန်သည်ကြီးတို့မှာ သူတို့လက်ထဲရှိ အဖိုးတန်ပစ္စည်းများထက် များစွာအဖိုးတန်သောရေကို အဆများစွာပေး၍ ဝယ်ကြသည်။

ဒက်စီစရီယွန်သည် သူ၏သင်္ဘောပေါ်မှာ တင်လာသော ရေများကို ရောင်းချပြီးသည့်အချိန်တွင် သူ၏သင်္ဘောထဲတွင် ကျောက်သံပတ္တမြားနှင့် အဖိုးတန်ရတနာများက အပြည့်ဖြစ်နေပေပြီ။ ထိုစဉ်လေကလည်း ချက်ချင်းပင် တိုက်ခတ်လိုက်ရာ လှေအားလုံးသည် ဆာမိုးကျွန်းဆီသို့ ချောချောမောမော ပြန်ရောက်ကြလေသည်။

ထိုအခါ ဒက်စီစရီယွန်သည် သူ၏သင်္ဘောပေါ်တွင် တင်၍ သယ်ဆောင်လာသော ပစ္စည်းများကို လက်ညှိုးညွှန်ပြကာ ဂုဏ်ယူဝင့်ကြွားနေလေသည်။ သူ၏သင်္ဘောပေါ်မှ ပစ္စည်းများသည် ဆာမိုးကျွန်းရှိ သင်္ဘောအားလုံးလောက်နီးနီး၏ အဖိုးတန်ပစ္စည်းအားလုံးပင် ဖြစ်သည်။ သို့နှင့် သူလက်ထပ်လိုသော သတို့သမီးကို ရယူလက်ထပ်ခဲ့ရလေသည်။ သူ၏ဇနီးသည်သည် ကံကောင်းသော အမျိုးသမီးဖြစ်သဖြင့် ဒက်စီစရီယွန်သည် နောက်ပိုင်းတွင် ခရီးသွားတိုင်း သူသယ်ဆောင်သွားသော ကုန်များ၏ အဆ တစ်ဆယ်တန်ဖိုးရှိသော ပစ္စည်းများနှင့် ပြန်လာသည်ချည်းပင် ဖြစ်သည်။

သို့သော် ဒက်စီစရီယွန်သည် သူ၏ကျေးဇူးရှင် အချစ်နတ်သမီးလေး အက်ဖရိုဒိုက်ကို ဘယ်တော့မှ မမေ့ချေ။ ထို့ကြောင့် ဆာမိုးကျွန်း

တွင် ရာစုနှစ်များစွာတိုင်အောင် ဒက်စီစရီယွန်၏ အက်ဖရိုဒိုက် ရွှေနတ်သမီးရုပ်တုသည် ထင်ရှားခဲ့လေသည်။

❐



နတ်မြင်းပျံ (ပြင်သစ်)

## နတ်မြင်းပွဲ

HOLLOWEENPARTY ဟော်လိုးဝင်းပါတီသည် နှစ်စဉ် အောက်တိုဘာလ (၃၁) ရက်နေ့တွင် ကျင်းပတတ်သည်။ ထိုနေ့တွင် ရွှေဖရုံသီးများအထဲမှ အသားများထုတ်ပြီး မျက်လုံး၊ ပါးစပ်၊ နှာခေါင်းပေါက်များတွင် ထွင်းပြီး လူခေါင်းပုံစံ ထိုရွှေဖရုံသီးများကို မီးပုံးလုပ်ပြီး ဖယောင်းတိုင်များ ထွန်းညှိကာ အလှပြင်ကြသည်။ ထိုရက်တွင် မွေးသောကလေးသည် တခြားနေ့တွင် မွေးသောကလေးများထက် အကြားအမြင်တွင် ပို၍ရှိသည်ဟု အယူရှိသည်။

ဟော်လိုးဝင်းပါတီသည် ခရစ်တော် မပေါ်မီကတည်းက ရှိခဲ့သည်။ ထိုနေ့ကို စုန်းကဝေနတ်များ၏နေ့အဖြစ် သတ်မှတ်ပူဇော်ကျင်းပကြခြင်းဖြစ်သည်။ ယခုအခါတွင် အပျော်သဘောဖြင့် မျက်နှာဖုံးများစွပ်ပြီး အဝတ်အစားဆန်းများ ဝတ်ဆင်ကာ ကျင်းပကြသည်။ ကလေးများကလည်း ထိုနေ့တွင် အိမ်များသို့လှည့်လည်၍ မုန့်ဖိုးတောင်းကြသည်။

ယခုဖော်ပြသော ပြင်သစ်ပုံပြင်သည် ထိုပါတီကျင်းပသည့်နေ့ကို နောက်ခံထားပြီး ရေးသားထားခြင်းဖြစ်သည်။

အဘွားအို ပက်ကီသည် ထင်းမီးဖိုပုလေးထဲရှိ ထင်းများကို တုတ်တစ်ချောင်းဖြင့် ထိုးဆွလိုက်ရာ မီးစများ တဖျပ်ဖျပ် ထွက်လာပြီး မီးတောက်ကြီး ဖြစ်လာသည်။

"ဒီကနေ့ညတော့ ငါ့မြေးတို့အားလုံး အိမ်မှာပဲနေကြတာ ကောင်းလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ ဟော်လိုးဝင်း ပွဲတော်နေ့ပဲ၊ ဒီနေ့မှာ စုန်းကဝေတွေဟာ သူတို့ရဲ့တန်ခိုးတွေ သိပ် စွမ်းတဲ့ည ဖြစ်တယ်၊ နောက်ပြီး သူတို့ရဲ့မှင်စာတွေဟာ သူတို့ကိုယ် သူတို့ ပုံစံမျိုးဖန်ဆင်းပြီး ကလေးတွေကို ဒုက္ခဖြစ်စေတတ်တယ်" ဟု ရှင်းပြလေသည်။

ထိုစကားအဆုံးတွင် ကလေးများသည် အဘွားအို၏စကားကို အလေးအနက်မထားဘဲ ရယ်မောကြလေသည်။ ထိုကလေးများထဲမှ ဆယ်ကျော်သက်အရွယ်ကလေးက "ဘာဖြစ်လို့ ဒီအဘွားကြီးရဲ့ မဟုတ်က ဟုတ်က ပုံပြင်ကို ယုံရမှာလဲကွ၊ ဂရုစိုက်စရာမလိုပါဘူး၊ ငါ့ချစ်သူနဲ့တွေ့ဖို့ ချိန်းထားတယ်၊ သူက ကြိုးကျစ်တဲ့အဘိုးကြီးရဲ့ တစ်ဦးတည်းသော သမီးချောပေါ့၊ သူက ဒီကနေ့ည လမဝင်မချင်း ငါ့ကို မျှော်နေမှာကွ" ဟု ပြောသည်။

ဒုတိယကလေးကမူ "ငါကတော့ ပုစွန်တွေ ငါးတွေထောင် ထားတဲ့ အိုးတွေ သေသေချာချာ ရှိ၊ မရှိ သွားကြည့်ရဦးမယ်၊ ဒီကမ္ဘာ လောကကြီးထဲမှာ ဘယ်စုန်းကဝေဖြစ်ဖြစ်၊ သူတို့ရဲ့ နောက်လိုက် မှင်စာတွေပဲဖြစ်ဖြစ် ငါ့ကို ဘယ်သူမှမတားနိုင်ပါဘူး" ဟု ပြောလေ သည်။

ကလေးတိုင်းသည် အဘွားအိုစကားကို ဆန့်ကျင်တာ တဟား ဟားရယ်မော၍ နေကြသည်။ အဘွားအို၏ သတိပေးချက်ကို မယုံကြည်ကြချေ။ အငယ်ဆုံး ကလေးတစ်ယောက်သာလျှင် ခေါင်းမှိုစဉ်းစားပြီးနေသည်။ ကလေးမှာ အလွန်ငယ်လွန်းသော ယောကျ်ား လေးတစ်ယောက် ဖြစ်သည်။

အဘွားအိုပက်ကီသည် ထိုကလေးငယ်၏ လက်နှစ်ဖက်ကို ကိုင်၍ "ကလေးရယ် အဘွားနဲ့နေခဲ့ပါ၊ ငါ မင်းကို ပုံပြင်လှလှလေး တွေ၊ မင်း တစ်ခါမှ မကြားဖူးသေးတဲ့ ပုံပြင်တွေ ပြောပြပါ့မယ်" ဟု

ချော့မော့တောင်းပန်သည်။

အဘွားအိုက ကလေးကိုတားမြစ်နေစဉ် ကလေးအသီးသီးသည် အိမ်အပြင်သို့ ထွက်သွားကြပြီ ဖြစ်သည်။ ကလေးငယ်မှာလည်း အပြင်သို့ လိုက်ချင်လှပေပြီ။ ထို့ကြောင့် အဘွားအိုအား "ကျွန်တော် လသာတုန်း သစ်ကိုင်းခြောက်လေးတွေ သွားပြီးကောက်လိုက်ဦးမယ်၊ မဟုတ်ရင် တခြားလူတွေက ကျွန်တော့်ကို လူကြောက်ကြီးဆိုပြီး ဝိုင်းဟားကြလိမ့်မယ်၊ ကျွန်တော် ချက်ချင်းပြန်လာပါ့မယ်" ဟု ပြန်ပြောလေသည်။

အဘွားအို၏ အိမ်အပြင်တွင် ကလေးများသည် စုဝေးလျက် "ဒီအဘွားကြီးက တကယ့်ကို ကြောင်တယ်ကွ၊ ဒီလောက် လသာပြီး သာယာနေတဲ့ညမှာ ဘာကြောက်စရာရှိလို့လဲ၊ မုန်တိုင်းကျမယ့် အရိပ်လက္ခဏာလည်း မရှိဘူး၊ စုန်းကဝေတွေ၊ သူတို့ရဲ့မှင်စာတွေဆိုတာ လည်း အလကားပါကွာ၊ မရှိပါဘူး၊ သူတို့ကိုယုံကြည်နေတဲ့ ပက်ကီ လို အဘွားအို၊ အဘိုးအိုတွေကြောင့် ဒီစကားတွေ ကြားနေရတာပါ၊ ငါတို့လူငယ်တွေက သူတို့ထက် အများကြီး သိလည်းသိ၊ နားလည်း နားလည်ပါတယ်" ဟု ပြောဆိုနေကြသည်။

ကလေးများသည် စုဝေးကာ လရောင်အောက်တွင် တစ်စု တဝေးကြီး ဝိုင်းကြီးပတ်ပတ်လည်ကာ ကနေကြသည်။ မကြာမီ အနက်ရောင် မြင်းကြီးတစ်ကောင်ကို တွေ့ကြလေသည်။

အကြီးဆုံးကလေးက "ဟိုမှာကြည့်စမ်း၊ ဒါဟာ ရှေးက ဗလ် လင်တိုင်း၊ မြားနတ်မောင်ရဲ့ မြင်းလေးပဲကွ၊ ဒါ သူ့မြင်းဇောင်းက လွတ်ပြီး ထွက်လာတာထင်တယ်၊ ကြည့်ရတာ ရေကန်မှာ ရေသွား သောက်မလို့ ထင်တယ်" ဟု ပြောလိုက်သည်။

မြင်းနက်ကြီးသည် ကလေးများရှိရာဆီသို့ တဖြည်းဖြည်းချင်း လျှောက်လာသည်။ သူ၏စုံစံမှာ မိတ်ဆွေဖွဲ့လိုသည့် ပုံစံဖြင့် ချဉ်း ကပ်လာရာ ကလေးများက လည်ဆံမွေးကို ပွတ်သပ်ပေးကြရာ ငြိမ်၍

ခဲ့နေသည်။ ကလေးအကြီးများက "ဒီမြင်းကို ဒီကနေပြီး အဝေး မသွားစေနဲ့ဟေ့၊ ငါမြင်းပေါ်တက်စီးပြီး ဒီအနားက ရေကန်မှာ ရေသွားတိုက်မယ်ဟေ့" ဟု ပြောင်လေသည်။

တခြားကလေးများကလည်း အားကျမခံ "အမယ် မြင်းကျော ကုန်းပေါ်မှာ တို့အားလုံး စီးလို့ရပါတယ်ကွာ" ဟု ပြောပြောဆိုဆို မြင်းပေါ်သို့ တွယ်၍ တက်ကြလေသည်။ အငယ်ဆုံးကလေးငယ်မှာ လည်း လိုက်ချင်လွန်းသဖြင့် မြင်းပေါ်သို့ တွယ်၍တက်လေသည်။

ကလေးများအားလုံး မြင်းပေါ်တက်ပြီးသည်နှင့် မြင်းသည် ထွက်သွားသည်။ ထိုကဲ့သို့ မြင်းဖြင့် စီး၍သွားစဉ် လမ်းတစ်လျှောက် တွင် သူတို့၏ မိတ်ဆွေသူငယ်ချင်းများကို တွေ့ကြသည်။

မြင်းပေါ်မှ ကလေးများက "ဟေ့ တို့နဲ့အတူလိုက်ပြီး မြင်း စီးပါလားဟေ့" ဟု အော်ဟစ်ကာခေါ်ကြလေသည်။ မြင်းမှာလည်း သူ့ကျောပေါ်တွင် ကလေးများ မည်မျှများစေကာမူ ဂရုစိုက်ပုံ မရပေ။ မြင်းသွားနှုန်းမှာ တဖြည်းဖြည်း မြန်သထက် မြန်လာလေသည်။

မြင်းသွားနှုန်းမြန်လေ ကလေးတွေက ပို၍ပျော်ရွှင်လေ ဖြစ် ကြသည်။ ပါးစပ်မှ "မြန်မြန်လေးမောင်းပါ မြင်းလေးရေ၊ မြန်မြန်ဗျ မြန်မြန်" ဟု အော်ဟစ်လျက်ရှိသည်။ "ဒီနေ့က ဟော်လိုးဝင်းဖြစ်တော့ ဒီထက်မြန်မြန်လေးသာ ပြေးစမ်းပါဗျာ၊ ဒါမှ စုန်းမကြီးတွေနဲ့ မှင်စာ တွေ ဖမ်းလို့မရနိုင်မှာ" ဟု ကလေးတစ်ယောက်က ပြောလိုက်ရာ တခြားကလေးများမှာ တဝါးဝါးနှင့် အော်ဟစ်ရယ်မောကြလေသည်။

မြင်းသွားနှုန်းမြန်လာစဉ် လေသည် တိမ်များကို အဟုန်ဖြင့် တိုက်လျက် ရှိလေသည်။ မြင်းသည် ရေကန်ဆီသို့ တူရူသွားရမည့် အစား ပင်လယ်ကမ်းခြေဆီသို့ ဦးတည်စွာသွားနေသည်။ ပင်လယ် ပြင်၏ လှိုင်းပုတ်သံကို အတိုင်းသား ကြားနေရလေသည်။

အကြီးဆုံးဖြစ်သူ ကလေးက "ငါ့ချစ်သူ မျက်လုံးပြာလေးဆီ သွားရမယ်၊ ဒီမြင်းကို ရပ်နိုင်းလိုက်ပါဦး၊ ဒါမှ ဒီမုန်တိုင်းမပြင်းခင်

ငါတို့ အိမ်ကို ပြန်ရောက်ရအောင်" ဟု ပြောလေသည်။

မြင်းကသောကြိုးကို ဆွဲ၍ လည်းကောင်း၊ ခြေထောက်ဖြင့် ဖိ၍ သော်လည်းကောင်း မြင်းကိုရပ်အောင် ကြိုးစားသော်လည်း မြင်းသည် ကဆုန်ပေါက်ချကာ မြန်သထက် မြန်အောင် ပြေးလျက် ရှိလေသည်။ နောက်ဆုံးတွင် ပင်လယ်၏လှိုင်းများကို မြင်ရသည်အထိ နီးကပ်လာလေသည်။

မြင်းသည် ပင်လယ်ကမ်းခြေမှတစ်ဆင့် ကြီးမားသော လှိုင်းလုံးများရှိရာဆီသို့ ဦးတည်၍သွားလေသည်။ ကလေးများမှာ အလွန်ကြောက်ရွံ့သဖြင့် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်၍လည်းကောင်း၊ မြင်း၏ လည်ပင်းကိုဖက်၍လည်းကောင်း ငိုကြွေးနေကြလေသည်။

အကြီးဆုံး ကလေးက "ဒီမြင်းက စုန်းကဝေမြင်းကြီးပဲ" ဟု အော်ပြောသည်။

အခြား ကလေးများကလည်း "ငါတို့ ဘွားဘွားပက်ကီရဲ့ စကားကို နားမထောင်မိလို့ အခုလို ဖြစ်တာပဲ" ဟု ပြောဆိုကြသည်။

မြင်းသည် ပင်လယ်ဆီသို့ဦးတည်၍ သွားလိုက်သည်မှာ ကလေးများအားလုံး လှိုင်းများဖြင့် လုံး၍ အစအန မမြင်ရတော့သည် အထိ ဖြစ်သည်။

နောက်တစ်နေ့ မိုးသောက်ချိန်သို့ရောက်သောအခါ အဘွားအို ပက်ကီသည် အိမ်ပတ်ဝန်းကျင်တွင်ထွက်၍ ကလေးများနာမည်များကို ခေါ်နေလေသည်။ ကလေးများထံမှ ပြန်ထူးသံ လုံးဝ မကြားရချေ။ ကလေးများကို ညက မြင်လိုက်ရသူလည်း တစ်ဦးတစ်ယောက်မှ မရှိချေ။ ကြိုးဆိုင်ပိုင်ရှင် ဂျက်ကော့ (ဖ) ၏ သမီးလေး မျက်လုံးပြာ ပိုင်ရှင်လေးကလည်း သူတို့ကိုမတွေ့ကြောင်း ပြောလေသည်။

အိမ်အပြန်လမ်းခရီးတွင် အဘွားအိုပက်ကီသည် ခေါင်းငုံ့ကာ နှမ်းလျစွာဖြင့် လမ်းလျှောက်လာစဉ် ပင်လယ်ကမ်းစပ်တွင် အနက်

ရောင် မြင်းကလေးတစ်ကောင်သည် ပျော်ရွှင်စွာဖြင့် လှိုင်းစီးနေသည်ကို တွေ့ရလေသည်။ စိတ်ထဲ မသင်္ကာသဖြင့် အဘွားအိုပက်ကီသည် မြင်း၏ရှေ့တွင် ရပ်ကာ ကြည့်နေစဉ် မြင်းသည် အဘွားအိုကို နင်းရန် ဟန်ပြင်လေသည်။ အဘွားအိုက လက်ဝါးကပ်တိုင်သဏ္ဌာန် လက်ဖြင့် ပြလိုက်သည်။

မြင်းနက်ကြီးသည် ချက်ချင်းပင် ပျောက်ကွယ်သွားလေသည်။

❒

# ရှင်မွေးလွန်းနှင့် မင်းနန္ဒာ

(ရှင်မွေးလွန်းနှင့် မင်းနန္ဒာတို့အကြောင်း ပုံပြင်သည် မြန်မာလူမျိုး အတော်များများ ကြိုက်နှစ်သက်ကြသော ပုံပြင်ဖြစ်သည်။ သနားစဖွယ် ကောင်းသော ဇာတ်လမ်းအဖြစ်နှင့်လည်း နှမြောတသစွာ ပြောဆိုကြသော ပုံပြင်လည်း ဖြစ်သည်။)

ပုံပြင်၏အစမှာ သန်လျင်ပြည့်ရှင် ဘုရင်မင်းမြတ်သည် မအိပ်နိုင်၊ မစားနိုင်အောင် ပူပင်သောကရောက်လျက် ရှိသည်။ ဘုရင်မင်းမြတ်သည် သလွန်စောင်းပေါ်တွင် ဘယ်လူးညာလိမ့်ဖြင့် ဆောက်တည်ရာမရ ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် မိဖုရားကြီးသည် ကိုယ်ဝန်နေ့စေ့လစေ့ဖြင့် မဖွားမြင်သေးသောကြောင့် ဖြစ်သည်။ ဘုရင်ကြီးမှာ မိဖုရားကြီး၏အဆောင်မှ သတင်းစကား ဘာမျှမကြားရလေ စိတ်ဒုက္ခရောက်ရလေ ဖြစ်သည်။

နံနက်မိုးသောက်သို့ ရောက်သောအခါ ဘုရင်ကြီးမှာ စိတ်မထိန်းနိုင်တော့ဘဲ မိဖုရားကြီး၏အဆောင်သို့ ကိုယ်တော်တိုင် သွားရောက်လေသည်။ မိဖုရားကြီး၏ အဆောင်အဝင်ဝတွင် ဘုရင့်သက်တော်ရှည်အမတ်ကြီးများနှင့် အထိန်းတော်များမှာ စုဝေးလျက်ရှိသည်ကို တွေ့ရသည်။ အကြောင်းမှာ မိဖုရားကြီးသည် မီးမဖွားနိုင်ဘဲ ကွယ်လွန်အနိစ္စရောက်သွားသောကြောင့် ဖြစ်သည်။ ဘုရင်ကြီးမှာ မိဖုရားကြီးရော ထီးမွေဆက်ခံမည့် ရင်သွေးတော်ပါ ဆုံးရှုံးရပေပြီ။

မိဖုရားကြီးအား မင်းခမ်းမင်းနားဖြင့် သဂြိုဟ်ရပေမည်။ ထို့ကြောင့် မိဖုရားကြီး၏အလောင်းကို သုသာန်သို့ သယ်ဆောင်သွားကြသည်။ ဘုရင်ကြီးမှာလည်း သူ၏အဆောင်သို့ ပြန်ကြွသွားသည်။ ဝန်ကြီးအချို့က သုသာန်ရှိ မိဖုရားကြီး၏သလွန်ဆောင်းတွင် စောင့်ရှောက်လျက်ရှိသည်။ သုသာန်မြေမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ထိုစဉ် ကလေးငယ်၏ငိုကြွေးသံ ပေါ်ထွက်လာသည်။ အစောင့်ဝန်ကြီးများလည်း အံ့ဩစွာဖြင့် သွားရောက်၍ ကြည့်သောအခါ မိဖုရားကြီး၏ ကိုယ်ထဲမှ သန္ဓေသားသည် သူ့ အချိန်ရောက်သဖြင့် အလိုလို မွေးဖွားလာခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဝန်ကြီးများလည်း မွေးစကလေး သမီးတော်လေးအား ပွေ့ချီပြီး ဘုရင်ကြီးထံသို့ ထိုသတင်းကို သွားရောက်ပို့စေသည်။ ဘုရင်ကြီးမှာ မိဖုရားကြီး ကွယ်လွန်သဖြင့် စိတ်ဆင်းရဲနေရာမှ ယခုလို သမီးတော်လေး ဖွားမြင်သည်ကို သိရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ သို့သော် သမီးတော်လေးမှာ သုသာန်တွင်မွေးဖွားသဖြင့် နန်းတော်သို့ ယူဆောင်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် အထိန်းတော်၊ အချီတော်များ စေလွှတ်၍ သမီးတော်ကို စောင့်ရှောက်စေလေသည်။ သမီးတော်ကိုလည်း ရှင်မွေးလွန်းဟု ခေါ်တွင်စေသည်။ သမီးတော်အား သုသာန်မြေတွင် မှန်နန်းဆောင်ဆောက်လုပ်၍ စံစားစေသည်။ သမီးတော်လေးသည် အရွယ်ရောက်လာသောအခါ အလွန်လှပလျက် သန်လျင်ဘုရင်၏သမီးတော် အဖြစ်ထင်ပေါ်လာသည်။

သန်လျင်မြို့၏ မြစ်တစ်ဖက်ကမ်းတွင်ရှိသော ဒဂုံမြို့၏အရှင်သခင် ဥက္ကလာပဘုရင်ကြီးတွင် မင်းနန္ဒာဟုအမည်တွင်သော သားတော်တစ်ပါးသာ ရှိသည်။ ဘုရင်ကြီးမှာ တစ်ဦးတည်းသော သားတော်အတွက် ပူပင်သောက ရောက်လျက်ရှိသည်။ အကြောင်းမှာ ဘုရင့်ဗေဒင်ပညာရှိများက သားတော်သည် ရေသတ္တဝါများ၏ရန်ကြောင့် အသက်ဆုံးရှုံးရမည်ဟု ဟောထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဘုရင်

ကို စောင့်ရှောက်လျက်ရှိသော သိကြားမင်းက မင်းသားလေးအား ရေသတ္တဝါများအား နိုင်စေသည့် ကြိမ်စကြာကို ပေးထားသည်။

တစ်နေ့တွင် မင်းသားလေးသည် နန်းတော်မှ မြစ်ရေကိုလှမ်း၍ ကြည့်နေသည်။ ထိုစဉ် မြစ်၏တစ်ဖက်ကမ်းတွင် အလွန်ကျယ်ပြန့်သော သစ်တောအုပ်ထဲရှိ အဆောက်အအုံတစ်ခုကို လှမ်း၍တွေ့လေသည်။ ထို့ကြောင့် မင်းသားလေးသည် ထိုနေရာတွင် မည်သူနေသည်ကို သိလိုသဖြင့် မိမိ၏ အချစ်တော်ကြက်တူရွေးကို စုံစမ်းရန် စေလွှတ်သည်။

ကြက်တူရွေးလည်း မြစ်ကိုဖြတ်သန်းပြီး မင်းသားစုံစမ်းလိုသော သစ်တောအုပ်သို့ ရောက်သောအခါ သုသာန်မြေပေါ်တွင် နန်းတော်ပြာသာဒ်တည်ဆောက်ကာ နေထိုင်သော သန်လျင်ပြည့်ရှင်၏ သမီးတော် ရှင်မွေးလွန်းကို တွေ့လေသည်။ ကြက်တူရွေးသည် မင်းသမီးလေးအား သူ့သခင် မင်းသားအကြောင်းကို ပြောပြသည်။ မင်းသမီးလေးမှာ မင်းနန္ဒာ၏အကြောင်းကို ကြားရသည်နှင့် ချက်ချင်းချစ်ခင်မိလေသည်။ တစ်ဖန် ကြက်တူရွေးသည် မင်းနန္ဒာထံသို့ ပြန်သွားပြီး ရှင်မွေးလွန်း၏လှပပုံကို ပြောပြသည်။ မင်းနန္ဒာမှာလည်း ချက်ချင်းပင် ချစ်ခင်စုံမက်သွားသည်။ သို့နှင့် တစ်ဦးနှင့်တစ်ဦး မတွေ့ဖူးကြဘဲ မင်းသားနှင့် မင်းသမီးလေးတို့သည် ချစ်ခင်လျက်ရှိသည်။

မင်းသားလေးမှာ မင်းသမီးလေးထံ သွားရောက်လည်ပတ်ရန် ကြံစည်သည်။ ထို့ကြောင့် မြစ်ကမ်းစပ်သို့သွားပြီး မြစ်ပြင်ကို သိကြားမင်း ပေးထားသော ကြိမ်စကြာဖြင့် သုံးကြိမ်တိတိ ရိုက်လေသည်။ ချက်ချင်းပင် မိကျောင်းတို့၏အရှင် ငမိုးရိပ်မိကျောင်းသည် ရေပေါ်မှာ ပေါ်လာပြီး မင်းသားကို ခစားလေသည်။ ပြီးလျှင် မင်းသားလေးအား သူ၏ ကျောကုန်းပေါ်တင်ပြီး မြစ်တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း လျှောက်တင်သည်။ မင်းသားလေးလည်း ငမိုးရိပ်၏

ကျောကုန်းပေါ်တက်ပြီး တစ်ဖက်ကမ်း သန်လျင်သို့ ကူးခဲ့သည်။ သို့နှင့် မင်းသားလေးမင်းနန္ဒာသည် ညစဉ် ဒဂုံမှ သန်လျင်သို့ ကူးလျက်ရှိသည်။ မနက်အရုဏ်တက်သည်နှင့် ငမိုးရိပ်ကို စီးကာ ဒဂုံသို့ ပြန်နေဖြစ်သည်။

အချစ်စစ် အချစ်မှန်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိဟူသော စကားနှင့်အညီ ပြဿနာပေါ်လာသည်။ ၎င်းမှာ ရေအောက်တွင်ရှိသော ရေသတ္တဝါတို့သည် ငမိုးရိပ်ကို မကျေမနပ်ဖြစ်လျက် ရှိကြခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် မင်းနန္ဒာနှင့် ငမိုးရိပ်တို့ ဒုက္ခရောက်စေရန် ကြံစည်လျက်ရှိသည်။ ငမိုးရိပ်သည် မင်းနန္ဒာ၏ ဘုန်းတန်ခိုးကြောင့် ရေသတ္တဝါတို့အပေါ်တွင် အမြဲ အနိုင်ကျင့်လျက်ရှိသည်။ ထိုအခါ ရေသတ္တဝါတို့က မင်းနန္ဒာ အသက်ရှင်နေသမျှ ကာလပတ်လုံး ငမိုးရိပ်ကို သူတို့ မနိုင်နိုင်ဟု စဉ်းစားမိသည်။ ထို့ကြောင့် သူတို့သည် မင်းသားလေးကို သတ်ရန် ကြံစည်ကြသည်။

ထိုစဉ် ဒဂုံပြည့်ရှင် ဘုရင်ကြီးသည် သူ၏ဝန်ကြီးများကိုခေါ်၍ သူ၏သားတော် သန်လျင်သို့ ညအချိန်သွားရောက်နေမှုကို တားဆီးရန် တိုင်ပင်သည်။ နောက်နေ့သည် ဗေဒင်ပညာအလိုအရ မင်းနန္ဒာ အသက်ဆုံးရှုံးရမည့်နေ့ ဖြစ်သည်။ ထို့ကြောင့် ဘုရင်ကြီးသည် ညစဉ် သားတော်သည် ငမိုးရိပ်မိကျောင်း အကူအညီဖြင့် တစ်ဖက်ကမ်းသို့ကူးကြောင်း သိရှိပြီးဖြစ်သဖြင့် ကြိမ်စကြာကို ဝှက်ထားလိုက်သည်။

နောက်တစ်နေ့ညတွင် မင်းနန္ဒာသည် ဒဂုံမှသန်လျင်သို့ ကူးရန် ရေစပ်သို့ရောက်သောအခါ ငမိုးရိပ်ကို မျက်စိမျက်နှာမကောင်းစွာဖြင့် တွေ့ရသည်။ မင်းနန္ဒာမင်းသားလေးက အကျိုးအကြောင်းမေးသောအခါ "အရှင်သား ကျွန်ုပ်ကို မလိုလားသော မိကျောင်းတို့က ကျွန်ုပ်၏ထီးနန်းကို လုယူရန် ကြံစည်လျက်ရှိကြပါသည်။ ထို့ကြောင့် ယနေ့တွင် သန်လျင်သို့ မကူးပါရန် လျှောက်ထားရပါသည်" ဟု သတိပေးစကား ပြောလေသည်။ မင်းသားလေးမှာ ငမိုးရိပ်၏ သတိ

ပေးစကားကို နားမထောင်ချေ။ သူချစ်သူ ရှင်မွေးလွန်း မင်းသမီးကို သာ တွေ့လိုလေသည်။

မင်းသားလေးမှာ တစ်ညလုံး မင်းသမီးလေးနှင့် ပျော်ရွှင်စွာ နေပြီး မနက်အရုဏ်တက်တွင် ဒဂုံသို့ပြန်ရန် ကမ်းစပ်သို့ ဆင်းလာ သည်။ ထိုစဉ် မိုးကောင်းကင်မှာ တိမ်မည်းများဖုံးအုပ်လျက် လေ မှာလည်း ပြင်းပြင်းထန်ထန် တိုက်လျက်ရှိသည်။ လေပြင်းတိုက်ခတ်မှု ကြောင့် မင်းသမီးလေးတို့နေရာ တောအုပ်တွင် သစ်ပင်အချို့ လဲပြို ကြသည်။ မင်းသမီးလေးက စိုးရိမ်သဖြင့် မင်းသားလေးအား ထိုတစ်ရက် သန်လျင်မှာပင် နေလိုက်ရန် တောင်းပန်သည်။

ထိုအခါ မင်းနန္ဒာမင်းသားက "သွားခွင့်ပြုပါ အချစ်ရယ်၊ တကယ်လို့ ဒီမုန်တိုင်းမှာ သေဆုံးရမယ်ဆိုရင် သေပါစေ၊ ငါတို့ နှစ်ယောက်ကို ဘယ်သူမှ ခွဲလို့မရပါဘူး၊ သေပြီးတဲ့နောက်ပိုင်းမှာ ပြန်ပြီးဆုံကြမှာပါ" ဟု ပြောသည်။ ထို့ကြောင့် မင်းသမီးလေး တား ဆီးသည်ကို လက်မခံဘဲ မြစ်ဆိပ်သို့ ဆင်းခဲ့သည်။ မြစ်ဆိပ်တွင် ငမိုးရိပ်သည် စိုးရိမ်စွာဖြင့် စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ "အရှင့်သား ယခုလို ရာသီဥတု ပြင်းထန်နေချိန်တွင် တစ်ဖက်ကမ်းသို့ ကူးရန် မသင့်ပါ" ဟု လျှောက်တင်သည်။ မင်းသားက ငမိုးရိပ် လျှောက် တင်ချက်ကို လုံးဝ လက်မခံချေ။ မင်းသားလေးသည် ခမည်းတော် မသိအောင် သန်လျင်ကိုလာရောက်ရခြင်းဖြစ်သဖြင့် ဒဂုံကို မိုးမလင်းမီ အရောက်သွားပြီး အဆောင်တော်တွင် ပြန်၍ ဟန်မပျက်နေလိုသည်။ သို့သော် မင်းသားလေး၏ ရေသတ္တဝါများကိုနိုင်သော ကြိမ်စကြာ မှာလည်း ခမည်းတော်ဘုရင်ကြီးက သိမ်းဆည်းထားသောကြောင့် မရှိချေ။ ထို့ကြောင့် ရေလမ်းခရီးကို ယခုလို မုန်တိုင်းထန်ချိန်တွင် သွားရန်မသင့်ဟု ငမိုးရိပ်က တားမြစ်ခြင်းဖြစ်သည်။ နောက်ဆုံးတွင် မင်းသားလေးကို တားမြစ်၍ မရသောကြောင့် ငမိုးရိပ်က မင်းသား လေးအား သူ၏အာခံတွင်းတွင် ဝင်ရောက်၍နေရန် ပြောဆိုသည်။

လမ်းခရီးတွင် တွေ့မည့်ရန်သူကို သူက တိုက်ခိုက်သွားမည်ဟု လျှောက်တင်သည်။ မင်းသားလေးမှာလည်း ခမည်းတော်မသိအောင် ပြန်ရောက်ရန်မှာ ဤနည်းလမ်းတစ်ခုသာရှိသဖြင့် သဘောတူလေသည်။

ငမိုးရိပ်မိကျောင်းသည် ရာသီဥတုကြမ်းကြမ်းထဲတွင် လေးဘက်လေးတန်မှ ငါးများ၊ မိကျောင်းများ တိုက်ခိုက်သည်ကို ကြံ့ကြံ့ခံပြီး ဒဂုံရွှေမြို့တော်ရှိရာ သဲသောင်သို့ ကူးခတ်ခဲ့ရသည်။ သဲသောင်ပေါ်သို့ ရောက်သောအခါ မောမောနှင့် အိပ်ပျော်သွားသည်။ သူ၏ အာခံတွင်းတွင် ငုံလာသော မင်းသားလေး မင်းနန္ဒာကို ပြန်၍ထုတ်ရန် မေ့သွားသည်။

ဒဂုံပြည့်ရှင်မင်းတရားကြီးသည် သားတော်သည် ကြိမ်စကြာမပါဘဲ သန်လျင်ကိုသွားရောက်ကြောင်း သိသောအခါ အလွန်စိတ်ပူလေသည်။ အဘယ်ကြောင့်ဆိုသော် ဤနေ့သည် သူ့သားအတွက် အသက်ဆုံးရှုံးရမည့်နေ့ဖြစ်ကြောင်း သိနေသဖြင့် ပို၍ သောကရောက်ရသည်။ ထို့ကြောင့် ရေပြင်ကို ကြိမ်စကြာဖြင့်ရိုက်၍ ငမိုးရိပ်ကို ခေါ်လေသည်။ ထိုအခါ ကြိမ်စကြာဖြင့် ရေပြင်ကိုရိုက်၍ သုံးကြိမ်မြောက်တွင် ငမိုးရိပ်သည် အိပ်ရာမှ နိုးလာပြီး လန်းလန်းဆန်းဆန်းဖြင့် သူ့ပါးစပ်အတွင်းတွင် မင်းသားလေး မင်းနန္ဒာကို ငုံထားကြောင်း သတိရလာသည်။ ထို့ကြောင့် ချက်ချင်းပင် မင်းသားလေးကို ငုံထားရာမှ ထုတ်လိုက်သည်။ သို့သော် မင်းသားလေးမှာ အသက်မရှိတော့ပေ။ ထို့ကြောင့် ငမိုးရိပ်သည် မင်းသားလေးအလောင်းကို သယ်ဆောင်လျက် ဘုရင်ကြီးထံ အခစားဝင်ရလေသည်။

ရှင်မွေးလွန်းမှာ သန်လျင်တစ်ဖက်မှနေ၍ မင်းနန္ဒာ၏အလာကို စောင့်မျှော်နေသော်လည်း ပေါ်မလာချေ။ ထိုအခါ ဤမျှပြင်းထန်သောလေမုန်တိုင်းကြောင့် မင်းသားလေး သေဆုံးပြီဟု သဘောပေါက်လာသည်။ ထို့ကြောင့် မင်းသမီးလေးမှာ ပူဆွေးသောကရောက်ပြီး

ငိုကြွေးရင်း သလွန်ပေါ်တွင် နတ်ရွာစံလေသည်။

ထို့ကြောင့် ရှင်မွေးလွန်းနှင့် မင်းနန္ဒာတို့၏ အလောင်းကို တစ်နေ့တည်း တစ်ချိန်တည်းမှာပင် မြစ်၏တစ်ဖက်တစ်ချက်စီတွင် မီးသဂြိုဟ်ကြသည်။ ထိုအချိန်တွင် မိုးကောင်းကင်တွင် တိမ်များ ကင်းစင်လျက် မြစ်ပြင်မှာလည်း ငြိမ်သက်လျက်ရှိသည်။ မြစ်၏ ကမ်းတစ်ဖက်တစ်ချက်စီတွင်ရှိသော တိုင်းသူပြည်သားများသည် မင်းသားလေးနှင့် မင်းသမီးလေးတို့၏ မီးသဂြိုဟ်သည့် အခမ်းအနားကို ငေးမောကြည့်ရှုလျက်ရှိသည်။ မီးခိုးများမှာ တဖြည်းဖြည်းနှင့် မိုးကောင်း ကင်ဆီသို့ လွင့်တက်လျက် နောက်ဆုံးတွင် ကောင်းကင်တွင် တွေ့ ဆုံသွားကြသည်မှာ အံ့ဩဖွယ် ဖြစ်လေသည်။ မင်းနန္ဒာ ပြောသော စကားသို့ပင် သူတို့ချစ်သူနှစ်ဦး သေဆုံးပြီးနောက် နောင်တမလွန် ဘဝတွင် သွားရောက်တွေ့ဆုံကြသည့် အတိတ်နိမိတ်ပင်ဖြစ်သည်။

❒

## ငမိုးရိပ်မိကျောင်း

ဟိုးရှေးရှေးက အင်းစိန်နှင့် မလှမ်းမကမ်းတွင်ရှိသော ရွာလေးတစ်ရွာတွင် အဘိုးအိုနှင့် အဘွားအိုလင်မယားသည် ခဝါအလုပ်ကို လုပ်ကိုင်ပြီး နေထိုင်ကြသည်။ တစ်နေ့တွင် မနက်ခင်း အဝတ်လျှော်ရန်အတွက် မြစ်ဆိပ်သို့အသွားတွင် ရေစပ်၌ ထူးဆန်းသော ဥကြီးတစ်လုံးကို တွေ့ကြလေသည်။ ခဝါသည်လင်မယားမှာ အလွန်ကြီးမားသော ဥကြီးကို ကြည့်ပြီး မည်သည့်သတ္တဝါ၏ဥဖြစ်သည်ကို ဆုံးဖြတ်၍ မရနိုင်ဘဲ အိမ်သို့သယ်ဆောင်လာကြသည်။ အိမ်သို့ရောက်သောအခါ စဉ့်အိုးတစ်လုံးထဲတွင် ထည့်ထားသည်။ ရက်အနည်းငယ်ကြာသောအခါ ထိုဥမှ မိကျောင်းကလေးတစ်ကောင် ပေါက်လာသည်။ ထိုမိကျောင်းကို အဘိုးအိုလင်မယားက ငမိုးရိပ်ဟု မှည့်ခေါ်သည်။ သားသမီးလည်း မရှိ၊ အဖော်လည်း တစ်ဦးတစ်ယောက်မှ မရှိသော အဘိုးအိုတို့လင်မယားမှာ ငမိုးရိပ်ကို အလွန်ချစ်ခင်လေသည်။ ထို့ကြောင့် လင်မယားနှစ်ယောက် တစ်ယောက်တစ်လှည့် အစာကျွေးရာ ငမိုးရိပ်သည် ခဏာတွင်းပင် ကြီးထွားလာသည်။ ထို့ကြောင့် မြစ်ကမ်းစပ်တွင် ဝါးထရံကာလျက် ငမိုးရိပ်ကို ထားရသည်။

တစ်နေ့တွင် အမေအိုသည် ငမိုးရိပ်ကို အစာကျွေးရန်အလှည့်ရောက်သဖြင့် ကမ်းစပ်သို့သွားလေသည်။ ငမိုးရိပ်သည် အမေအိုက

သူ့အား အစာကျွေးနေစဉ် သူ၏မိကျောင်းစရိုက် ပေါ်လာပြီး လူသား စားလိုစိတ် ပေါ်လာသည်။ ထို့ကြောင့် အမေအိုအား ဝါးမျိုလိုက်သည်။ အဘိုးအိုသည် ထိုအဖြစ်ကိုသိသောအခါ ငမိုးရိပ်အား နောင်အခါတွင် ယခုလို စိတ်မထိန်းနိုင်ဘဲ မပြုလုပ်ရန် သတိပေးသည်။ ငမိုးရိပ်မှာ သူပြုမိသည့်ပြစ်မှုအတွက် နောင်တရကာ ဝမ်းနည်းမဆုံးဖြစ်သည်။

နောက်တစ်နေ့တွင် အဘိုးအိုသည် ငမိုးရိပ်စားရန်အတွက် အစားအစာများ ယူဆောင်ကာ ကမ်းစပ်သို့ရောက်လာသည်။ ငမိုးရိပ်မှာ လူသားတစ်ခါစားဖူးပြီဖြစ်၍ နောက်တစ်ခါ စားချင်စိတ်ကို မထိန်းနိုင်တော့ချေ။ ထို့ကြောင့် အဘိုးအိုအား အစာကျွေးနေစဉ် ပါးစပ်ဖြင့်ဟပ်ပြီး မျိုရန် ကြိုးစားသည်။ အဘိုးအိုသည် ငမိုးရိပ် မမျိုချင် နောင်ဘဝတွင် သူ့ဇနီးနှင့် သူ့ကို ကျေးဇူးကန်းပြီး သတ်စားသော ဤမိကျောင်းကို ကလဲ့စားချေရသူ ဖြစ်ပါစေကြောင်း ဆုတောင်းသည်။ ငမိုးရိပ်သည် အဘိုးအိုအား စားပြီးနောက် ဝါးထရံကို ကျော်ဖြတ်ကာ မြစ်ထဲသို့ ကူးသွားသည်။

ထိုကဲ့သို့ ငမိုးရိပ်က သူ့ကျေးဇူးရှင် အဘွားအို၊ အဘိုးအိုတို့ကို စားပြီး မြစ်ထဲသို့ထွက်သွားသည့် သတင်းသည် အနီးအဝေး ရွာများဆီသို့ ပျံ့နှံ့သွားလေသည်။ အမှန်မှာ ငမိုးရိပ်သည် သိကြားမင်း၏ သား ဖြစ်သည်။ သိကြားမင်းသည် လူ့ပြည်မှ မယ်လမုနှင့် အကြောင်း ပါပြီး နတ်ပြည်သို့ပြန်သွားရာ မယ်လမုတွင် ကိုယ်ဝန်နှင့် ကျန်ခဲ့သည်။ ထိုအခါ သိကြားမင်းက မယ်လမုသောက်သုံးရန် သိကြားရေစင်ကို နတ်သားတစ်ပါးကို စေလွှတ်၍ ပေးဆက်စေသည်။ ထိုနတ်သားသည် ချိုးငှက်အသွင်ဖန်ဆင်း၍ လူ့ပြည်သို့ ရေစင်အဆက်သွားသည်။ လမ်းခရီးတွင် ရေစင်အချို့သည် လမ်းတွင် ဖိတ်ကျရာ တစ်စက်သည် ငမိုးရိပ်၏မိခင် မိကျောင်းမသည်လည်းကောင်း၊ တစ်စက်သည် သမင်မ သည်လည်းကောင်း၊ တစ်စက်သည် ဆင်မသည်လည်းကောင်း သောက်သုံးမိသည်။ မယ်လမုသည် နောင်အခါ ဒဂုံပြည့်ရှင်ဖြစ်လာသည့်

ဥက္ကလာပမင်းကြီးကို ဖွားတော်မူသည်။ ထိုဥက္ကလာပမင်းကြီးသည် ရွှေတိဂုံကို တည်တော်မူသော ဘုရင်ဖြစ်သည်။ သိကြားရေစင်ကို သောက်သုံးမိသော မိကျောင်းမသည် ငမိုးရိပ်ကို ဖွားသန့်စင်သည်။ ထို့ကြောင့် ငမိုးရိပ်သည် သိကြားမင်း၏သားဖြစ်သည်ဟု ဆိုခြင်း ဖြစ်သည်။

ထို့ကြောင့် ငမိုးရိပ်သည် သိကြားမင်း၏ ဘုန်းတန်ခိုးကြောင့် သူ့ကိုယ်သူ ပုံသဏ္ဍာန်မျိုးစုံ ဖန်ဆင်း၍ရလေသည်။ ငမိုးရိပ်သည် အသက်ကြီးလာသည်နှင့်အမျှ တန်ခိုးမှာလည်း ကြီးထွားလာသည်။ ထို့ကြောင့် သူနေထိုင်ရာ မြစ်ကြောင်းတစ်လျှောက်တွင် ယှဉ်ပြိုင်မည့်သူ မရှိဘဲ ရေသတ္တဝါတို့၏ ဘုရင်ဖြစ်လာသည်။ သူ ဘုရင်ဖြစ်လာသောအခါ သူ၏ တိုင်းသူပြည်သား ရေသတ္တဝါတို့အပေါ် အလွန်ရက်စက်လေသည်။ သူရှိသေရသောသူမှာ ဒဂုံပြည့်ရှင် ဥက္ကလာပမင်းတရားကြီး၏သားတော် မင်းနန္ဒာဖြစ်သည်။ မင်းနန္ဒာသည် ငမိုးရိပ်ကိုစီးကာ ဒဂုံတစ်ဖက်ကမ်းမြို့ဖြစ်သော သန်လျင်သို့ သွားလေ့ရှိသည်။

တစ်နေ့တွင် ငမိုးရိပ်သည် လူ့အသွင်ဖန်ဆင်း၍ မြစ်ကမ်းစပ်တွင် လမ်းလျှောက်နေစဉ် မင်းသမီးတစ်ပါးသည် ရေချိုးဆင်းသည်ကို တွေ့ရသည်။ ငမိုးရိပ်သည် ထိုမင်းသမီးကို မြင်မြင်ချင်း ချစ်ခင်စုံမက်မိသည်။ ထို့ကြောင့် ထိုမင်းသမီးကို ခိုးယူကာ ကျွန်းတစ်ကျွန်းပေါ်တွင် ထားလိုက်သည်။ ထိုသို့ထားပြီး မကြာမီတွင် မင်းသမီးလေးကို မတွေ့ခင်က ချစ်ခဲ့ဖူးသော မိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်သည်။ အချိန်များကုန်ဆုံးလာပြီး ငမိုးရိပ်သည် မင်းသမီးလေးကို ကျွန်းပေါ်တွင်ထားခဲ့သည်ကို မေ့လျော့သွားသည်။ ထိုအခါ ထိုမင်းသမီးလေး၏ဖခင် ဘုရင်ကြီးသည် သမီးတော်အတွက် သောကရောက်ရသဖြင့် သမီးတော်ကို ရှာပေးနိုင်သူအား သမီးတော်နှင့် လက်ဆက်ပေးစားမည်ဟု ကြေညာလေသည်။

ထိုအခါ လုလင်တစ်ယောက်သည် ဘုရင့်ထံ အခစားဝင်ပြီး မင်းသမီးလေးကို ခိုးယူသူမှာ ငမိုးရိပ်မိကျောင်းဖြစ်ကြောင်း၊ ထိုမိကျောင်းကို ဘုရင့်ရှေ့တော်မှောက်ရောက်အောင် သူ့တွင် ကိုင်ဆောင်ထားသော ကြိမ်စကြာနှင့် တတ်နိုင်ကြောင်း ပြောသည်။ ထိုလုလင်သည် တခြားမဟုတ်ချေ။ ငမိုးရိပ် စားပစ်သဖြင့် သေဆုံးသွားသော သူ၏ မွေးစားဖခင်ပင် ဖြစ်သည်။ သူသည် ငမိုးရိပ်စား၍ မသေမီ ဆုတောင်းလိုက်သဖြင့် ယခုဘဝတွင် လူပြန်ဖြစ်ခြင်း ဖြစ်သည်။

တစ်ညတွင် ငမိုးရိပ်သည် သူ့ဇနီးနှင့် သားငယ်ဘေးတွင် ထိုင်လျက်ရှိစဉ် သူ၏ကျောကို ပြင်းထန်သောအရှိန်ဖြင့် အရိုက်ခံရသလို တုန်သွားသည်။ ပါးစပ်မှလည်း နာလွန်းသဖြင့် အော်လိုက်သည်။ ထိုအခါ သူ့ဇနီးမှာ အလွန် စိုးရိမ်မိသည်။ ငမိုးရိပ်သည် အဆက်မပြတ် အရိုက်ခံနေရသဖြင့် နာကျင်ရာမှပင် သူ့ဇနီးအား သူသည် လူယောင်ဖန်ဆင်းထားသော မိကျောင်းဖြစ်ကြောင်း ဝန်ခံလေသည်။ ထိုကဲ့သို့ ဝန်ခံပြီးနောက် ယခင်က မွေးစားဖခင်တော်ခဲ့သော ကြိမ်စကြာပိုင်ရှင်၏ရှေ့တွင် ဒူးထောက်ခစားရလေသည်။

ကြိမ်စကြာပိုင်ရှင်က ငမိုးရိပ်အား မင်းသမီးလေးကို ချက်ချင်းသွားယူစေသည်။ ငမိုးရိပ်သည် မင်းသမီးလေးအား ပြန်ခေါ်ဆောင်ရန်သွားသည့် ခရီးတွင် သူ့ကို ယခင်ကကြောက်ရွံ့ခဲ့သော ရွာသူရွာသားများက တုတ် ဓားတို့ဖြင့် ပစ်ခတ်ကြ၊ နှိပ်စက်ကြသည်။ ငမိုးရိပ်မှာ ထိုအန္တရာယ်များကို ကျော်ဖြတ်ပြီး မင်းသမီးလေးကို အရဆောင်ကြဉ်းသည်။ ဘုရင့်ရှေ့မှောက်တွင် မင်းသမီးလေးအား ပြန်ဆက်ပြီးသည်နှင့် ငမိုးရိပ်သည် မောပန်းစွာဖြင့် မေ့မြောသွားသည်။ မကြာမီပင် ငမိုးရိပ်သည် သေဆုံးသွားသည်။ သူ့ဇနီးက သူ၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး ထိုအပေါ်တွင် ဘုရားတည်လေသည်။ ထိုဘုရားသည် ရန်ကုန်မြို့အနီး သမိုင်းတွင် ရှိသည်။ ထိုဘုရားကို ကျိုက်ဝိုင်းဘုရားဟု ခေါ်တွင်သည်မှာ ယခုအထိပင် ဖြစ်သည်။

ဘုရားပွဲတော်ကို လကွယ်နေ့တွင် ကျင်းပသည်မှာလည်း ထူးခြားချက် တစ်ခုပင်ဖြစ်သည်။

❒

## ကျိုက်ထီးရိုးဘုရား သမိုင်းပုံပြင်

ရှေးက သုဝဏ္ဏဘုမ္မိဟုအမည်တွင်သော သထုံတွင် ရသေ့ညီနောင် နှစ်ပါးရှိလေသည်။ ၎င်းတို့နှစ်ယောက်မှာ ဘုရင့်သားတော်များ ဖြစ်ကြပြီး ထီးနန်းကိုစွန့်ကာ ရသေ့ရဟန်းပြုကြခြင်း ဖြစ်သည်။ အစ်ကို ရသေ့မှာ တိဿဓမ္မဖြစ်ပြီး ညီရသေ့မှာ သီဟရာဇာ ဖြစ်သည်။

တစ်နေ့တွင် သစ်သီး သစ်ဥများ၊ တောတွင်းတွင် ရှာဖွေရင်း ရသေ့နှစ်ပါးသည် အလွန်ကြီးမားသော ဥနှစ်လုံးကို တွေ့လေသည်။ အစ်ကိုရသေ့က "ဒီဥဟာ သာမညဥ မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီဥကို ကျောင်းကိုယူသွားပြီး ဘာဖြစ်မလဲဆိုတာ စောင့်ကြည့်ရအောင်" ဟု ပြောသည်။ ညီရသေ့ကလည်း သဘောတူလေသည်။ ထို့ကြောင့် ထိုဥနှစ်လုံးကို တောတွင်းရှိ ကျောင်းသခ်မ်းဆီသို့ သယ်ဆောင်ကာ သွားကြသည်။

မကြာမီ သူတို့သယ်ဆောင်လာသောဥမှ လူသားနှစ်ယောက် ဖွားမြင်လေသည်။ ရသေ့ညီနောင်မှာ ထိုကလေးနှစ်ယောက်ကို ချစ်ခင် ကြင်နာစွာ စောင့်ရှောက်ကြသည်။ ကလေးများ ကြီးလာသောအခါ လေးမြားအတတ်ပညာများကို သင်ကြားပေးသည်။

ဆယ်နှစ်မျှကြာသော် ညီငယ်၏မွေးစားသားသည် နာမကျန်း ဖြစ်ကာ သေဆုံးသွားသည်။ ရသေ့နှစ်ပါးနှင့် ကျန်ရစ်သောကလေးမှာ အလွန် ပူဆွေးသောကရောက်ကြသည်။ ထိုသို့ စိတ်ဆင်းရဲ၍ မကြာမီ

မှာပင် ရသေ့နှစ်ပါး၏ ခမည်းတော် သထုံပြည့်ရှင်ဘုရင်ကြီး နတ်ရွာစံလေသည်။ ထို့ကြောင့် သုဝဏ္ဏဘုမ္မိမှ မှူးမတ်သေနာပတိတို့သည် ဘုရင်ကြီးနတ်ရွာစံ လွန်တော်မူကြောင်း ညီနောင်နှစ်ပါးထံ လာရောက်သံတော်ဦးတင်ကြသည်။ ပြီးလျှင် ဖခင်၏အရိုက်အရာကို သားတော်ကြီးက လက်ခံရန် လျှောက်တင်သည်။ ရသေ့ကြီးက ထီးနန်းကို လက်မခံဘဲ ငြင်းဆိုသည်။ ပြီးလျှင် "သက်တော်ရှည်အမတ်ကြီးတို့၊ ငါဟာ လောကီစည်းစိမ်ချမ်းသာကို ရွံရှာတော်မူသဖြင့် ယခုလို တောတွင်းမှာ ရသေ့ရဟန်းပြုရခြင်း ဖြစ်တယ်၊ သင်တို့ သဘောတူညီလျှင် ကျွန်ုပ်၏ မွေးစားသားအား ဘုရင်အဖြစ် တင်မြှောက်ကြပါ" ဟု ပြောသည်။ ထို့ကြောင့် ရသေ့ကြီး၏ မွေးစားသားအား နန်းတော်သို့ ခေါ်ဆောင်ကာ ဘုရင်အဖြစ် တင်မြှောက်ကြလေသည်။ ဘုရင်၏ အမည်ကို ရသေ့နှစ်ပါးကို အစွဲပြု၍ တိဿမေ့သီဟရာဇာဟု ခေါ်တွင်စေသည်။

ရသေ့ငယ်၏ မွေးစားသားသည် သေဆုံးပြီး မကြာမီပင် မိတ္ထိလာရှိ အလွန်ချမ်းသာသော ကုန်သည်ကြီး၏ သားအဖြစ် ပြန်၍ မွေးဖွားသည်။ ၎င်းသည် အရွယ်ရောက်သော် ဗုဒ္ဓမြတ်စွာထံ သွားရောက်၍ ရဟန်းပြုလေသည်။ သူသည် တရားထူးများအားထုတ်ပြီး ရှင်ဂဝံပတိဟူသော အမည်ဖြင့် ထင်ရှားသော ရဟန်းတစ်ပါး ဖြစ်လာသည်။

တစ်နေ့တွင် ရှင်ဂဝံပတိသည် ကမ္မဋ္ဌာန်းတရားစီးဖြန်းပြီး လွန်လေပြီးသော ဘဝကို ပြန်၍ဆင်ခြင်ပြီး တောတွင်းရှိ မွေးစားဖခင်ရသေ့နှင့် ဘကြီးတော်ရသေ့တို့ကို သတိရလေသည်။ ထိုနေရာသို့လည်း သွားရောက်လိုသောဆန္ဒ ဖြစ်လာသည်။

ထိုတောသို့ ရောက်သောအခါ ဘကြီးတော်နှင့် ခမည်းတော်တို့အား သူ၏ အဖြစ်အပျက်အကြောင်းစုံကို ရှင်းပြသည်။ ရသေ့နှစ်ပါးမှာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဂေါတမမြတ်စွာဘုရားကို ဖူးမြင်

လိုကြလေသည်။ မြတ်စွာဘုရားမှာ ထိုစဉ်က အိန္ဒိယပြည်သို့ ကြွရောက်နေစဉ်ဖြစ်သည်။ အရှင်ဂဝံပတိသည် သူ၏ ကျေးဇူးရှင်တို့၏ အလိုဆန္ဒကို ဖြည့်စွမ်းလိုသဖြင့် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေသည်။ မြတ်စွာဘုရားကလည်း ထိုလျှောက်ထားချက်ကို လက်ခံကာ သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွမြန်းလာသည်။

မြတ်စွာဘုရား သုဝဏ္ဏဘုမ္မိပြည်သို့ ရောက်ရှိသောအခါ တစ်မြို့လုံး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ရသေ့နှစ်ပါးနှင့် သူတို့၏ မွေးစားသား၊ ယခုအခါ ပြည့်ရှင်မင်းကြီးနှင့်တကွ သူတို့၏ တရားအားထုတ်ဖက် ကေလာသရသေ့ပါ ပါဝင်သည်။ မြတ်စွာဘုရားသည် တရားတော်များဟောကြားပြီး ပြန်ကြွခါနီးတွင် ရသေ့နှစ်ပါးနှင့်တကွ ဘုရင်မင်းတရားကြီးကပါ ဆံတော်ကို ကိုးကွယ်လို၍ ပေးသနားပါရန် တောင်းဆိုလျှောက်ထားကြသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ပြန်လည်၍မကြွချီမီ ရသေ့သုံးပါးကို ဆံတော်ချီးမြှင့်သည်။ ညီရသေ့နှင့် ကေလာသရသေ့တို့သည် ဆံတော်ကို ရွှေကြုတ်တွင် ထည့်ကာ ဘုရားတည်၍ ဌာပနာသည်။ နောင်တော်ရသေ့သည် ထိုဘုရားဆံတော်ကို သူ၏ဆံပင်ထဲတွင်ထည့်ကာ ကိုးကွယ်သည်။

နှစ်များမကြာမီတွင် ညီရသေ့နှင့် ကေလာသရသေ့တို့ ပျံလွန်တော်မူသည်။ နောင်တော်ရသေ့မှာလည်း အသက်ကြီးလာပေပြီ။ ၎င်းအတွက် သေမည့်နေ့မှာ နီးကပ်လာသည်။ ထိုအခါ သိကြားမင်းသည် ဘုရား၏ဆံတော် အချည်းနှီးဖြစ်မည်ကို မလိုလားသဖြင့် လူ့ပြည်သို့ဆင်းကာ ဘုရင်ကြီးနှင့်တွေ့သည်။ "အရှင်မင်းကြီး သင်၏ မွေးစားဖခင်၏ နောက်ဆုံးအချိန်မှာ နီးကပ်လာပါပြီ၊ ကျွန်ုပ်မှာ ဘုရားရှင်ပေးသနားခဲ့သော ဆံတော်အတွက် အလွန်သောကရောက်ရပါသည်၊ အကယ်၍ အရှင်မင်းကြီးက သူ့ကို ဖျောင်းဖျပြောဆိုနိုင်မည်ဆိုပါက သူ မသေဆုံးမီ ဆံတော်ကိုဌာပနာ၍ ဘုရားတည်ရန် ပြောစေလိုပါသည်" ဟု ပြောသည်။

ထို့ကြောင့် ဘုရင်ကြီးသည် သိကြားမင်းနှင့်အတူ ရသေ့နေထိုင်ရာတောသို့ သွားရောက်ကြသည်။ ပြီးလျှင် အကြောင်းစုံကို ရှင်းပြသည်။ "အရှင်ရသေ့သည် နောက်ဆုံးအချိန်နီးကပ်နေပါပြီ၊ ထို့ကြောင့် မြတ်စွာဘုရားပေးသနားခဲ့သော ဆံတော်ကို လာရောက်၍တောင်းခံခြင်း ဖြစ်ပါသည်" ဟု ဖျောင်းဖျ ပြောဆိုသည်။ အစပထမတွင် ရသေ့ကြီးသည် မိမိ အလွန်မြတ်နိုးရာဖြစ်သော ဘုရား၏ဆံတော်ကို မပေးလိုချေ။ သို့သော် မိမိအနိစ္စရောက်ပြီးသည့်အခါတွင် မိမိ၏ ဆံပင်ထဲတွင် ထည့်ထား၍ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း ဆင်ခြင်မိပြီးသဘောတူသည်။ သို့သော် ရသေ့ကြီးက သူ၏ခေါင်းနှင့် ပုံသဏ္ဌာန်တူသော ကျောက်တုံးတစ်တုံးကို ရှာနိုင်မှသာလျှင် ထိုကျောက်တုံးထဲတွင် ဘုရားဆံတော်ကိုထည့်ပြီး ထိုကျောက်တုံးပေါ်တွင် ဘုရားတည်ကာ ကိုးကွယ်ခွင့်ပြုမည်ဟု ပြောသည်။

သိကြားမင်းသည် ရသေ့ကြီး၏ပြောပြချက်ကို အလွန်ကျေနပ်မိသည်။ ထို့ကြောင့် မြစ်ကမ်းတစ်လျှောက်တွင် ကျောက်တုံးကိုရှာရာ ရသေ့ကြီး၏ ဦးခေါင်းနှင့် ထပ်တူ တူညီသော ကျောက်တုံးကို တွေ့လေသည်။ ထိုကျောက်တုံးကို လူအများစုဝေးကာ တောင်ပေါ်သို့ သယ်ဆောင်စေသည်။ တောင်ထိပ်သို့ရောက်သောအခါ ထိုကျောက်တုံးကို တောင်ထိပ်တွင် တင်ထားစေသည်။ ပြီးလျှင် သိကြားမင်းသည် ရသေ့ကြီးနှင့် ဘုရင်ကြီးအား လာရောက်၍ ကြည့်စေသည်။

ရသေ့ကြီးမှာ အလွန်ကျေနပ်ကာ သိကြားမင်းအား ထိုကျောက်တုံးတွင် ဆံတော်ကိန်းအောင်းနိုင်ရန် အပေါက်ဖောက်စေသည်။ သိကြားမင်း၏ တန်ခိုးဖြင့် အပေါက်ဖောက်လိုက်ပြီးသော် ရသေ့ကြီးသည် သူ၏ဆံပင်ထဲတွင် ကိုးကွယ်ထားသော ဆံတော်ကို ထိုကျောက်တုံးထဲတွင် ဌာပနာလိုက်သည်။ ထိုအပေါက်ထိပ်တွင် ဘုရားတစ်ဆူ တည်ကြသည်။ ဘုရားတည်ပြီးသော် သိကြားမင်းလည်း နတ်ပြည်သို့ ပြန်လေသည်။ ရသေ့ကြီးမှာလည်း ဆံတော်ကိန်းဝပ်ရာ

ဘုရား၏ ခြေတော်ရင်းတွင် ငြိမ်းချမ်းစွာ ဘဝကူးပြောင်းသွားလေသည်။

ထိုအချိန်မှစ၍ ဘုရားကို ပြင်ဆင်ကိုးကွယ်လာကြသည်။ ယခင်က ဘုရားတည်ထားရာ ရသေ့ဦးခေါင်းသဏ္ဍာန်ကျောက်တုံးနှင့် ထိုကျောက်တုံး တင်ထားရာ တောင်ထိပ်တို့ကြားတွင် ကြက်မတစ်ဝပ်စာမျှ နေရာလွတ်နေသည်ဟုဆိုသည်။ ဘုရားတည်ထားပုံမှာ အလွန်ထူးဆန်းလှသည်။

❒

ကျောက်ခွဲသမားလေးဆန့်ကို (ကျွမ်း)



## ကျောက်ခွဲသမားလေး ဆန်ကို

ဟိုးရှေးရှေးတုန်းက ဂျပန်နိုင်ငံတွင် ကျောက်တုံးကြီးများကို ခွဲရသော ကျောက်ခွဲသမားလေး ဆန်ကိုဆိုသူ ရှိသည်။ ဆန်ကိုသည် တူနှင့် ဆောက်ကို ကိုင်ဆောင်ကာ ပင်ပန်းကြီးစွာ လုပ်ကိုင်ရသော်လည်း လုပ်အားခအနေဖြင့် သိပ်မရလှချေ။ သို့သော် ဆန်ကိုသည် သူ၏ အလုပ်ကို မြတ်နိုးကာ ပျော်ရွှင်လျက်ရှိသည်။ တစ်နေ့တွင် သူ အလုပ်လုပ်ရာနေရာအနီးသို့ ဧကရာဇ်ဘုရင်တစ်ပါးသည် တိုင်းခန်းလှည့်လည်ရင်း ရောက်ရှိလာသည်။ ထိုဘုရင် ဧကရာဇ်သည် အလွန်ချမ်းသာပြီး ဩဇာအာဏာလည်း ကြီးမားသည်။

ထိုဘုရင်ကြီးကို ကျေးကျွန်လေးယောက်က ဝေါဖြင့်ထမ်းပြီး သယ်လာကြသည်။ ဘုရင်ကြီးဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် တိုင်းသူပြည်သားတို့သည် မြေကြီးပေါ်တွင် ဒူးထောက်လျက် ခေါင်းညွတ် အရိုအသေပေးရလေသည်။ ဆန်ကိုသည် ဘုရင်ဧကရာဇ်ကြီးကို ကြည့်ရင်း အလွန်အားကျလျက်ရှိသည်။ ထို့ကြောင့် ပါးစပ်မှ "ငါသာ ဧကရာဇ်ဖြစ်ရင် ကောင်းမှာပဲ" ဟု တီးတိုးပြောဆိုလိုက်သည်။

ထိုကဲ့သို့ ပါးစပ်မှပြော၍ မဆုံးခင် ဆန်ကို၏ ဆန္ဒသည် ချက်ချင်း ပြည့်ခဲ့သည်။ ချက်ချင်းပင် ဆန်ကိုသည် ဧကရာဇ်ဘုရင် ဖြစ်သွားသည်။ လူတိုင်းက သူ့အား ဦးခေါင်းညွတ်၍ အရိုအသေပေး

ကြသည်။ ဆန်ကိုသည် သူ့ကိုယ်သူ ကျေနပ်လျက်ရှိသည်။ ငါ့လောက် ချမ်းသာတာ မရှိဘူး၊ ငါ့လောက် တန်ခိုးကြီးသူ မရှိဘူးဟု စိတ်ထဲတွင် အထင်ကြီးနေသည်။

ထိုနေ့သည် အလွန်ပူပြင်းသော နေ့တစ်နေ့ဖြစ်သည်။ နေမှာလည်း ချစ်ချစ်တောက်ပူလျက်ရှိသဖြင့် ဆန်ကိုမှာ နေရထိုင်ရသည်မှာ မသက်မသာဖြစ်လာသည်။ ထို့ကြောင့် စိတ်ထဲတွင် "အင်း နေမင်းကြီးဟာ ဧကရာဇ်ထက်တောင် တန်ခိုးကြီးတာပဲ၊ ငါ နေမင်းဖြစ်ရရင် ကောင်းမှာ" ဟု တွေးမိသည်။

သည်တစ်ခါတွင်လည်း ဆန်ကို၏ အတွေးအဆုံးတွင် ဆန်ကိုသည် နေမင်းကြီးအဖြစ် ပြောင်းလဲသွားလေသည်။ ဆန်ကိုသည် နေမင်းကြီး ဖြစ်သွားသည်ကို အလွန်ကျေနပ်နေသည်။ "ငါဟာ တော်တော် တန်ခိုးကြီးတာပဲ၊ လူတိုင်းဟာ နေရောင်ခြည်ရဲ့အပူကို ခံစားနေကြရပြီ၊ နေမင်းကြီးဖြစ်ရတာ ကောင်းတယ်" ဟု ဆန်ကို တွေးမိသည်။

ထိုစဉ် အဖြူရောင်တိမ်တိုက်များသည် ထွက်ပေါ်လာသည်။ ထိုတိမ်တိုက်များသည် တဖြည်းဖြည်းနှင့် ရွေ့လျားရင်း ကြီးမားသော တိမ်တိုက်ကြီး ဖြစ်လာသည်။ ထိုတိမ်တိုက်ကြီးသည် နောက်ဆုံး ဆန်ကို၏ရှေ့သို့ ရောက်လာသည်။ ထို့ကြောင့် ဆန်ကိုသည် မြေကြီးကို လုံး၍ မမြင်ရတော့ချေ။ လူများကိုလည်း မမြင်ရတော့ချေ။ တန်ခိုးအာဏာကို မက်မောသော ဆန်ကိုသည် သူ၏အလင်းရောင်ကို လူများ ထိတွေ့မခံစားရသဖြင့် စိတ်တိုလာသည်။ ထို့ကြောင့် "တိမ်တိုက်တွေက နေမင်းထက် တန်ခိုးကြီးတာပဲ၊ ငါ တိမ်တိုက်ဖြစ်ရင် သိပ်ကောင်းမှာပဲ" ဟု စိတ်ထဲတွေးမိသည်။

ဆန်ကိုသည် ချက်ချင်း တိမ်တိုက်အသွင် ပြောင်းလဲသွားလေသည်။ သူသည် လေထဲတွင် လွင့်ပါးလျက် မြေကြီးကို ငုံ့ကြည့်ကာ ကျေနပ်နေသည်။ ထိုကဲ့သို့ လေထဲတွင် လွင့်ပါးလျက်ရှိစဉ်

တချို့သော အရပ်ဒေသတို့တွင် သစ်ပင်တို့မှာ အရွက်များကြွေကာ ခြောက်သွေ့နေသည်ကိုလည်းကောင်း၊ မြက်ခင်းများ အဝါရောင်သန်း နေသည်ကိုလည်းကောင်း ဆန်ကိုတွေ့ရသည်။ ထိုအခါ ဆန်ကိုသည် ထိုအရပ်ဒေသပေါ်သို့ မိုးရေများ သွန်းလောင်းချလိုက်သည်။ "ငါဟာ တော်တော်တန်ခိုးကြီးတာပဲ၊ ငါ မိုးရွာအောင် လုပ်လို့ရတာပဲ" ဟု ကျေနပ်နေသည်။


မိုးရွာသွန်းမှုကြောင့် ကမ္ဘာကြီးသည် စိမ်းလန်းစိုပြည်ကာ သစ်ပင် ပန်းမာလာတို့လည်း ဖူးပွင့်လန်းဆန်းလာကြသည်။ ဆန်ကို သည် တောင်ကုန်းတောင်တန်းများကို ဖြောက်ဖြတ်ရင်းလည်း ပျော်ရွှင် လျက်ရှိသည်။ ထိုစဉ် မြေကြီးပေါ်တွင် သူ့ ကေရာဇ်ဘုရင်အသွင်သို့ မကူးပြောင်းမီက ဖြတ်ကျော်လျက်ရှိသော ကျောက်တုံးကြီးကို တွေ့ ရသည်။ "ငါဟာ တိမ်အဖြစ်နဲ့ ဘယ်လောက်များ တန်ခိုးရှိသလဲဆိုတာ သိချင်လိုက်တာ" ဟု ဆန်ကို၏စိတ်ထဲ တွေးမိသည်။

ထို့ကြောင့် ထိုကျောက်တုံးကြီးအား တိမ်တောင်အဖြစ် တစ် ဖြစ်လဲနေသော ဆန်ကိုက သူ၏အင်အားကိုပြရန် ကြံစည်သည်။ ဆန်ကိုသည် ထိုကျောက်တုံးပေါ်သို့ မိုးရေများ သည်းထန်စွာရွာသွန်း ခြင်းကိုလည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်းကိုလည်းကောင်း ကျောက်တုံးပဲ့သွားစေရန် ကွဲစေရန် ရည်ရွယ်၍ပြုလုပ်သည်။ တစ်ခါ တစ်ခါ လျှပ်စီးများလက်ကာ ခြိမ်းခြောက်သည်။

ကျောက်တုံးကြီးကမူ နေရာမှမရွေ့ဘဲ နေလျက်ရှိသည်။ သူ့ ကိုယ်ပေါ်သို့ မိုးရေများ၊ လေပြင်းများ ကျရောက်နေသည်ကို ဂရု မပြုသည့် ပုံစံပင်ဖြစ်သည်။ ဆန်ကိုသည် အလွန်အံ့ဩသွားသည်။ "ဒီကျောက်တုံးဟာ အားလုံးထက်ကို တန်ခိုးကြီးတာပဲ။ အင်အားကြီး ပါပေတယ်။ ငါ့လို ကျောက်ခွဲတဲ့လူသာလျှင် ဒီကျောက်တုံးကို ကွဲအောင်လုပ်နိုင်ပေတယ်။ ငါကျောက်ခွဲသမားပဲ ဖြစ်ချင်တယ်" လို့ ဆန်ကိုရဲ့စိတ်ထဲမှာ ဖြစ်လိုက်သည်။ ချက်ချင်းပင် ဆန်ကိုသည်

ကျောက်ခွဲသမားလေး ပြန်ဖြစ်သွားသည်။ သူဟာ သူ့ရဲ့ဘဝမှန်ကို ပြန်ရသွားလို့ တော်တော်လေး ပျော်ရွှင်သွားသည်။ သူသည် ပျော်ရွှင်စွာဖြင့် ကျောက်တုံးများကိုခွဲကာ နေလေသည်။

❒



မိဘမောင်ဖွားအစ်ကိုတွေကြားမှ (ဟော်လန်)

## မိဘမောင်ဖွား အစ်ကိုတွေကြားမှ

ဟိုးရှေးရှေးက ဟော်လန်နိုင်ငံတွင် လယ်သမားလေးဟန်သည် အလွန် ချမ်းသာကြွယ်ဝသော သူဌေးကြီး၏ သမီး ဂရက်ချန်ကို ချစ်မိသည်။ ဂရက်ချန်ကလည်း ဟန်၏အချစ်ကို လက်ခံလေသည်။ ထိုအကြောင်း ကို သိသွားသော သူဌေးကြီး၏ မိသားစုသည် ဂရက်ချန်ကို အိမ်ထဲတွင် ချုပ်ချယ်ထားလိုက်ကြသည်။

ဟန်သည် သူ့ချစ်သူကိုတွေ့လို၍ သွားသည့်အခါတွင် အိမ်ဝင်း ထဲတွင် သူဌေးကြီး၊ သူဌေးကတော်နှင့် ဂရက်ချန်၏ အစ်ကိုနှစ်ယောက် ကို အစဉ်အမြဲ တွေ့ရှိရတတ်သည်။ ဂရက်ချန်ကိုမူ အိပ်ခန်းတစ်ခု ထဲတွင် သော့ခတ်ထားကြောင်းကို ပြတင်းပေါက်မှန်ရိပ်တွင် လာရပ် သော အမျိုးသမီး၏ အရိပ်ပုံကြောင့် သိလိုက်ရသည်။ ဟန် အိမ်နား သို့လာသည်ကို သိသည်နှင့် အိမ်အပြင်သို့ လုံးဝထွက်ခွင့်မပေးတော့ ချေ။

ဟန်သည် ထိုအဖြစ်ကို သိရသော် အလွန်စိတ်ဆင်းရဲခြင်း ဖြစ်ရလေသည်။ ထို့ကြောင့် သူဌေးကြီးအိမ်နှင့် ဝေးရာကို ထွက်သွား ရန် ဆုံးဖြတ်လိုက်သည်။ ဟန် ထိုကဲ့သို့ ခရီးထွက်လာစဉ် လမ်းတွင် ယုန်တစ်ကောင်သည် ချုံပုတ်တစ်ခုထဲမှထွက်လာပြီး ဟန်၏နောက်သို့ ပြေးလိုက်လာသည်။ သူ့ကိုမီသောအခါ ဟန်၏ရင်ခွင်ထဲသို့ ပြေး ဝင်သည်။ ယုန်သည် ဟန် မြင်ဖူးနေကျ ယုန်များနှင့် မတူချေ။

အကောင်မှာ အတော်ကြီးသည်။ ယုန်သည် ဟန်၏ ရင်ခွင်ထဲ ရောက်သည်နှင့် "ကျွန်တော့်ကို ကယ်ပါဗျာ၊ မြေခွေးငစဉ်းလဲဟာ ကျွန်တော့်ကိုဖမ်းဖို့ နောက်ကလိုက်လာပါတယ်" ဟု တုန်တုန်ယင်ယင်နှင့် ပြောသည်။

ဟန်သည် ယုန်ကလေးကို အလွန်သနားသွားသည်။ ထို့ကြောင့် မြေခွေးကိုတွေ့သည်နှင့် တုတ်တစ်ချောင်းကို ကောက်ယူပြီး အနား မကပ်နိုင်အောင် အော်ဟစ်ခြောက်လှန့်သည်။ မြေခွေးက အနားသို့ ကပ်လာသောအခါမှာလည်း တုတ်နှင့် ရိုက်လေသည်။

မြေခွေးမှာ အားမတန်၍ မာန်ပါ [illegible] ကာ တောထဲသို့ ပြန်ဝင်သွားလေသည်။ ဟန်သည် ယုန်ကလေးကို မြေကြီးပေါ်ချလိုက်ပြီး သူ့အဖြစ်အပျက်ကို ယုန်ကလေးကို ပြောပြသည်။ ယုန်ကလေးသည် ဟန်ပြောသမျှကို နားထောင်ပြီးလျှင် "မင်းကလည်း သတ္တိရှိစမ်းပါ၊ မကြောက်ပါနဲ့၊ ခုနက မြေခွေးလက်ကနေ မင်း ငါ့အသက်ကို ကယ်ပေးတာကလည်း မင်း ဘယ်လောက် သတ္တိရှိတယ်ဆိုတာ ပြတာပဲပေါ့၊ ဒီတော့ ဂရက်ချန်ရဲ့ မိဘနှစ်ပါးကိုတွေ့ပြီး အကြောင်းစုံ ပြောလိုက်ပေါ့" ဟု တိုက်တွန်းသည်။

ယုန်ကလေး၏ အားပေးစကားကြောင့် ဟန်သည် သတ္တိစိတ်မွေးကာ သူဌေးကြီး၏အိမ်ဆီသို့ သွားခဲ့သည်။ အိမ်သို့ရောက်သောအခါ သူဌေးကြီးကို ဝင်တွေ့ပြီး ဂရက်ချန်နှင့် လက်ထပ်ခွင့်ပေးပါရန် တောင်းလေသည်။ ဂရက်ချန်ကလည်း သူ့မေတ္တာကိုလက်ခံကြောင်း ရှင်းပြသည်။ ဟန်၏စကားအဆုံးတွင် သူဌေးကြီးသည် ရယ်မောပြီး "ကောင်းပြီလေ၊ လောလောဆယ် ငါ့သမီးကို နင်တွေ့ဖို့ကြိုးစားပေါ့၊ မင်းသာ ငါ့သမီးရှိတဲ့ဆီ ရောက်အောင်သွားနိုင်ရင် ငါ့သမီးကို မင်း ရပြီလို့သာ မှတ်ပေတော့" ဟု ပြောလိုက်သည်။

သူဌေးကြီး ပြောသောစကားမှာ အပြောလွယ်သလောက် အကောင်အထည်ဖော်ရန် အလွန်ခက်လေသည်။ အဘယ်ကြောင့်

ဆိုသော် အိမ်ရှေ့တံခါးမှာ သူဌေးကတော်ကရပ်နေပြီး အိမ်ဘေးရှိ တံခါးတွင် သူဌေးကြီးက ခါးထောက်၍ရပ်နေသည်။ သူတို့နှစ်ယောက် စလုံး၏ မျက်နှာမှာ တင်းမာနေကြသည်။ အကယ်၍သာ ဟန်သည် သူတို့နားသို့ ကပ်သွားပါက ရိုက်နှက်ပစ်မည့်ပုံ ပေါ်နေသည်။

သူဌေးကြီးသည် ဟန်ကို လှောင်ရယ်ရယ်ပြီး "လာခဲ့လေ၊ မင်း ဘာရပ်ပြီးကြည့်နေတာလဲ၊ မင်းက ဒီတံခါးကနေဝင်ပြီး ငါ့သမီးကို အိမ်ထဲမှာ ရှာရုံလေးပဲဟာ" ဟု ပြောသည်။ ဟန်သည် သူ့ ချစ်သူ၏ မိဘနှစ်ပါးစလုံး ရပ်နေသော တံခါးနှစ်ပေါက်က မည်သည့်နည်းနှင့်မျှ ဝင်၍မရကြောင်း စဉ်းစားမိသည်။

ထို့ကြောင့် ဂရက်ချန်ရှိသောအခန်းသို့ နံရံမှတွယ်တက်ရန် အပြေးလေးသွားခဲ့သည်။ သို့သော် ဟန် ပြတင်းပေါက်နားသို့ ရောက် သော် ဂရက်ချန်၏ အစ်ကိုနှစ်ယောက်ကို ပြတင်းပေါက်နားတွင် ရပ်နေသည်ကို တွေ့ရသည်။ ဂရက်ချန်ကိုလည်း ညိုးငယ်သော မျက်နှာနှင့် ပြတင်းပေါက်နားတွင် ရပ်နေသည်ကို တွေ့ရသည်။ တံခါးကိုလည်း အပြင်မှ သော့ခတ်ထားသည်။ ဟန်သည် အလွန် စိတ်ပျက်သွားသည်။

ထိုအချိန်တွင် ဟန် အသက်ကယ်ခဲ့သော ယုန်ကလေးသည် သူဌေးကတော်ရပ်နေသော တံခါးနားက ဖြတ်၍ ပြေးလေသည်။ သူဌေးကတော်ကလည်း ယခုလို ဆူဆူဖြိုးဖြိုးယုန်ကို မြင်ရသော် ဝမ်းသာအားရဖြင့် "ညစာစားဖို့တော့ ယုန်သားရပြီဟေ့" ဟုပြောသည်။ ပြီးလျှင် ဂါဝန်ကိုမပြီး ယုန်နောက်သို့ ပြေးလိုက်သည်။

သူဌေးကတော်၏ အော်သံကြောင့် အိမ်ရှေ့တံခါးဝတွင် ရပ် နေသော သူဌေးကြီးက "ဟဲ့ ဘာဖြစ်တာလဲ အမေကြီးရဲ့" ဟု လှမ်းပြီးမေးလိုက်သည်။ သူမေးသောမေးခွန်းမဆုံးခင် သူ့မိန်းမသည် ဂါဝန်ကြီးမကာ အပြေးအလွှား ထွက်လာသည်ကို တွေ့ရသည်။ သူဌေးကြီးက "မင်း ဘာဖြစ်လို့ ပြေးနေရတာလဲ" ဟု လှမ်းမေးသည်။

အဘွားကြီးက သူ့ရှေ့က ပြေးသွားသောယုန်ကို လက်ညှိုးထိုးပြရင်း "ဟိုမှာ မတွေ့ဘူးလား၊ ယုန်ကြီး နည်းတာမဟုတ်ဘူး၊ ကျွန်မ ဒီယုန်ကိုသာမိရင် ညစာကောင်းကောင်းချက်ကျွေးမလို့ အဖေကြီးရဲ့၊ ရှင့်ကို ရှင်းပြနေရတာနဲ့ ယုန်လွတ်သွားဦးမယ်" ဟု ပြေးရင်း ပြော သွားသည်။

သူဌေးကြီးက "ငါက မသိလို့ပါကွာ၊ မင်းက အချက်အပြုတ် သိပ်တော်တာဆိုတော့ မင်းပြောတာနဲ့ ငါ ယုန်သားစားချင်လို့ သွား ရည်တောင် ယိုလာပြီ၊ ငါက ယုန်သားဆိုသိပ်ကြိုက်တာ၊ မင်းအသိပဲ မဟုတ်လား၊ ငါလည်း မင်းကိုကူပြီး ဖမ်းပေးပါ့မယ်" ဟု ပြောကာ သူ့ဇနီးနောက်သို့ အပြေးလေးလိုက်သွားသည်။

ယုန်ကလေးမှာလည်း အပြေးအလွန်သန်သူဖြစ်ရာ သူဌေးကြီး ရော သူဌေးကတော်ပါ ဘယ်လိုမှ လိုက်၍မမီနိုင်ချေ။ ထို့ကြောင့် သူဌေးလင်မယားက သူတို့၏ သားနှစ်ယောက်ကို လှမ်းပြီး "ဟဲ့ ကောင်လေးတွေ လာကြပါဦး၊ ယုန်တစ်ကောင်တွေ့ထားတယ်၊ လာ ပြီး ဖမ်းပေးပါဦး" ဟု ခေါ်လိုက်သည်။ နှမဖြစ်သူ ဂရက်ချန်၏ ပြတင်းပေါက်တွင် ရပ်စောင့်နေကြသော အစ်ကိုနှစ်ယောက်ကလည်း မိဘနှစ်ပါး၏အသံကို ကြားသည်နှင့် မဆိုင်းမတွဘဲ အသံကြားရာကို ပြေးသွားကြသည်။ သူတို့နှစ်ယောက်စလုံး ယုန်သားစားဖို့အတွက် ပျော်ရွှင်စွာ အော်ဟစ်ပြီး ထွက်သွားကြရာ သူတို့၏ညီမ ဂရက်ချန်ကို မေ့သွားသည်။

ယုန်ကလေးသည် သူဌေးကြီးသားအဖလေးယောက်ကို အိမ် ပတ်ပြီး ပြေးခိုင်းထားလိုက်သည်။ သူဌေးကြီးမိသားစုလေးယောက်မှာ ယုန်နောက်လိုက်ရသည်မှာ ခေါင်းများမူးနောက်နေကြပေပြီ။ နောက် ဆုံးတွင် ခြေကုန်လက်ပန်းကျကာ မြေကြီးပေါ်တွင် ပိုးလိုးပက်လက် ဖြစ်ကုန်သည်။ ထိုအခါ ယုန်ကလေးက "ဟန်ရေ အချိန်ကျပြီဟေ့"ဟု လှမ်းပြီးပြောလိုက်သည်။

ထိုအခါ ဟန်သည် အိမ်ထဲသို့ ပြေးဝင်ပြီး သော့ခတ်ထားသော ဂရက်ချုန်လေးကို သွားပြီးတွေ့ရသည်။ ပြီးလျှင် အိမ်ပြင်သို့ခေါ်လာပြီး "ငါ မင်းကိုရှာလို့တွေ့တဲ့အတွက် မင်းအဖေက ငါနဲ့မင်းကို လက်ထပ်ပေးတော့မှာပါ" ဟု ရှင်းပြသည်။ သူဌေးကြီးလည်း နောက်ဆုံးတွင် ကတိအတိုင်း ဟန်နှင့် သူ့သမီးဂရက်ချုန်ကို လက်ထပ်ပေးလိုက်သည်။ ဤကဲ့သို့ အစစ အဆင်ပြေသွားခြင်းမှာလည်း ယုန်ကလေး၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။

□


တံငါသည်လေးချန်လီးနှင့်နဂါး (တရုတ်)

## တံငါသည်လေး ချန်လီးနှင့် နဂါး

တရုတ်ပြည်၏အရှေ့ဘက်ရှိ ကျွန်းစုလေးတစ်စုတွင် တံငါရွာလေး တစ်ရွာ ရှိလေသည်။ ထိုတံငါရွာလေးတွင် ချန်လီးဟုခေါ်သော တံငါအလုပ် လုပ်သော ကလေးတစ်ယောက်ရှိသည်။ သူသည် ဖခင် သေဆုံးသွားသဖြင့် မုဆိုးမဖြစ်သူ မိခင်နှင့် အတူနေထိုင်သည်။ နေ့စဉ်နေ့တိုင်း ချန်လီး၏အလုပ်မှာ ငါးဖမ်းပိုက်များထမ်း၍ မြစ်ကမ်းစပ်သို့သွားကာ ပိုက်ချပြီး ငါးဖမ်းရခြင်းပင် ဖြစ်သည်။ ထိုမှ ဖမ်းမိသောငါးများကို ဈေးထဲသို့သွားရောင်းပြီး သားအမိနှစ်ယောက် ဝမ်းစာရှာကြရသည်။

တစ်နေ့တွင် ချန်လီးသည် မြစ်ဆိပ်သို့သွားပြီး ငါးဖမ်းရန် ပိုက်ကွန်ကိုချရင်း "ဒီကနေ့ ငါ ငါးတွေများများရရင် ကောင်းမှာပဲ၊ ငါးတွေကလည်း ငါပိုက်ချမှန်းသိလို့ ဒီနားကို မလာကြတော့ဘူး ထင်တယ်၊ ငါ ကံကောင်းပါစေ" လို့ တိုးတိုးလေးဆုတောင်းလေသည်။

ချန်လီး ပိုက်ကိုပြန်ဆယ်ကြည့်တဲ့အခါမှာ ငါးဖမ်းပိုက်သည် အလွန်လေးနေသည်။ သို့နှင့် ပိုက်ကို ကုန်းပေါ်တင်ပြီး ကြည့်လိုက်ရာ ပိုက်ထဲတွင် ငါးတစ်ကောင်မှ မမိဘဲ ရေမဉကြီးတစ်လုံးကို တွေ့ရသည်။

ချန်လီးသည် သူ့မိခင်ကိုခေါ်ပြီး "မေမေ သား ဒီကနေ့ ငါးဖမ်းသွားတာ မိလာတဲ့ဟာကိုလည်း ကြည့်ပါဦး" ဟု ပြသည်။

သူ့မိခင်ကလည်း ဝမ်းသာအားရနှင့် အိမ်ထဲမှ ပြေးထွက်လာစဉ် ချန်လီးသယ်ဆောင်လာသော ဥသည် တဖြည်းဖြည်းအက်ကွဲပြီး အထဲမှ နဂါးငယ်ငယ်လေး ထွက်လာသည်။

နဂါးလေးသည် အလွန်ယဉ်ကျေးသည်။ ချန်လီးသည် နဂါးကို အလွန်သံယောဇဉ် တွယ်တာသွားသည်။ ထို့ကြောင့် ချန်လီးသည် ထိုနဂါးကို သူ့အိမ်တွင်ထားပြီး မွေးစားရန် ဆုံးဖြတ်လိုက်သည်။

ရက်သတ္တပတ်များ ကုန်လွန်လာသည်နှင့်အမျှ ချန်လီးသည် နဂါးကို အစာကျွေးပြီး ကောင်းကောင်းပြုစုထားသဖြင့် နဂါးမှာ တဖြည်းဖြည်း ကြီးလာသည်။ ထို့ကြောင့် ချန်လီးသည် နဂါးလေးနေရန် တဲလေးတစ်လုံးဆောက်ပေးရန် ဆုံးဖြတ်သည်။

ချန်လီးဆောက်ပေးသောတဲမှာ မြက်ခြောက်များကိုကျစ်ပြီး ဆောက်လုပ်ထားသော အိမ်လေးပင်ဖြစ်သည်။ နဂါးကလည်း သူ့အိမ်လေးကို သဘောကျပြီး ထိုတဲအိမ်လေးမှာပင် ညအိပ်လေသည်။ နဂါးအိပ်ပျော်၍ အသက်ရှူလိုက်သောအခါ ပါးစပ်ထဲမှ မီးတောက်များ ထွက်လာသည်။

ထို့ကြောင့် နဂါးနေသောတဲအိမ်လေးသည် မီးလောင်သွားပြီး ထိုမှတစ်ဆင့် တစ်ရွာလုံး မီးစွဲလောင်လေသည်။ ချန်လီး သူ့မိခင်နှင့် ရွာသူရွာသားများသည် မီးငြိမ်းစေရန် အမျိုးစုံကြိုးစားသော်လည်း မအောင်မြင်ချေ။

သူတို့နိုင်ငံရှိ အိမ်များသည် ဝါးနှင့်သစ်ကိုသာ အသုံးပြု၍ ဆောက်ထားခြင်းဖြစ်သဖြင့် မီးကူးစက်မှုသည် အလွန်လျင်မြန်ကာ တစ်ရွာလုံး ပြာအတိဖြစ်အောင် မီးလောင်သွားသည်။

ရွာသူရွာသားများက ချန်လီး၏နဂါးကို အပြစ်တင်ကြသည်။ "ချန်လီး၏နဂါးကြောင့် ယခုလို အိုးအိမ်မဲ့သောဘဝသို့ တစ်ရွာလုံး ရောက်ကြတာဖြစ်တယ်" ဟု ပြောကြသည်။ သူတို့သည် ချန်လီး၏ နဂါးကိုလည်း မကျေနပ်ကြချေ။ ချန်လီးသည် သူ၏နဂါးကို ရန်ရှာ

မှာ အလွန်ကြောက်သဖြင့် ရှေ့မှ ကာဆီးကာဆီး လုပ်နေသည်။

နောက်ဆုံးတွင် ရွာသူရွာသားများသည် ရွာသစ်ပြန်၍ တည်ဆောက်ရန် လုပ်ကြရသည်။ ထို့ကြောင့် လူတိုင်းသည် မြေကြီးများကိုတူးပြီး အိမ်တိုင်များကိုထူ၍ ပြုလုပ်ကြသလို အုတ်မြစ်ချရန်အတွက် ကျောက်တုံးများလည်း ချကြသည်။

ချန်လီးသည် အခြားလူများထက် ကြိုးစားပြီး အလုပ်လုပ်လေသည်။ သူသည် မြေကြီးနက်နက်တူးပြီး အိမ်၏အောက်ခြေခိုင်စေရန် ကျောက်တုံးများချသည်။ ထိုကဲ့သို့ မြေကြီးကိုတူးနေစဉ် တစ်နေရာတွင် သူ၏ပေါက်တူးသည် တစ်စုံတစ်ခုကို သွားပြီးတူးမိသည်။ ထိုအရာမှာ ရတနာအပြည့်ပါရှိသော သေတ္တာတစ်လုံး ဖြစ်သည်။

ချန်လီးသည် ဝမ်းသာလွန်းသဖြင့် တခြားရွာသူရွာသားများ ကြားစေရန် "လာကြပါဦးဗျ၊ ဒီမှာ ကျွန်တော် ရတနာသေတ္တာတစ်လုံး တွေ့ထားတယ်" ဟု အကျယ်ကြီး အော်ပြောသည်။ ရွာသူရွာသားများသည် အလွန်စိတ်လှုပ်ရှားနေကြသည်။

ရွာသူကြီးက "ငါတို့တွေ ဒီရတနာတွေနဲ့ အိမ်ကောင်းကောင်း ဆောက်လို့ရပြီ၊ နောက်ပြီး ငါတို့ ငါးဖမ်းထွက်ဖို့ လှေအကောင်းစားတွေလည်း ဝယ်ရမယ်၊ ဒါတွေအားလုံးဟာ ချန်လီးရဲ့နဂါးကြောင့် ရတာပဲ" ဟု ရှင်းပြသည်။

ချန်လီးတွေ့သော ရတနာကြောင့် တံငါရွာလေးသည် ကြီးကျယ်ခမ်းနားသော တံငါရွာကြီးဖြစ်လာသည်။ ငါးဖမ်းလှေများမှာလည်း ကမ်းခြေတစ်လျှောက်တွင် အစီအရီရှိကြလေသည်။ ရွာသူရွာသားများသည် ပျော်ရွှင်နေကြသည်။ ချန်လီး၊ သူ့မိခင်နှင့် နဂါးလေးတို့သည် ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

❒



ရွှေရောင်အဆင်းရှိသောငှက်
(ဂျာမနီ)

## ရွှေရောင်အဆင်းရှိသောငှက်

ဟိုးရှေးရှေးက ဂျာမနီနိုင်ငံရှိ ဘုရင်ကြီးတစ်ပါးတွင် သစ်သီးဝလံ အလွန်စုံလင်လှသော ဥယျာဉ်ကြီးတစ်ခုရှိသည်။ ထိုဥယျာဉ်ထဲတွင် ရွှေပန်းသီးသီးသော သစ်ပင်တစ်ပင်ရှိသည်။ ဘုရင်ကြီးသည် နေ့တိုင်းပင် ရွှေပန်းသီးများကို ရေတွက်လေ့ရှိသည်။ တစ်နေ့တွင် ရွှေပန်းသီးတစ်လုံးသည် ထူးဆန်းစွာ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

ဘုရင်ကြီးသည် သူ့ဥယျာဉ်ထဲတွင် ရွှေပန်းသီးပျောက်သဖြင့် အလွန်စိတ်ဆိုးသည်။ ထို့ကြောင့် ညအချိန် ထိုပန်းသီးပင်ကို စောင့်ကြပ်ရန် အမိန့်ပေးသည်။ ဘုရင်ကြီးသည် ပန်းသီးပင်ကို စောင့်ရန်အတွက် အခြားအစောင့်များကို မယုံကြည်ချေ။ သူ၏ သားတော်များကိုသာ တာဝန်ပေးလေသည်။

သားကြီးသည် တစ်ညလုံး သတိဝီရိယနှင့် စောင့်ကြပ်လေသည်။ သို့သော် ညသန်းခေါင်ယံလွန်သော် အိပ်ငိုက်သည်နှင့် တစ်မှေးမျှ အိပ်ပျော်သွားသည်။ မနက်မိုးလင်း၍ ပန်းသီးများကို စစ်ဆေးကြည့်သောအခါ ပန်းသီးတစ်လုံး ထပ်ပြီးပျောက်ဆုံးနေတာကို တွေ့ရသည်။

နောက်တစ်နေ့ညတွင် သားတော်လတ်က ဥယျာဉ်တော်တွင် စောင့်ကြပ်ရသည့်အလှည့် ရောက်လာသည်။ သားတော်လတ် စောင့်

အိပ်သောညမှာလည်း ရွှေပန်းသီးသည် ပျောက်ဆုံးပြန်သည်။ ဘုရင်ကြီး၏ ပန်းသီးပင်မှာ စုစုပေါင်း ရွှေပန်းသီးသုံးလုံး ပျောက်ဆုံးပြီဖြစ်သည်။

နောက်ဆုံးတွင် အငယ်ဆုံးသားတော်လေး၏အလှည့် ရောက်လာသည်။ သားတော်လေးသည် သစ်ပင်ခြေရင်းတွင်ထိုင်၍ လုံးဝမအိပ်ဘဲ စောင့်လေသည်။ သန်းခေါင်ယံကျော်သည်နှင့် တစ်ပြိုင်နက်ပန်းသီးပင်ပေါ်က ကျယ်လောင်သော အသံတစ်ခုနှင့်အတူ သစ်ကိုင်းများလှုပ်ရှားတာ သိလိုက်သည်။ မင်းသားလေးသည် အသံလာရာဆီသို့ အော်ဟစ်ခြိမ်းခြောက်လိုက်ရာ ရွှေရောင်အဆင်းရှိသော ငှက်ကလေးတစ်ကောင်သည် အလန့်တကြားနှင့် ပျံသွားသည်ကို တွေ့လိုက်ရသည်။ ငှက်ကလေးပျံသွားသောအခါ ရွှေငှက်မွေးတချို့သည် မြေကြီးပေါ်တွင် ကျ၍ကျန်ခဲ့သည်။

မင်းသားလေးသည် သစ်သီးသူခိုးကို သိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာနှင့် ရွှေငှက်မွေးကိုကောက်ပြီး ဖခင်ကြီးထံသို့ သွား၍ဆက်သသည်။

ဘုရင်ကြီးသည် ရွှေငှက်မွေးကိုကြည့်ပြီး "ဒီငှက်မွေးတစ်ခုဟာတော်တော် အဖိုးတန်တာပဲ၊ ဟိုရွှေငှက်ကလေးဆိုရင် အဖိုးမဖြတ်နိုင်အောင်တန်မှာ သေချာတယ်၊ ဒီငှက်ကို ငါလိုချင်လိုက်တာ" ဟုမိန့်တော်မူသည်။

သို့နှင့် နောက်တစ်နေ့တွင် သားတော်ကြီးကို ရွှေငှက်ကိုဖမ်းစေရန် စေလွှတ်သည်။ သားတော်ကြီးလည်း စားနပ်ရိက္ခာများသယ်ဆောင်ကာ ခရီးထွက်ခဲ့သည်။ လမ်းခရီးတစ်လျှောက်တွင် ရွှေငှက်ကလေး၏ အစအနကိုပင် မတွေ့ရချေ။ သို့နှင့် ညနေစောင်းလာပြီး သစ်ပင်တစ်ပင်အောက်တွင် နားပြီး ညစာစားရန် ပြင်ဆင်သည်။

ထိုအချိန်တွင် ဝက်ဝံမတစ်ကောင်သည် ရောက်လာပြီး သား

တော်ကြီးထံမှ အစားအစာအနည်းငယ်ကို တောင်းခံသည်။ သားတော်ကြီးသည် တောတွင်းတိရစ္ဆာန်တစ်ကောင်က သူ့ထံအစာလာတောင်းသည်ကို ကြောက်လည်းကြောက် ရွံလည်း ရွံလေသည်။ ထို့ကြောင့် "ငါ့နားမကပ်စမ်းပါနဲ့၊ သွားစမ်းပါ၊ နင့်ကျွေးစရာ ငါ့မှာ မပါပါဘူး" ဟုပြောကာ မောင်းထုတ်သည်။

ဝက်ဝံမသည် မျက်နှာမသာမယာနှင့် ခေါင်းလေးငုံ့ပြီး တောထဲသို့ ဝင်သွားသည်။ ပါးစပ်ကတော့မှု "နင်အခုလို တစ်ကိုယ်ကောင်းဆန်တဲ့အတွက် နောင်တရရလိမ့်မယ်" ဟု ပြောသွားသည်။

သားတော်ကြီးကမူ ဝက်ဝံမပြောသောစကားကို ဂရုမစိုက်ချေ။ သို့နှင့် ရွှေငှက်ကိုရှာရန်အတွက် ခရီးဆက်ခဲ့သည်။ သားတော်ကြီးခရီးဆက်၍ မကြာမီတွင် လူဆိုးနှစ်ယောက်နှင့် ပက်ပင်းတိုးလေသည်။

လူဆိုးနှစ်ယောက်သည် သားတော်ကြီးကိုဖမ်းပြီး ရှိသမျှ ရွှေငွေနှင့် အဝတ်အစားများကို လုယူကြသည်။ ပြီးလျှင် သားတော်ကြီး၏ ကိုယ်ခန္ဓာကြံ့ခိုင်မှုကို သဘောကျပြီး သူတို့လူဆိုးအဖွဲ့ထဲသွင်းရန် ခေါ်ဆောင်သွားသည်။

နန်းတော်တွင်းရှိ ဘုရင်ကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားများသည် သားတော်ကြီး ပြန်လာမည့်ရက်ကို မျှော်နေကြသည်။ အချိန်တစ်လ ကုန်ဆုံးသွားသော်လည်း သားတော်ကြီး၏ အရိပ်အယောင်ကို မတွေ့ရချေ။

ဘုရင်ကြီးက "အင်း သားတော်ကြီးတော့ ပြန်လာတော့မှာ မဟုတ်ဘူး" ဟု ညည်းညူလိုက်သည်။

သို့နှင့် ဘုရင်ကြီးသည် သားတော်လတ်ကိုခေါ်ပြီး စားနပ်ရိက္ခာ အစုံအလင်ပြင်ဆင်စေပြီး ရွှေငှက်ကို ရှာရန်အတွက် ခရီးထွက်စေပြန်သည်။

သားတော်အလတ်ကလည်း ဘုရင်ကြီးအလိုကျ ခရီးထွက်ခဲ့သည်။ သူခရီးထွက်သည့် ညနေမှာပင် ညစာစားရန် ပြင်ဆင်နေစဉ်

ဝက်ဝံမ ရောက်လာသည်။ ဝက်ဝံမသည် သားတော်လတ်၏ ဘေးကို ကပ်လာပြီး "အရှင့်သားရယ် ကျွန်မဟာ အလွန်ဆာလောင်နေတာ ဖြစ်လို့ စားစရာနည်းနည်းလောက်ပေးပါ" ဟု တောင်းလေသည်။

သားတော်လတ်ကလည်း နောင်တော် သားတော်ကြီးလိုပင် အစားလောဘကြီးသောကြောင့် သူ့စားစရာများကို အလျှော့မခံနိုင်ချေ။ ထို့ကြောင့် "သွားစမ်း၊ ဒီတိရစ္ဆာန်ကလည်း ရှုပ်လိုက်တာ" ဟုဆိုကာ မောင်းထုတ်လိုက်သည်။

ဆာလောင်နေသော ဝက်ဝံမသည် သားတော်လတ်နားမှ ခွာခဲ့ပြီး "နင် အခုလိုမောင်းထုတ်လို့ ဒုက္ခတွေ့ရစေမှာပဲ" ဟု ပြောသွားသည်။

သည်အခါမှာလည်း ဝက်ဝံမပျောက်သွားသည်နှင့် လူဆိုးနှစ်ယောက် ပေါ်လာပြီး သားတော်လတ်ထံမှ ပစ္စည်းများကို လုယူကြသည်။ ပြီးလျှင် သားတော်လတ်ကို သူတို့လူဆိုးအဖွဲ့ထဲဝင်ရန် ခေါ်ဆောင်သွားကြသည်။

ဘုရင်ကြီးမှာ သားတော်လတ်ပြန်မလာသည့်အတွက် စိတ်ပူက်လာသည်။ "ငါ့ရဲ့ ဒုတိယသားလည်း ပြန်မလာတော့ဘူး၊ ငါ့မှာ သားတော်တစ်ပါးပဲ ကျန်တော့တယ်" ဟု မိန့်တော်မူသည်။

သားတော်လေးသည် အငယ်ဆုံးသား ဖြစ်သော်လည်း မကြောက်တတ်ချေ။ သူလည်း သူ့အစ်ကိုနှစ်ယောက်လို ရွှေငှက်ကို အရှာထွက်လိုသည်။ သူ့ခမည်းတော်က အကောင်းဆုံးမြင်းတစ်ကောင်နှင့် စားနပ်ရိက္ခာများပေးသောအခါ သားတော်လေးမှာ ပျော်ရွှင်စွာနှင့် ခရီးထွက်ရန် ပြင်ဆင်လေသည်။

ဘုရင်ကြီးက "ငှက်ကိုမတွေ့ရင်လည်း ပြန်လာခဲ့ပါ သားတော်ရယ်" ဟု မှာလိုက်သည်။

သားတော်လေးသည် ညအချိန်ရောက်၍ မြင်းပေါ်မှဆင်းပြီး ညစာစားရန်ပြင်ဆင်နေစဉ် ဝက်ဝံမသည် ရောက်လာသည်။ ပြီးလျှင်

သူ့ကို အစာအနည်းငယ်ပေးရန် တောင်းသည်။

သားတော်လေးက "ရပါတယ်ဗျာ၊ ဒါပေမဲ့ မြန်မြန်စားပြီး သွားပေတော့၊ ငါက ရွှေရောင်ငှက်ကိုရှာဖို့ ခရီးဆက်ရမယ်၊ အချိန် သိပ်မရှိဘူး" ဟု ပြောသည်။

ဝက်ဝံမသည် ဆာဆာနှင့် မင်းသားလေးကျွေးသော အစား အစာများကို အားရပါးရစားသည်။ ပြီးလျှင် မင်းသားလေး၏ မြင်းကို ကြည့်ပြီး "ဒီမြင်းကို ကျွန်မစီးချင်လို့ပါ စီးခွင့်ပြုပါ" ဟု ခွင့်ပန်သည်။

သားတော်လေးသည် ခေတ္တမျှ စဉ်းစားလိုက်သည်။ ပြီးလျှင် ခေါင်းညိတ်ပြီး သဘောတူကာ "ကောင်းပြီ၊ ဒါပေမဲ့ ငါ့နောက်ကနေပြီး လိုက်ရမယ်" ဟု ပြောလိုက်သည်။ စားသောက်ပြီးသည်နှင့် သားတော် လေးသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။ ဝက်ဝံမကလည်း သားတော်လေး၏နောက်မှလိုက်ရန်အတွက် မြင်းပေါ်သို့ မတက်တတ် တက်တတ်နှင့် ကိုးရိုးကားရားတက်လိုက်သည်။

မြင်းကလည်း သူ့ကိုယ်ပေါ်ကို ဝက်ဝံမထိုင်လိုက်သည်နှင့် လေးလွန်းသဖြင့် မျက်နှာကို ရှုံ့မဲ့နေသည်။

သို့သော် မကြာမီမှာပင် မြင်းသည် အဟုန်ပြင်းစွာနှင့် ခရီး ထွက်ခဲ့သည်။ မြင်း၏စိတ်ထဲတွင် "ငါ့ကိုယ်ပေါ်မှာ ဘာအလေးချိန်မှ ပါမလာသလိုပါလား" ဟုတွေးမိသည်။ သူခရီးသွားရသည်မှာလည်း ပေါ့ပါးနေသဖြင့် ခရီးမှာ အလွန်တွင်လေသည်။

သားတော်လေးသည် အံ့ဩလွန်းသဖြင့် နောက်ကို လှည့် ကြည့်လိုက်သောအခါတွင် သူ့နောက်တွင် ထိုင်ပြီးလိုက်လာသည်မှာ ဝက်ဝံမ မဟုတ်ဘဲ အလွန်ချောမောလှပသော မင်းသမီးလေးတစ်ပါး ဖြစ်နေသည်ကို တွေ့ရသည်။

သားတော်လေးက "မင်းဘယ်သူလဲ" ဟု မေးလိုက်ရာ မင်းသမီး လေးက "ကျွန်မဟာ ရွှေရောင်ငှက်ကို ပိုင်တဲ့ မင်းသမီးလေးပါ၊ ကျွန်မဟာ ကျိန်စာမိနေလို့ အခုလို ဝက်ဝံမဖြစ်နေရတာပါ၊ ရှင့်လို

မင်းသားက ကျွန်မလိုချင်တာကို ဖြည့်ဆည်းပေးတဲ့အတွက် ကျိန်စာတွေအားလုံး ပျောက်သွားပါပြီ" ဟု ရှင်းပြသည်။

သားတော်လေးသည် အလွန်အံ့ဩသွားသည်။ "မင်းက ရွှေငှက်ပိုင်တဲ့ မင်းသမီးဟုတ်လား၊ ဒါဆို ငါ့ခမည်းတော်ရဲ့ ဥယျာဉ်ထဲက ရွှေပန်းသီးတွေလာခိုးတဲ့ ရွှေငှက် ဘယ်မှာလဲဆိုတာ သိမှာပေါ့" ဟု မေးလိုက်သည်။

မင်းသမီးလေးက ပြုံးရယ်လိုက်ပြီး "သိတာပေါ့ရှင်၊ ဒီရွှေငှက်ကြောင့်လည်း ရှင်တို့ညီအစ်ကိုနဲ့ အခုလို ကျွန်မတွေ့ရတာပေါ့၊ ကျွန်မက ကျိန်စာကြောင့် အခုလို အစော်ရှိစာကို တောင်းစားရမှာဆိုတော့ ဒီရွှေငှက်ကို ရှင်တို့ ဥယျာဉ်က ပန်းသီး ခိုးခိုင်းရတာပါ၊ ဒါပေမဲ့ ရှင်တို့ညီအစ်ကို သုံးယောက်မှာ ရှင်တစ်ယောက်ပဲ ကြင်နာသနားတတ်တယ်" ဟု ရှင်းပြသည်။

သားတော်လေးက "ဒါဆို ကျုပ်အစ်ကိုနှစ်ယောက်ကော" ဟု မေးလိုက်သည်။ မင်းသမီးလေးက "သူတို့ရှိကြပါတယ်၊ လူဆိုးတွေကတော့ သူတို့နှစ်ယောက်ကို နှိပ်စက်ကြတာတော့ အရမ်းပဲ၊ ဒါကလည်း သူတို့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်နဲ့ သူတစ်ပါးကို မကြင်နာတတ်ကြလို့ အခုလိုခံရတာပါ၊ ဘာပဲဖြစ်ဖြစ် သူတို့ မကြာခင် ရှင်တို့ရဲ့တိုင်းပြည်ကို ပြန်ရောက်ကြပါလိမ့်မယ်" ဟု ရှင်းပြသည်။

မင်းသမီးလေးသည် သားတော်လေးကို တောထဲတွင်ရှိသော ဂူတစ်ခုဆီသို့ ခေါ်သွားပြီး ရွှေလှောင်အိမ်ထဲမှ ရွှေငှက်ကလေးကို ပြလေသည်။

မင်းသားလေးသည် "ဒီငှက်ကလေးကို ကျွန်တော့်နန်းတော်ကို ခဏလောက် ယူသွားခွင့်ပြုပါဗျာ၊ ကျွန်တော့်ရဲ့ခမည်းတော်ကို ပြချင်လို့ပါ၊ ခင်ဗျားရဲ့ရွှေငှက်ကို ခင်ဗျားပဲ ပိုင်ဆိုင်ရမှာပါ" ဟု ရှင်းပြသည်။

ဘုရင်ကြီးသည် သူ့သားတော်များအားလုံး ပြန်လာကြသဖြင့်

အလွန်ပျော်လေသည်။ ငင်းပြင် သူသိပ်လိုချင်နေသော ရွှေရောင်ငှက်ကလေးပါလာသဖြင့် အတိုင်းထက်အလွန် ဖြစ်နေသည်။

နောက်ရက်များ မကြာမီတွင် သားတော်လေးသည် မင်းသမီးလေးနှင့် လက်ထပ်လိုက်သည်။ ရွှေငှက်ကလေးသည် ပျော်လွန်းသဖြင့် သီချင်း သီဆိုလိုက်သည်မှာ နန်းတော်တစ်ခုလုံး ချိုးမွှမ်းသံများနှင့် လျှံဝေနေသည်။

❐



ပညာရှိ ကုလားအုတ်မောင်းသမားလေး (အာရပ်)

## ပညာရှိ ကုလားအုတ်မောင်းသမားလေး

ဟိုးရှေးရှေးက သဲကန္တာရ လွင်ပြင်ကျယ်ကြီးရှိသော အာရပ်နိုင်ငံတစ်နိုင်ငံတွင် ကုလားအုတ်မောင်းသမား ဆက်ကိုဆိုသူ ရှိလေသည်။ သူသည် အလွန်ဆင်းရဲလေသည်။ သူ့တွင် အက်ဒူဟုခေါ်တွင်သော သားတစ်ယောက် ရှိသည်။

အက်ဒူလေးသည် သန်မာထွားကျိုင်းသော ကလေးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဆက်ကိုသည် သူ၏သားလေး သဲသောင်ပြင်တွင် ဆော့ကစားနေသည်ကိုကြည့်ပြီး သူ့သားလေးကြီးလာလျှင် သူ့လိုပင် ကုလားအုတ်များနှင့် ဝန်စည်စလယ်များ သယ်ဆောင်ရန် အဖော်ရတော့မည်ဟု တွေးမိကာ ပျော်နေသည်။

အက်ဒူလေးသည် တဖြည်းဖြည်းနှင့် အရွယ်ရောက်လာသည်။ အက်ဒူသည် ကုလားအုတ်မောင်းသောအလုပ်ကို လုံးဝ စိတ်မဝင်စားချေ။ သူတို့တိုင်းပြည်မှ လူများသည် ကုလားအုတ်စီးကာ ဝန်စည်များ သယ်ဆောင်ရသည့်အလုပ်ကို လုပ်ရသည်ကိုလည်း သူ မနှစ်သက်ချေ။ အက်ဒူ၏ ဖခင်ကြီးသည် အက်ဒူ၏ စိတ်ထားကို သိရသောအခါ ဆန်ကုန်မြေလေးလူတစ်ယောက်ဆိုပြီး ဆူပူလေသည်။

အမှန်မှာ အက်ဒူသည် လူပျင်းတစ်ယောက် မဟုတ်ချေ။ သူသည် ဉာဏ်ထက်မြက်သော ကလေးတစ်ယောက်ဖြစ်သည်နှင့်အညီ

စူးစမ်းလေ့လာလိုစိတ်လည်း အပြည့်ရှိသည်။ အမေးအမြန်းလည်း ထူလေသည်။

သူစိတ်ဝင်စားသည်မှာ သဲသောင်ပြင်တွင် သစ်ကိုင်းခြောက်နှင့် စာလုံးများ၊ ပုံများရေးပြီး စဉ်းစားလိုက် ကစားလိုက်လုပ်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ဂဏန်းများရေးပြီး ပုစ္ဆာများကို သူ့ဘာသာသူထွင်ပြီး စဉ်းစားတတ်သည်။

သူ့အဖေက အလုပ်မလုပ်ဘဲ မြေကြီးပေါ်တွင် တောင်ခြစ် မြောက်ခြစ် လုပ်နေသည်ကို မကြိုက်ချေ။ ထို့ကြောင့် သူတို့မှာ ပိုက်ဆံမရှိ၍ ထမင်းစားစရာမရှိသော "နေ့များတွင် သူ့သားက မြေကြီးပေါ်တွင် အဝိုင်းတွေ၊ လေးထောင့်တွေနှင့် အလုပ်ရှုပ်နေသည်ကို မြင်တွေ့လျှင် သည်းမခံနိုင်တော့ဘဲ သစ်ကိုင်းခြောက်ကို ချိုးပစ်တတ်သည်။ ပြီးလျှင် စိတ်ဆိုးမာန်ဆိုးနှင့် "နင် အခုလို မြေကြီးပေါ် စာတွေပုံတွေ ရေးနေတာကလွဲလို့ တခြား မလုပ်တတ်တော့ဘူးလား၊ ဒီဟာတွေရေးနေလို့ ထမင်းစားစရာ ရတာမဟုတ်ဘူးကွ" ဟုပြောကာ ဆူပူလေသည်။

ဆက်ကို မည်မျှပင်ဆူစေကာမူ အက်ဒူသည် ဘာမှပြန်မဖြေနိုင်ချေ။ သူ့စိတ်ထဲကမူ သူလေ့လာနေသော အကြောင်းအရာများသည် တစ်နေ့တွင် ပြဿနာများ ဖြေရှင်းနိုင်မည်ဟု သိနေသည်။ ဆက်ကို၏ စိတ်ထဲတွင် အက်ဒူကို မွေးရသည်မှာ သူ့တွင် ကျိန်စာသင့်နေသူ တစ်ယောက်လို ခံစားနေရသည်ဟု ထင်သည်။ သူ အသက်အရွယ် ကြီးရင့်လျှင် သားအဖနှစ်ယောက်တွင် စားစရာ ဝတ်စရာမရှိသဖြင့် ဒုက္ခရောက်တော့မည်ဟု ပူပင်နေသည်။

သို့နှင့် တစ်နေ့တွင် အဖေကြီးသည် သည်းမခံနိုင်တော့ဘဲ အက်ဒူကို အတင်းဆွဲခေါ်လာပြီး အက်ဒူ့လက်ထဲမှ တုတ်ချောင်းကို လွှင့်ပစ်လိုက်သည်။ ပြီးလျှင် "ဒီစာတွေနဲ့ ဂဏန်းတွေက ငါတို့စား လို့ရတာ မဟုတ်ဘူး၊ ကုလားအုတ်မောင်းတဲ့ အလုပ်ကမှ ငါတို့

ထမင်းစားရတာကွ၊ မင်းကို ငါ ကျွေးမွေးလာတာလည်း တော်လောက်ပြီလို့ ငါထင်တယ်၊ အခုတော့ မင်းဘာသာမင်း ရှာစားပေတော့၊ မင်းကို ကုလားအုတ်တစ်ကောင် ပေးလိုက်မယ်၊ မင်းဘာသာမင်း လုပ်ချင်တာ လုပ်ပေတော့၊ အေး မင်းဗိုက်ဆာလာရင်တော့ အိမ်ပြန်လာလို့ မရတော့ဘူး၊ မင်းဘာသာရှာပြီး စားရမယ်၊ သွားပေတော့ ပညာရှိရေ" ဟု ပြောကာ အိမ်မှ မောင်းထုတ်လိုက်သည်။

သံယောဇဉ်ကြီးသော ဖခင်သည် သူ့သားအတွက် ထမင်းထုပ်နှင့် ရေဘူးကိုပြင်ဆင်ပေးကာ ကုလားအုတ်တစ်ကောင်နှင့် အိမ်မှ ထွက်စေခဲ့ခြင်း ဖြစ်သည်။

အက်ဒူသည် သူ့ဖခင်နှင့် ယခုလိုခွဲခွာရသဖြင့် စိတ်မကောင်းလှချေ။ သို့သော် သူလုပ်ချင်တာ လုပ်ဖို့နှင့် လွတ်လွတ်လပ်လပ်နေရတော့မည်ဆိုသည့် အတွေးများကြောင့် ပျော်နေသည်။ ထို့ကြောင့် သီချင်းတအေးအေးနှင့် သဲကန္တာရတွင် ခရီးဆက်ခဲ့သည်။ စိတ်ထဲတွင်လည်း ယခုလို လောကကြီးထဲသို့လေ့လာရင်း သူ့အတွက်အနာဂတ်၏ အောင်မြင်မှုများ ရနိုင်သည်ဟု မျှော်လင့်မိသည်။

ထိုနေ့ညနေတွင် အက်ဒူသည် သဲကန္တာရအတွင်းရှိ အိုအေစစ်တစ်ခုနားတွင် ကုလားအုတ်ကို ရေတိုက်ရင်း နားရန်ဆင်းခဲ့သည်။ ထို့နောက် သူ့ဖခင်ထည့်ပေးလိုက်သော ထမင်းထုပ်ကို ဖြေ၍စားသည်။ ထမင်းထုပ်အတွင်းရှိ ထမင်းမှာ နည်းနည်းသာ ထည့်ပေးလိုက်ခြင်းဖြစ်သည်။ သို့မှသာ ထမင်း၏အရေးကြီးပုံကို အက်ဒူသိမှာဖြစ်သည်။ အက်ဒူသည် စွန်ပလွံပင်ပေါ်မှ စွန်ပလွံသီးအချို့ကို ခူးစားပြီး သဲပြင်မှာ လှဲ၍ အိပ်လိုက်သည်။

အက်ဒူ သဲပြင်တွင် လှဲအိပ်လိုက်သည်နှင့် ကောင်းကင်တစ်ခုလုံး ပြည့်နှက်နေသော ကြယ်များကိုကြည့်ရင်း စိတ်ကူးယဉ်လေသည်။ သူ့စိတ်ကူးမှာ ညအချိန်ကျတော့မှ ဘာဖြစ်လို့ ဒီကြယ်တွေကို တွေ့ရတာလဲ။ ကြယ်တွေကလည်း မရေမတွက်နိုင်အောင်များတာ ဘာ

ကြောင့်လဲ။ ကြယ်တွေရဲ့ အနေအထားတွေကလည်း မပြောင်းဘဲ နေသလား။ သူ့စိတ်ထဲတွင် ထူးခြားနေသည်။

အက်ဒူသည် ကောင်းကင်ကြီးကိုကြည့်ရင်း အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် ကြယ်များနှင့် မိမိနေထိုင်သောကမ္ဘာ မည်မျှဝေးသလဲ ဆိုသည်နှင့် ကြယ်များသည် ကောင်းကင်တွင် တစ်နေရာတည်းတွင် ပုံသေမရှိဘဲ နေရာပြောင်းသွားရသည်မှာ မည်သည့်အတွက်ကြောင့်လဲ ဆိုသည်ကို စဉ်းစားနေသည်။

နောက်တစ်နေ့နံနက်တွင် အက်ဒူသည် စားရန် ထမင်းလည်း မကျန်သလောက်ဖြစ်နေပြီဖြစ်၍ "ငါ ပိုက်ဆံရှာဦးမှ၊ ငါ့မှာ စားစရာ ဘာမှမရှိတော့ဘူး" ဟု စိတ်ကူးမိသည်။

ထို့ကြောင့် သူ၏ကုလားအုတ်ပေါ်တက်၍ ခရီးဆက်ခဲ့သည်။ ထိုကဲ့သို့ ခရီးဆက်၍ မကြာခင်တွင် သဲသောင်ပေါ်တွင် လူသုံးယောက် စကားပြောနေကြသည်ကို တွေ့ရသည်။ သူတို့ စကားပြောနေကြ သည်မှာ အေးအေးဆေးဆေးမရှိဘဲ စိတ်ဆိုးပြီး ရန်ဖြစ်နေကြတာနှင့် တူနေသည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားပြော ရင်းနှင့် ထိုးသတ်တော့မည့်ပုံ ပေါ်နေသည်။ သူတို့နှင့် မလှမ်းမကမ်း တွင် ကုလားအုတ်များကို ကြိုးနှင့်ချည်ထားသည်ကို တွေ့ရသည်။

စပ်စုတတ်သော အက်ဒူသည် ကုလားအုတ်ပေါ်မှ ဆင်း၍ ထိုသူ သုံးယောက်ထံသွားပြီး မေးမြန်းသည်။ စောစောက ရန်ဖြစ်နေသူ သုံးယောက်သည် အက်ဒူကိုလှမ်းကြည့်ပြီး ပထမတွင် အံ့သြသွားသည်။ နောက်တော့မှ လူသုံးယောက်ထဲမှ တစ်ယောက်က "ငါတို့မှာ ပြဿနာ တစ်ခု ဖြစ်နေလို့" ဟု ပြောလိုက်သည်။ အက်ဒူက ဝမ်းမြောက် ဝမ်းသာနှင့် "ကျွန်တော့်ကို အဲဒီပြဿနာကို ပြောပြပါလား၊ ကျွန်တော် ကူညီနိုင်ရင် ကူညီရတာပေါ့" ဟုပြောသည်။ ထိုအခါ ပထမစကား ပြောသူကပင် "ငါတို့ပြဿနာကို ဘယ်သူမှ ဖြေရှင်းလို့ရမှာ မဟုတ် ပါဘူး" ဟု ညည်းလိုက်သည်။ ထိုအခါ ဒုတိယလူက "ဒီလူကို ပြော

ပြကြည့်ပါလား၊ အဖြေရလိုရငြားပေါ့၊ ပိုပြီးတော့ ဆိုးမှာမဟုတ်ပါဘူး" ဟု ဝင်ပြောသည်။ တတိယလူကလည်း ဒုတိယလူ၏စကားကို ထောက်ခံသည်။ "ကျွန်တော်ကတော့ အပြင်လူတစ်ယောက်က ဆုံးဖြတ်တာ ပိုပြီး သဘောကျတယ်" ဟု ပြောသည်။

ပထမလူက သူတို့တွေ့ကြုံနေရသော ပြဿနာကို ရှင်းပြလေသည်။ "ကျွန်တော်တို့ဟာ ညီအစ်ကိုသုံးယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖခင်ဟာ သူဌေးကြီးတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖခင်ဟာ ကွယ်လွန်သွားပြီး ကျွန်တော်တို့အတွက် အမွေဖြစ်တဲ့ အိမ်မြေယာတွေနဲ့ ရွှေတွေငွေတွေ ကျောက်သံပတ္တမြားတွေ အမြောက်အမြား ထားခဲ့ပါတယ်၊ ဒီပစ္စည်းတွေ ခွဲဝေယူဖို့က ဘာမှ ပြဿနာမရှိပါဘူး၊ အဲဒီအထဲက ပြဿနာဖြစ်နေတာကတော့ ဟောဒီ ကုလားအုတ် (၁၇) ကောင်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖေက ဒီကုလားအုတ်တွေရဲ့တစ်ဝက်ကို သားကြီးဖြစ်တဲ့ ကျွန်တော်ကယူပြီး ဒီကုလားအုတ်ရဲ့ သုံးပုံတစ်ပုံကို သားလတ်ကယူရမယ် ပြောတယ်။ သားထွေးကတော့ ဒီကုလားအုတ်ရဲ့ ကိုးပုံတစ်ပုံယူရမယ်ပြောတယ်" ဟု ရှင်းပြသည်။

ညီအငယ်ဆုံးက "ဒီကုလားအုတ်တွေကို ဘယ်လိုလုပ်ပြီး အဖေ ပြောသလို ခွဲဝေလို့ရမှာလဲဗျာ" ဟု ဝင်ပြောသလို ညီလတ်ကလည်း "ခင်ဗျားကသာ ဒီကုလားအုတ်တွေကို အဖေပြောသလို ခွဲဝေပေးနိုင်ရင်တော့ ခင်ဗျားအတွက် ဆုလာဘ်များများ ပေးပါ့မယ်ဗျာ" ဟု ဝင်၍ စကားအဆုံးသတ်သည်။

အက်ဒူသည် ကုလားအုတ် (၁၇) ကောင်ကို လှမ်းကြည့်ပြီး စဉ်းစားသည်။ ပြီးလျှင် မြေကြီးပေါ်တွင် သစ်ကိုင်းခြောက်နှင့် ဟိုခြစ်ဒီခြစ်လုပ်ကာ အလုပ်ရှုပ်နေသည်။ နောက်ဆုံးတွင် ခေါင်းတညိတ်ညိတ်နှင့် အဖြေရသွားသည်။

"ကျွန်တော် ခင်ဗျားတို့ပြဿနာရဲ့ အဖြေကိုရပြီ" ဟုပြောကာ

သူ၏ကုလားအုတ်ကို ဆွဲယူပြီး လူရွယ်တို့ရဲ့ ကုလားအုတ် (၁၇) ကောင်နှင့် သွား၍ရေထားလိုက်သည်။ ထိုအခါ ကုလားအုတ် (၁၈) ကောင် ဖြစ်သွားသည်။

"ကဲ ကိုကြီး၊ ခင်ဗျား တစ်ဝက်ယူပေတော့" ဟု သားကြီးကို ပြောသည်။ သားကြီးလည်း ယောင်နနနှင့်ထကာ ကုလားအုတ်များထဲမှ တစ်ဝက်ဖြစ်သော (၉) ကောင်ကို ယူလိုက်သည်။

အက်ဒူသည် ညီလတ်ကို "ကဲ ကိုလတ်၊ ခင်ဗျားက သုံးပုံတစ်ပုံ ယူပေတော့" ဟု ပြောလိုက်သည်။ သားလတ်က ကုလားအုတ် (၆) ကောင်ကို ရေတွက်ပြီးယူလိုက်သည်။

ညီအငယ်ဆုံးအလှည့်သို့ရောက်သော် အက်ဒူက "ကဲ ကိုငယ်၊ ခင်ဗျားက ၉ ပုံတစ်ပုံ ယူပေတော့" ဟု ပြောပြန်သည်။ သားထွေးသည် ကုလားအုတ် ၂ ကောင်ကို ယူလိုက်သည်။

နောက်ဆုံးတွင် ကုလားအုတ်တစ်ကောင်သာ ကျန်တော့သည်။ အက်ဒူသည် ပြုံးရယ်ပြီး ကျန်နေသော သူ့ကုလားအုတ်ကို ပြန်ပြီး ယူလိုက်သည်။ "တွေ့ကြပြီမဟုတ်လား၊ ဒီပြဿနာက လွယ်လွယ်လေးပါ" ဟုလည်း ပြောလိုက်သည်။

ညီအစ်ကိုသုံးယောက်သည် အလွန် ပျော်ရွှင်သွားကြသည်။ အက်ဒူကိုလည်း သိပ် အထင်ကြီးသွားသည်။ အစ်ကိုအကြီးဆုံးက "မင်းဟာ အသက်ငယ်ပေမဲ့ ပညာ ရှိပါပေတယ်၊ ရော့ ဒီရွှေဒင်္ဂါးတွေကို ဆုအဖြစ်နဲ့ လက်ခံပါ၊ ခင်ဗျားကြောင့် ကျွန်တော်တို့ ညီအစ်ကိုတစ်တွေ အခုလို ပြန်ပြီးတည့်သွားကြတာပါ" ဟုပြောသည်။

အက်ဒူသည် ရွှေဒင်္ဂါးများကို ဝမ်းမြောက်ဝမ်းသာလက်ခံပြီး သူ၏ ကုလားအုတ်ပေါ်တက်ကာ ခရီးထွက်ခဲ့သည်။ ညီအစ်ကိုသုံးယောက်မှာလည်း ယခင်ကအတိုင်း ချစ်ခင်သွားပြီး အက်ဒူကို လက်ပြနှုတ်ဆက်ကာ ကျန်ခဲ့သည်။

အက်ဒူသည် ကုလားအုတ်ပေါ်မှနေ၍ ရွှေဒင်္ဂါးအိတ်ကို ဆုပ်

ကိုင်ပြီး သူ့ဖခင်ကို တွေ့ချင်ဇောနှင့် ခရီးနှင်လျက်ရှိသည်။

အက်ဒူသည် "ဒီပြဿနာရဲ့အဖြေကို စဉ်းစားရတာ ခဏလေးနဲ့ အဖြေရတာ အံ့ဩစရာပါပဲ၊ အဖေကတော့ ငါ့ကို ဆန်ကုန်မြေလေးသား ဆိုပြီး ပြောနေတာ၊ အခုတော့ အဖေရဲ့သား စဉ်းစားတွေးတောမှုကြောင့် ပြဿနာရဲ့အဖြေကို ရှာနိုင်လို့ ရွှေဒင်္ဂါးတွေရလာတာ တွေ့ရင် သိပ်ဝမ်းသာမှာပဲ" ဟု စိတ်ကူးလျက် ဖခင်၏ အိမ်ဆီသို့ ပြန်လာသည်။

(မှတ်ချက်။ ။ သဲကန္တာရခရီးတွင် ကုလားအုတ်သည် မော်တော်ကား၊ မီးရထား၊ သင်္ဘောများအစား အသုံးပြုသော သက်ရှိယာဉ် ဖြစ်သည်။ ကုန်ပစ္စည်းများစွာ သယ်ဆောင်နိုင်သည်။ ကုလားအုတ်တစ်ကောင်၏ တန်ဖိုးမှာ အလွန်များလှသည်။)

❒

မျက်လှည့်ဆရာကြီးဓါတာယည့်
(ဂျာမနီ)



## မျက်လှည့်ဆရာကြီး၏ တပည့်

ဟိုးရှေးရှေးက ဟန်ဟုအမည်တွင်သော လူငယ်တစ်ယောက်ရှိသည်။ သူသည် ဆင်းရဲသော သစ်ခုတ်သမားကြီး၏ သားအငယ်ဆုံးဖြစ်သည်။ သူသည် အရွယ်ရောက်လာသောအခါ သူ့ဝမ်းစာကို သူကျောင်းပြီး စားရန်အတွက် အိမ်မှထွက်ခဲ့သည်။ ဟန်သည် သူတစ်ပါးကို ကူညီတတ်ပြီး စပ်စုတဲ့လူငယ်တစ်ယောက် ဖြစ်သည်။

ဟန်သည် အရုပ်ရှည်ပြီး ကိုယ်ခန္ဓာထွားကျိုင်းသည်။ ၎င်းအပြင် အစဉ်ပြုံးချိုနေတတ်သော မျက်နှာကြောင့် သူ့ကို လူတိုင်းက ခိုင်းစေလိုကြသည်။ သို့သော် ဟန်သည် ယခုလို သူတစ်ပါးအလုပ်များကို လုပ်ပေးရသည်ထက် မျက်လှည့်ဆရာတစ်ယောက်ထံတွင် တပည့်အဖြစ် လုပ်လိုသည်။ "ထို့ကြောင့် မျက်လှည့်ဆရာကြီးတစ်ဦးထံ ချဉ်းကပ်ပြီး တပည့်ခံသည်။ မျက်လှည့်ဆရာကြီးကလည်း ဟန်ကို သဘောကျကာ သူ၏တပည့်အဖြစ် အိမ်အလုပ်များလုပ်ရန် ငှားသည်။ နောက်ပိုင်းတွင် မျက်လှည့်ပညာကိုလည်း သင်ပေးမည်ဟုဆိုသည်။

ဟန်မှာလည်း သူဖြစ်လိုသောအလုပ်ကို လုပ်ရတော့မည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာပင် မျက်လှည့်ဆရာကြီးနောက်သို့ လိုက်သွားလေသည်။

မျက်လှည့်ဆရာသည် ဟန်ကို သူ၏ရဲတိုက်ကြီးဆီသို့ ခေါ်ဆောင် သွားသည်။ အမှန်မှာ မျက်လှည့်ဆရာကြီးသည် သူ၏အိမ်

တွင် အမှိုက်သရိုက်လှည်းကျင်းရန်နှင့် ဖုန်ခါရန် အလုပ်သမားလိုသဖြင့် ခေါ်လာခြင်းဖြစ်သည်။ ဟန်သည် ရဲတိုက်သို့ရောက်သောအခါ တစ်ပတ်ကိုတစ်ခါသာ မျက်လှည့်ဆရာကြီးနေသော အခန်းကိုဝင်၍ ဖုန်ခါလှည်းကျင်းရပြီး အခြားရက်များတွင် ရဲတိုက်တစ်ခုလုံးကို လှည်းကျင်းရင်း အချိန်ကုန်ရသည်။

အလွန်စပ်စုသော ဟန်သည် ရဲတိုက်ထဲရှိ မျက်လှည့်ဆရာကြီး၏ အခန်းထဲရှိ စာအုပ်များကို အလွန်စိတ်ဝင်စားသည်။ သို့သော် မျက်လှည့်ဆရာကြီးက ထိုစာအုပ်များကို ဖုန်ခါရင်း ဟန်က ဖွင့်ပြီး ဖတ်သည်ကို တွေ့သွားသဖြင့် စိတ်ဆိုးမာန်ဆိုးနှင့် ဆူပူကြိမ်းမောင်းသည်။ နောက်တစ်ကြိမ် ယခုကဲ့သို့ ဖွင့်ဖတ်ပါက ဟန်ကို ဖားပြုတ်သို့မဟုတ် နွားချေးပိုးကောင်ဖြစ်အောင် ဖန်ဆင်းလိုက်မည်ဟု ခြိမ်းခြောက်သည်။

သို့သော် အလွန်လိမ္မာသောဟန်သည် မျက်လှည့်ပညာကို မျက်လှည့်ဆရာကြီးထံမှတစ်ဆင့် တစ်နည်းနည်းနှင့် ရအောင်ယူရန် သူဆုံးဖြတ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလူကြီး၏ အလုပ်အကျွေးလုပ်ရန် သူလိုက်လာစဉ်က သူ့ကို မျက်လှည့်ပညာ သင်ပေးမည်ဟုပြောပြီး ခေါ်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဟန်သည် အခွင့်အရေးကို အမြဲစောင့်နေသည်။ တစ်နေ့တွင် ထိုအခန်းကိုဝင်သော တံခါးသော့ကို ခိုးယူလိုက်သည်။ ပြီးလျှင် ဖယောင်းနှင့် ထိုသော့၏ပုံစံကို ယူထားလိုက်သည်။ သော့ပုံစံရသည်နှင့် မျက်လှည့်ဆရာကြီးမသိမီပင် သော့ကို ပြန်ထားလိုက်သည်။

မကြာမီမှာပင် ဟန်သည် ဖယောင်းတွင်ထင်နေသော သော့ပုံစံနှင့် သော့တုလုပ်သည်။ ညတိုင်း မျက်လှည့်ဆရာကြီး အိပ်ပျော်သည်နှင့် တိတ်တဆိတ် စာကြည့်ခန်းထဲဝင်ကာ စာအုပ်များကိုဖတ်ပြီး မျက်လှည့်ပညာကို လေ့လာသည်။ ထိုကဲ့သို့လေ့လာရင်းနှင့် သူ့ဆရာ

ကြီးတတ်သော ပညာများအားလုံးနီးပါးကို သူတတ်ကျွမ်းလာသည်။

တစ်ညတွင် ဟန်သည် စာအုပ်များကို စိတ်ဝင်စားစွာဖတ်နေစဉ် မျက်လှည့်ဆရာကြီးက နိုးလာပြီး တွေ့သွားသည်။ မျက်လှည့်ဆရာကြီးသည် အလွန်စိတ်ဆိုးသွားသည်။ ထို့ကြောင့် သူ့ကိုအပြစ်ပေးရန် အတွက် သူ၏အတတ်ပညာနှင့် လုပ်ထားသော ကြိမ်လုံးကို လှမ်းယူလိုက်သည်။

ဟန်သည် မျက်လှည့်ဆရာကြီး သူ့ကို ဘာမှ မလုပ်နိုင်ခင်မှာ သူ့ကိုယ်သူ ချိုးငှက်အသွင် ဖန်ဆင်းလိုက်သည်။ ပြီးလျှင် ဖွင့်ထားသော ပြတင်းပေါက်မှ ပျံပြီးထွက်ပြေးခဲ့သည်။ မျက်လှည့်ဆရာကြီးကလည်း ဟန်၏နောက်မှ ထက်ကြပ်မကွာ စွန်ရဲသဏ္ဍာန်ဖန်ဆင်းပြီး လိုက်လာသည်ကို ဟန် သတိထားမိသည်။

ဟန်သည် သူလေ့လာထားသော ပညာကို အသုံးပြု၍ သူ့ကိုယ်သူ အလွန်လှပသော လက်စွပ်သဏ္ဍာန်ဖန်ဆင်းပြီး ဘုရင့်သမီးတော်လေး၏ ခြေတော်ရင်းတွင် သက်ဆင်းလိုက်သည်။ ဘုရင့်သမီးတော်ကလည်း နန်းတော်တွင်းရှိ ဥယျာဉ်ထဲတွင် လမ်းလျှောက်လာရင်း သူ့ခြေရင်းက အရောင်တလက်လက်နှင့် လက်စွပ်ကို တွေ့သွားသည်။ "ဟယ် လှလိုက်တဲ့ လက်စွပ်လေး" ဟုဆိုပြီး ထိုလက်စွပ်ကို ကောက်ယူပြီး လက်မှာစွပ်လိုက်သည်။

မင်းသမီးလေး လက်စွပ်ကို စွပ်လိုက်၍မကြာမီမှာပင် မင်းသမီးလေး၏ဘေးတွင် အလွန်လှပချောမောသော မင်းသားလေးတစ်ပါး ရပ်နေသည်ကို အံ့ဩဖွယ်တွေ့ရသည်။

မင်းသားလေးက "မိန်းကလေး သင့်လက်ထဲက လက်စွပ်ကို ကျွန်ုပ်အားပေးပါ၊ ဤကမ္ဘာလောကထဲတွင် မိန်းကလေးလိုချင်တာ အားလုံး ရရပါစေမယ်" ဟုပြောသည်။ အမှန်မှာ ထိုမင်းသားသည် မျက်လှည့်ဆရာကြီးက သူ့ကိုယ်သူ မင်းသားအသွင်ပြောင်းထားသူသာ ဖြစ်သည်။

မင်းသမီးလေးက မင်းသားသည် ရုပ်ရည်လှပသော်လည်း မျက်လုံးကစိမ်းပြီး ရက်စက်မည့်ပုံ ပေါ်နေသဖြင့် သူ့လက်ထဲမှ လက်စွပ်ကို မပေးလိုချေ။ ထို့ကြောင့် "မဟုတ်တာရှင်၊ ကျွန်မရဲ့ ခမည်းတော် ဘုရင်ကြီးဟာ ကျွန်မလိုသမျှအားလုံးကို ပေးစွမ်းနိုင်သူပါရှင်၊ နောက်ပြီး ဒီလက်စွပ်ကလည်း မိုးပေါ်ကနေပြီး ကျလာတာဖြစ်လို့ ရှင့်လက်စွပ်လည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"ဟု ပြောလိုက်သည်။

ထိုအခါ မင်းသားဟန်ဆောင်နေသော မျက်လှည့်ဆရာကြီးသည် စိတ်ဆိုးမာန်ဆိုးနှင့် မြေကြီးကို ခြေထောက်နှင့် ဆောင့်လိုက်သည့်အခါတွင် မျက်လှည့်ဆရာကြီးပုံပြောင်းသွားသည်။ ချက်ချင်းပင် မင်းသမီးလေးလက်ထဲမှ လက်စွပ်ကို ဂျုံစေ့အသွင် ပြောင်းအောင်လုပ်လိုက်ပြီး သူ့ကိုယ်သူမူ ကြက်ဖသဏ္ဌာန် ပြောင်းလိုက်သည်။

မင်းသမီးလေးလက်ထဲမှ ဂျုံစေ့မြေကြီးပေါ်ကျသည်နှင့် ကြက်ဖသည် ချက်ချင်းပင် ဝင်လုပြီးစားရန် ပြင်ဆင်သည်။ ထိုအခါတွင် မင်းသမီးလေးသည် ဂျုံစေ့ကို သူ့ဂါဝန်နှင့် ဖုံးလိုက်သည်။ ထို့ကြောင့် ကြက်ဖကြီးသည် ဂျုံစေ့ကိုစားရန် မဖြစ်နိုင်တော့ချေ။

သို့ရာတွင် ဖြတ်ထိုးဉာဏ်ကောင်းသော မျက်လှည့်ဆရာကြီးသည် သူ့ကိုယ်သူ ကြွက်အသွင်ပြောင်းလိုက်သည်။ မင်းသမီးလေးသည် ကြွက်ကိုမြင်သည်နှင့် လန့်ပြီး ဥယျာဉ်တော်ထဲရှိ ခုံပေါ်သို့ တက်ပြေးသည်။ ထိုအခါ ဂျုံစေ့လေးသည် မြေကြီးပေါ်တွင် ထင်ထင်ရှားရှားကြီး ကျန်ခဲ့သည်။ အမှန်မှာ ဂျုံစေ့သည် ဟန်ပင်ဖြစ်သည်။

ထိုအခါ ကြွက်သည် ဂျုံစေကို စားရန်အတွက် အပြေးလေးရောက်လာသည်။ ကြွက်သည် ဂျုံစေ့နားမရောက်ခင်မှာပင် ဟန်သည် ဂျုံစေ့ကနေ အလွန်ကြီးသော ကြောင်ကြီးအသွင် ပြောင်းလိုက်သည်။ မကြာမီမှာပင် ကြွက်အသွင်ပြောင်းထားသော မျက်လှည့်ဆရာကြီးသည် အရှုံးပေးကာ သူ့ရဲတိုက်သို့ သူပြန်သွားသည်။

ဟန်သည် ကြောင်အသွင်မှ သူ့နဂိုပုံစံအတိုင်း ပြောင်းလိုက်ပြီး

အံ့ညြထိတ်လန့်နေသော မင်းသမီးလေးကို အကြောင်းစုံရှင်းပြသည်။ မင်းသမီးလေးသည် ဟန်ကို သူ့ခမည်းတော်ဘုရင်ကြီးထံ ခေါ်ဆောင်သွားသည်။

ဘုရင်ကြီးသည် ဟန်၏ဇာတ်လမ်းစုံကို ကြားသိရသောအခါ ယခုလို ဉာဏ်ပညာထက်မြက်သော မျက်လှည့်ဆရာလေးကို သမက်တော်ချင်လာသည်။ သမီးတော်ကသာ လက်ခံပါက သူတို့နှစ်ယောက်ကို လက်ဆက်ပေးရန် ဆန္ဒရှိသည်။

မင်းသမီးလေးကလည်း ဟန်ကို တွေ့တွေ့ချင်း ချစ်ခင်စုံမက်မိသည်။ ဟန်ကလည်း အလွန်တရာသဘောကောင်းပြီး ကူညီတတ်သော မင်းသမီးလေးကို ချစ်ခင်နေပြီဖြစ်သည်။

ထို့ကြောင့် ဘုရင်ကြီးသည် ဟန်နှင့် သမီးတော်လေးကို စုလျားရစ်ပတ် လက်ထပ်ပေးလိုက်သည်။ ဟန်သည် တရားစီရင်သည့်အခါတွင်လည်းကောင်း၊ အမှုမှန်ပေါ်အောင် စစ်ဆေးရာတွင်လည်းကောင်း သူတတ်ထားသော မျက်လှည့်ပညာများကိုသုံး၍ တရားစီရင်စစ်ဆေးတတ်သည်။ သို့သော် သူ့ကိုယ်သူမူ ကြွက်အသွင်သို့ မည်သည့်အခါမှ မပြောင်းတော့ချေ။ အဘယ်ကြောင့်ဆိုသော် မင်းသမီးလေးက ကြွက်ဆိုလျှင် အလွန်ကြောက်တတ်၍ ဖြစ်သည်။

သို့နှင့် ဟန်နှင့် မင်းသမီးလေးမှာ သားတော်တစ်ပါးနှင့် သမီးတော်လေးတစ်ပါး ရလာသည်။ သူတို့ကလေးနှစ်ယောက်သည် ညအိပ်ရာဝင်တိုင်း သူတို့ဖခင်ပြောပြသော မျက်လှည့်ဆရာကြီး၏ တပည့်အကြောင်းနှင့် မျက်လှည့်များအကြောင်းကို နားထောင်၍ မဝနိုင်ကြချေ။

❐

ဘဲလ်လာနှင့် ပြောင်းဖူးစေ့လည်ဆွဲ (ဂျာမနီ)



## ဘဲလ်လာနှင့် ပြောင်းဖူးစေ့လည်ဆွဲ

ဟိုးရှေးရှေးက ဘဲလ်လာဟု အမည်တွင်သော မိန်းမပျိုလေးသည် သူ့မိထွေးနှင့် အတူနေလေသည်။ ဘဲလ်လာလေးသည် အလွန်ချောမော လှပေသည်။ မိထွေးဖြစ်သူသည် ဘဲလ်လာကို အိမ်အလုပ်အားလုံးကို တစ်ယောက်တည်း လုပ်စေသည်။ ဘဲလ်လာသည် အလုပ်လုပ်ရသည့် အတွက် ညည်းညူခြင်း မရှိခဲ့ချေ။

ဘဲလ်လာ၏ မိထွေးသည် သူ့ကို အမြဲအပြစ်ရှာပြီး ဆူပူကြိမ်းမောင်းနေတတ်သည်။ အလုပ်လုပ်နေစဉ်တွင် အပြစ်ရှာသလို အလုပ်မရှိ၍ နားနေပြန်ပါကလည်း လူပျင်းတစ်ယောက်အဖြစ် ကဲ့ရဲ့ပြောဆိုသည်။

တစ်နေ့တွင် ဘဲလ်လာ၏မိထွေးသည် ဘဲလ်လာကို ရွာထဲသွားပြီး ပေါင်မုန့်နှင့် ဒိန်ခဲ ဝယ်ခိုင်းလိုက်သည်။ ဘဲလ်လာသည် မိထွေးခိုင်းသည့်အတိုင်း ရွာထဲသွား၍ မုန့်ဝယ်သည်။ မုန့်ဝယ်ပြီး၍ အိမ်သို့ပြန်လာရာ လမ်းတွင် အဘွားအိုတစ်ယောက်ကို တွေ့လေသည်။ ထိုအဘွားအိုက ဘဲလ်လာထံမှ မုန့်ကို တောင်းလေသည်။

ဘဲလ်လာသည် ဆာလောင်နေသော အဘွားအိုကို သနားသည်နှင့် ပါလာသောပေါင်မုန့်နှင့် ဒိန်ခဲကို ကျွေးလိုက်သည်။ အဘွားအိုကလည်း ကျေးဇူးတင်လွန်းသဖြင့် ဘဲလ်လာကို ပြောင်းဖူးစေ့လည်ဆွဲလေး လက်ဆောင်ပေးလိုက်သည်။

အိမ်ပြန်ရောက်သောအခါ မိထွေးက ပေါင်မုန့်နှင့်ဒိန်ခဲ ပါမလာသဖြင့်မေးသော် ဘဲလ်လာက ပြောင်းဖူးစေ့လည်ဆွဲလေးကို ထုတ်ပြပြီး ရှင်းပြသည်။ မိထွေးသည် သူမှာလိုက်သော စားစရာပါမလာ၍ အလွန်စိတ်ဆိုးသွားသည်။ သို့နှင့် ထိုပြောင်းဖူးလည်းဆွဲနှင့် ဘဲလ်လာကို ရိုက်လေသည်။ ပြီးလျှင် ညစာမကျွေးတော့ဘဲ အိပ်စေသည်။

ဘဲလ်လာသည် သူ့အိပ်ခန်းထဲဝင်ပြီးလျှင် ၁ ဖခင်၏ အဝတ်အစားများ ထည့်ထားသော သံသေတ္တာကြီးကိုဖွင့် ပြီး ပြောင်းဖူးစေ့လည်ဆွဲလေးကို သိမ်းလိုက်သည်။ ထိုသေတ္တာထဲတွင် သူ့မိခင်၏ အဝတ်အစားများနှင့် အသုံးအဆောင်များ ရှိသည်ပဲ။

သို့နှင့် အချိန်တစ်နစ်မျှ ကြာသွားသည့်အချိန်တွင် ဘုရင့်နန်းတော်မှနေ၍ တမန်တော်များကို နေရာအနှံ့စေလွှတ်ပြီး ဘုရင့်သားတော်၏ မွေးနေ့အခမ်းအနားကို တက်ရောက်ကြရန် ဖိတ်လေသည်။ မြို့ရွာအနှံ့ရှိ မိန်းမပျိုများအားလုံးကို ဖိတ်လေသည်။ ဘဲလ်လာသည် အကောင်းဆုံး အဝတ်အစားများဝတ်ကာ မင်းသားလေး၏ မွေးနေ့ကို တက်ချင်သည်။ သို့သော် သူ့မှာ ဝတ်စရာ အဝတ်အစား ကောင်းကောင်းမရှိချေ။ သို့နှင့် သူ့မိခင်၏ဝတ်စုံများထဲမှ အကောင်းဆုံးတစ်ထည်ကို ယူဝတ်ပြီး ပြောင်းဖူးစေ့လည်ဆွဲကိုဆွဲပြီး အခမ်းအနား တက်ရန် ထွက်ခဲ့သည်။

ရွာရှိ မိန်းမပျိုလေးများသည် အဝတ်အစား သစ်သစ်လွင်လွင်နှင့်၊ လက်ဝတ်လက်စားများမှာလည်း အရောင်အသွေး စုံစွာနှင့် လက်ပြောင်နေကြသည်။ သူတို့သည် ဘဲလ်လာ၏ ညိုးနွမ်းသော အသွင်ကိုကြည့်၍ လှောင်ကြရယ်ကြသည်။ ၎င်းပြင် သူတို့က "နင့်ဒီအဝတ်အစားတွေနဲ့ မင်းသားကစားယ်တွေ့ချင်ပါ့မလဲ၊ နင် ဒီလို ဝတ်စားပြီးလိုက်ရင်တော့ ငါတို့ရွာကို အထင်သေးစရာဖြစ်ပါတယ်"ဟု ပြောကြသည်။

ထိုအချိန်မှာပင် မင်းသားလေးသည် မြင်းတစ်ကောင်ကိုစီး၍

သူတို့နားသို့ ရောက်လာသည်။ ဘဲလ်လာလေးငိုနေသည်ကို တွေ့သောအခါ အဘယ်ကြောင့်ငိုရပါသနည်းဟု စုံစမ်းသည်။ ရွာရှိ မိန်းမပျိုများက "ဘဲလ်လာရဲ့ ပြောင်းဖူးစေ့လည်ဆွဲကြောင့် ရှက်လို့ ငိုနေတာပါ" ဟု ရှင်းပြသည်။ ထိုအခါ မင်းသားလေးက "ဒီပြောင်းဖူးစေ့လည်ဆွဲကြောင့် ရှက်စရာမလိုပါဘူး ဘဲလ်လာ" ဟုပြောကာ ဘဲလ်လာ၏လက်ကို လှမ်းပြီး ကိုင်လိုက်သည်။ ထိုအခါ ဘဲလ်လာဝတ်ထားသော အဝတ်အစားများသည် ချက်ချင်းပင် အလွန်လှပသောဂါဝန် ဖြစ်သွားပြီး သူ့လည်ပင်းတွင်ဝတ်ထားသော ပြောင်းဖူးစေ့လည်ဆွဲသည် စိန်လည်ဆွဲအဖြစ် ပြောင်းသွားသည်။

မင်းသားလေးက "မင်းဟာ အားလုံးထဲမှာ အချောဆုံး မိန်းကလေးပါပဲ၊ ငါ့မွေးနေ့မှာ ငါ့ဘေးကကုလားထိုင်မှာ လာထိုင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောလိုက်သည်။ ပြီးလျှင် မင်းသားလေးသည် ဘဲလ်လာကို သူ့မြင်းပေါ်တင်၍ ခေါ်ဆောင်သွားသည်။

ဘဲလ်လာ၏စိတ်ထဲတွင် သူ သနား၍ မုန့်များကျွေးလိုက်သော အဘွားကြီးသည် စိတ်ကောင်းရှိသော နတ်သမီးလေး ဖြစ်ရမည်ဟု တွေးနေမိသည်။ ထို့ကြောင့်သာ ယခုကဲ့သို့ မမျှော်လင့်သော အဖြစ်အပျက်များ ဖြစ်ရသည်ဟု လက်ခံမိသည်။ ပုံပြင်၏ အဆုံးတွင် ဘဲလ်လာသည် မင်းသားလေးနှင့် လက်ထပ်လိုက်ကာ နန်းတော်တွင် ပျော်ရွှင်စွာနေကြလေသည်။

❒

မြူးတက်သော သမင်လေး
(မြင်သစ်)



## ပြုစားတတ်သော သမင်လေး

ဟိုးရှေးရှေးက ပြင်သစ်နိုင်ငံတွင်းရှိ ပြည်နယ်တစ်ခုတွင် ဘုရင်ကြီး တစ်ပါး အုပ်စိုးလျက်ရှိသည်။ ထိုဘုရင်ကြီးမှာ ထီးမွေနန်းမွေဆက်ခံ မည့် သားသမီးမရှိသဖြင့် ဘုရင်ကြီးသည် အလွန် စိတ်မချမ်းမသာ ဖြစ်နေသည်။ ထို့ကြောင့် ဘုရင်ကြီးသည် နေ့စဉ် သားဆုပန်ကာ ဆုတောင်းလျက်ရှိသည်။ ၎င်းပြင် သူ့တွင် သားသမီးရရှိအောင် အကြံဉာဏ်ပေးနိုင်သူ မည်သူမဆို နန်းတော်တွင်းသို့ ဝင်ခွင့် ထွက်ခွင့် ပေးထားသည်။ နန်းတော်တွင်းသို့ ဝင်ရောက်ကာ အကြံဉာဏ်ပေး သူများ များပြားသော်လည်း မအောင်မြင်သဖြင့် ဘုရင်ကြီးမှာ စိတ်ဓာတ် ကျဆင်းလျက်ရှိသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် လူများထံမှ အကြံဉာဏ်များကို နားထောင်ရသည်ကို ငြီးငွေ့လာသောကြောင့် နန်းတော်တံခါးကို ပိတ်လိုက်ကာ အပြင်မှ လူစိမ်းတစ်ဦးတစ်ယောက်မှ မဝင်ရဟု အမိန့် ထုတ်လိုက်သည်။ ဘုရင်ကြီး စိတ်ပြောင်းပြီး နန်းတော်တံခါး ပိတ် လိုက်သည်ကို မသိသော အဘိုးအိုတစ်ယောက်သည် ထိုနန်းတော်သို့ ရောက်လာသည်။ အဘိုးအိုသည် နန်းတော်တံခါးကို ခေါက်လေသည်။ ဘုရင်ကြီးသည် တံခါးခေါက်သံကြားသည်နှင့် ကိုယ်တိုင်ထ၍ တံခါး ဖွင့်ပေးသည်။ တံခါးပေါက်တွင် အဘိုးအိုတစ်ယောက်ရပ်နေသည်ကို တွေ့သောအခါ မောင်းထုတ်သည်။

"ဒီနန်းတော်ကို အပြင်လူစိမ်းတစ်ယောက်မှ မဝင်ရဘူး"

ထိုအခါ အဘိုးအိုက "ဘာဖြစ်လို့လဲ" ဟု မေးသည်။ ဘုရင်ကြီးက "ငါကိုယ်တော်မြတ် စိတ်ရောကိုယ်ပါ မချမ်းမသာဖြစ်နေတယ်၊ ငါ့မှာ သားသမီးမရှိလို့ တခြားဘယ်သူ့ကိုမှ မမြင်ချင်ဘူး" ဟု ပြောလိုက်သည်။ ပညာရှိအဘိုးအိုက "အရှင်မင်းကြီး အကြံဉာဏ်လေးများ မယူချင်ဘူးလား၊ သင်မင်းကြီးရဲ့ တိုင်းပြည်နယ်စပ်က တောင်ပေါ်ကို မင်းချင်းများ စေလွှတ်ပြီး အပြာရောင်ပန်းပွင့်တဲ့ အပင်တစ်မျိုးကို ရှာပါစေ၊ အဲဒီပန်းပင်ကို ခူးခဲ့ပြီး ဝိုင်အရက်နဲ့ချက်ပြီး မိဖုရားကြီးကို စားပါစေ၊ ကျုပ်ပြောတဲ့အတိုင်းလုပ်ပါက သင့်မိဖုရားကြီးမှာ သားတော်တစ်ပါး ရပါလိမ့်မယ်" ဟု ပြောသည်။

ဘုရင်ကြီးသည် စဉ်းစားပြီး ပညာရှိအဘိုးအိုပြောသည့်အတိုင်း လုပ်ရန် သဘောတူသည်။ ထို့ကြောင့် မင်းချင်းများ စေလွှတ်ပြီး တောင်ထိပ်ပေါ်မှ ရှားပါးသော ပန်းအပြာပွင့်သော အပင်လေးများကို ခူးစေသည်။

နန်းတော်တွင်းရှိ ဘုရင့်စားတော်ကဲကိုလည်း ထိုပန်းပွင့်ကို ဝိုင်အရက်ဖြင့် စနစ်တကျ ချက်စေသည်။ ချက်၍ကျက်သည့်အခါ မိဖုရားကြီးကို စားစေသည်။ မိဖုရားကြီးမှာလည်း ယုံယုံကြည်ကြည်နှင့်ပင် ထိုဟင်းကို စားလေသည်။ မကြာမီမှာပင် မိဖုရားကြီးတွင် ပဋိသန္ဓေရှိပြီးနောက် သားတော်လေး ဖွားမြင်သည်။ သားတော်ကို အွန်ဒရေဟု အမည်မှည့်လေသည်။

အွန်ဒရေမင်းသားလေး မွေးဖွားသည့်နေ့တွင် နန်းတော်ရှိ စားတော်ကဲမှာလည်း သားယောကျ်ားလေးတစ်ယောက် မွေးဖွားလေသည်။ စားတော်ကဲသည် မိဖုရားကြီးစားရန်အတွက် ဟင်းချက်ရင်း ထူးကဲသော ဟင်းနံ့ကို ရှူရှိုက်မိသောကြောင့် အလွန်ချောမောပြီး ယောကျ်ားပီသသော သားလေးမွေးခြင်း ဖြစ်သည်။ စားတော်ကဲက သူ၏သားကို ယိုလန်ဒိုဟု အမည်ပေးသည်။

ထိုကလေးနှစ်ယောက်သည် အမြွှာညီနောင်ကဲ့သို့ပင် ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်သည် အသက်လည်းရွယ်တူဖြစ်သည်။ ကစားကြလျှင်လည်း အတူတူတွဲ၍ ကစားကြတာဖြစ်သောကြောင့် ဖြစ်သည်။ ၎င်းတို့နှစ်ယောက်သည် ခွဲ၍မရအောင်တွဲဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်အလွန်ချစ်ကြသည်။ မင်းသားလေး အရွယ်ရောက်၍ စာပေကျမ်းဂန်သင်ကြားသောအခါ စားတော်ကဲသားကိုပါ သူနှင့်အတူ နန်းတော်တွင်းတွင် ဆရာတစ်ယောက်တည်း လက်အောက်မှာ စာသင်ကြားစေသည်။ ထို့ကြောင့် မင်းသားလေး အွန်ဒရေနှင့် စားတော်ကဲသားယိုလန်ဒိုတို့သည် ပို၍ ချစ်ခင်တွယ်တာကြသည်။ ယိုလန်ဒိုသည်မင်းသားလေးနှင့် ဉာဏ်ရည်မှာလည်း တူလေသည်။

ကလေးနှစ်ယောက် တဖြည်းဖြည်း ကြီးပြင်းလာသည်ကိုကြည့်၍ ဘဝင်မကျဖြစ်နေသူမှာ မိဖုရားကြီးပင်ဖြစ်သည်။ ၎င်းပြင်သူ၏တစ်ဦးတည်းသော သားတော်သည် မိခင်ဖြစ်သူ မိဖုရားကြီးထက်အဖော်ဖြစ်သူ ထမင်းချက်သားနှင့် အနေများသည်ကို မကြိုက်ချေ။ယိုလန်ဒိုအပေါ် မနာလိုဖြစ်နေသည်။ တစ်နေ့တွင် သားတော်လေးအွန်ဒရေမရှိသည့်အချိန်တွင် မိဖုရားကြီးသည် ယိုလန်ဒိုကို အပြစ်ရှာပြီးရိုက်လေသည်။

ယိုလန်ဒိုသည် သူ့တွင် အပြစ်လုံးဝမရှိဘဲ ယခုလို မိဖုရားကြီးက ရိုက်ရသည့်အကြောင်းကို ရိပ်မိသည်။ သူနန်းတော်တွင် ဆက်၍နေထိုင်ပါက မိဖုရားကြီးနှင့် သားတော်ကြားတွင် ပြဿနာကြီးထွားမည်ကို သူ မလိုလားချေ။ ထို့ကြောင့် နန်းတော်မှ တခြားတစ်နေရာသို့ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

အွန်ဒရေကမူ သူ့သူငယ်ချင်း ယခုလို နန်းတော်မှ တခြားတစ်နေရာသို့သွားရန် ဆုံးဖြတ်သည်ကို နားမလည်ချေ။ ထို့ကြောင့်"ဘာဖြစ်လို့ သွားရမှာလဲ" ဟု မေးမြန်းသည်။ ယိုလန်ဒိုကလည်း

တခြားနိုင်ငံ အရပ်ဒေသသစ်များတွင် လေ့လာစရာများရှိသည်ဟု အကြောင်းပြသည်။

သူတို့သူငယ်ချင်းနှစ်ယောက် ခွဲခွာခါနီးတွင် မင်းသားလေး အွန်ဒရေက စားတော်ကဲ၏သား ယိုလန်ဒိုအား သူတို့နှစ်ယောက် အတွက် အမှတ်တရဖြစ်ရန် တစ်ခုခုပြုလုပ်မှတ်သားခဲ့ရန် ပြောသည်။ ထိုအခါ ယိုလန်ဒိုက သူ၏ဓားကို မြေကြီးပေါ် ထိုးစိုက်လိုက်သည်။ ဓားကို မြေကြီးပေါ် ထိုးစိုက်လိုက်သည်နှင့်တစ်ပြိုင်နက် ထိုနေရာတွင် စိမ်းလန်းစိုပြည်သော ပန်းပင်လေးတစ်ပင် အလိုလိုပေါက်လာသည်။ ထိုအပင်၏အမြစ်မှ ရေများ စီးဆင်းသွားလိုက်သည်မှာ ချောင်းကလေး တစ်ခု ဖြစ်သွားသည်။

ယိုလန်ဒိုက "အဲဒီချောင်းကရေကို အရှင့်သား သတိထား၍ ကြည့်ပါ၊ အဲဒီချောင်းရေဟာ ကြည်လင်နေမယ်ဆိုရင် ကျွန်တော်မျိုး ကျန်းမာစွာရှိကြောင်းပြပါတယ်၊ တကယ်လို့ ချောင်းရေဟာ အမှိုက် တွေနဲ့ နောက်နေမယ်ဆိုရင်တော့ ကျွန်တော်မျိုးမှာ အန္တရာယ်တွေ တွေ့နေတာ ဖြစ်ပါလိမ့်မယ်၊ တကယ်လို့ ဒီချောင်းရေတွေအားလုံး ခန်းခြောက်သွားရင်တော့ ကျွန်တော်မျိုး သေပြီလို့ မှတ်လိုက်ပါ၊ ဒီ အပင်က သစ်ရွက်လေးတွေ စိမ်းနေရင် ကျွန်တော် အသက်ရှင်နေတာ ဖြစ်ပြီး သစ်ရွက်ကလေးတွေခြောက်ရင်တော့ ကျွန်တော်မျိုး အသက် မရှိတော့ဘူးလို့သိပါ" ဟု လျှောက်တင်သည်။ စကားဆုံးသည်နှင့် ယိုလန်ဒိုသည် မင်းသားလေးကို နှုတ်ဆက်ပြီး နန်းတော်ထဲမှ ထွက် သွားသည်။

ယိုလန်ဒိုသည် နန်းတော်မှထွက်လာပြီး လမ်းခရီးတွင် စွန့်စားမှု မျိုးစုံ၊ လေ့လာစရာမျိုးစုံကို တွေ့ခဲ့ရသည်။ နောက်ဆုံးတွင် သူထွက်လာ သော နန်းတော်နှင့် အလွန်ဝေးလံသောနေရာသို့ရောက်ပြီး ထိုတိုင်းပြည် တွင် မြင်းစီးချင်းတိုက်ပွဲ ကျင်းပနေသည်နှင့် သွား၍ကြုံသည်။ မြင်း စီးချင်းတိုက်ရာတွင် မင်းညီမင်းသားများသာမက သာမန်လူ ရိုးရိုး

များပါ ပြိုင်ပွဲတွင် ပါဝင်နိုင်သည်။ ပြိုင်ပွဲတွင် အနိုင်ရသူကို သမီးတော်နှင့် လက်ဆက်ပေးပြီး အိမ်ရှေ့အရာကို အပ်နှင်းမည် ဖြစ်လေသည်။

ယိုလန်ဒိုသည် အလွန်သန်စွမ်းပြီး ရုပ်ရည်မှာလည်း သန့်ပြန့်ပြီး မင်းညီမင်းသားတို့ တတ်အပ်သောပညာနှင့် ပြည့်စုံသူဖြစ်ရကား ထိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လေသည်။ ထိုပြိုင်ပွဲတွင် ယိုလန်ဒို အနိုင်ရသွားသည်။ ထိုအခါတွင် ဘုရင့်သမီးတော်နှင့် လက်ထပ်ပြီး အိမ်ရှေ့မင်းသား ဖြစ်သွားသည်။ ယိုလန်ဒိုသည် မင်းသမီးလေးနှင့် နန်းတော်တွင် ပျော်ရွှင်စွာနေနေပြီး၊ ကြာသော် အမဲလိုက်ချင်သောဆန္ဒ ပြင်းပြလာသည်။

ထိုအခါ ဘုရင်ကြီးက "အမဲလိုက်တာ အလွန်အန္တရာယ်များတယ်၊ အထူးသဖြင့် ဒီရှေ့ကသစ်တောမှာ ဘီလူးတစ်ကောင်ရှိတယ်၊ အဲဒီဘီလူးဟာ သူ့ကိုယ်သူ ပုံစံအမျိုးမျိုးပြောင်းလို့ရတယ်၊ တစ်ခါတလေ သူ့ကိုယ်သူ ဆိတ်ယောင်ဆောင်တတ်တယ်၊ တစ်ခါတလေ ခြသေ့်လို ဒါမှမဟုတ် သမင်လို ဟန်ဆောင်တတ်တယ်၊ သူက အမဲလိုက်မုဆိုးတွေကို သူနေတဲ့ ကျောက်ဂူရှိရာကို ဖြားယောင်းခေါ်သွားပြီး အဲဒီကိုရောက်တာနဲ့ ဖမ်းပြီး စားတတ်တယ်" ဟု ရှင်းပြပြီး တားမြစ်သည်။

ယိုလန်ဒိုကမူ ကြောက်လည်းမကြောက်ချေ။ စွန့်စားလိုစိတ်က လွန်စွာပြင်းပြနေသောကြောင့် ဘုရင်ကြီး တားမြစ်သည့်ကြားမှပင် အမဲလိုက် ထွက်ခဲ့သည်။ ယိုလန်ဒို တောထဲသို့ရောက်၍ မကြာမီတွင် အလွန်လှသော သမင်တစ်ကောင်ကို တွေ့လေသည်။ ယိုလန်ဒိုသည် သမင်ကို တွေ့သည်နှင့် သတိပေးထားသော စကားများကို အားလုံး မေ့ကာ ထိုသမင်နောက်သို့ ဖွဲနပဲကြီးစွာနှင့် လိုက်တော့သည်။ သမင်သည် ပထမတွင် ရေစီးသန်သော ချောင်းတစ်ခုကို ဖြတ်ပြေးသည်။ နောက်တစ်ခါ ရေတံခွန်တစ်ခုကို ဖြတ်ပြေးပြန်သည်။ ယိုလန်ဒိုမှာ

သမင်နောက်သို့လိုက်ရင်းနှင့် တစ်ကိုယ်လုံး ရေများ ရွှဲစိုနေသည်။ ထို့ကြောင့် ကျောက်ဂူတစ်ခုထဲဝင်ကာ မီးဖိုလေသည်။ ပြီးလျှင် အဝတ်များကိုချွတ်ကာ ခြောက်အောင် လှမ်းလေသည်။

ယိုလန်ဒိုသည် ထိုဂူထဲသို့ရောက်သည်အထိ ဘုရင်ကြီးပြောခဲ့သော သတိပေးစကားများကို လုံးဝ သတိမရချေ။ အမှန်မှာ ထိုသမင်လေးသည် ဘီလူးကြီးက သမင်ယောင်ဖန်ဆင်းထားခြင်း ဖြစ်လေသည်။ ယိုလန်ဒို အဝတ်များလှန်းနေစဉ် သမင်သည် ဂူပေါက်တွင် လာ၍ရပ်သည်။ သူ့တစ်ကိုယ်လုံးမှာ ရေများရွှဲစိုနေလေသည်။ သို့နှင့် သမင်က "သင်မင်းသားနှင့်အတူ မီးလှုံခွင့်ပေးပါ" ဟု ခွင့်တောင်းသည်။

ယိုလန်ဒိုက "လာလေ ဝင်ခဲ့ပါလား" ဟုပြောသော် သမင်က "အရှင့်လက်ထဲကဓားကိုကြောက်လို့ မဝင်ရဲပါဘူး" ဟု ပြောသည်။ ထိုအခါ ယိုလန်ဒိုက သူ့လက်ထဲမှဓားကို ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်ပြီး "ကဲ ဝင်ခဲ့ပေတော့၊ မင်းကြောက်တဲ့ဓား မရှိတော့ပါဘူး" ဟု ပြောလိုက်သည်။

ထိုအချိန်တွင် သမင်သည် ချက်ချင်းပင် ဘီလူးအသွင်ပြောင်းပြီး ယိုလန်ဒိုကို ဖမ်းလိုက်သည်။ ပြီးလျှင် သူ၏အကျဉ်းစခန်းထဲတွင် ထည့်ထားလိုက်သည်။ သူ၏အကျဉ်းစခန်းကို ရောမကျောက်တုံးကြီးများနှင့် ပိတ်ဆို့ထားလိုက်သည်။ ဘီလူးကြီးက "မင်း ဒီထက် ဝလာတော့မှ ငါ ကောင်းကောင်းစားတော့မယ်" ဟု ပြောသည်။

ထိုအချိန်တွင် ယိုလန်ဒိုကို ခင်မင်သော မင်းသားလေး အွန်ဒရေ၏ နန်းတော်တွင် မင်းသားလေးသည် မနက်တစ်ခါ ညတစ်ခါ ယိုလန်ဒိုထားခဲ့သော သစ်ပင်လေးနှင့် စမ်းချောင်းကို နေ့စဉ်ကြည့်လျက်ရှိသည်။ ထိုနေ့တွင် သစ်ပင်လေးသည် ညှိုးနွမ်းနေပြီး စမ်းချောင်းမှရေများမှာလည်း နောက်နေသည်ကို တွေ့ရသည်။ မင်းသားလေး အွန်ဒရေသည် ချက်ချင်းပင် မြင်းပေါ်တက်ကာ ယိုလန်ဒိုကိုရှာရန် ခရီးထွက်ခဲ့သည်။

နောက်ဆုံးတွင် အွန်ဒရေသည် ယိုလန်ဒိုနေသော တိုင်းပြည်ကို ရောက်သွားသည်။ နန်းတော်တွင်းတွင် ဘုရင်နှင့်တကွ တိုင်းသူပြည်သားများသည် ယိုလန်ဒို သေဆုံးပြီဟုမှတ်ယူကာ ဝမ်းနည်းကြေကွဲလျက်ဖြစ်နေသည်ကို တွေ့ရသည်။

ဘုရင့်သမီးတော်လေးကမူ အွန်ဒရေကိုမြင်သည်နှင့် သူ့ယောကျ်ားနှင့် ရုပ်ချင်းလည်းဆင် အသက်အရွယ်လည်း တူနေသဖြင့် စိတ်မထိန်းနိုင်ဘဲ အွန်ဒရေကိုဖက်ပြီး သူ့ယောကျ်ားကို လိုက်ပြီးရှာပေးရန် တောင်းပန်သည်။ ၎င်းပြင် ထိုတောထဲရှိ ဘီလူးနှင့် သမင်အကြောင်းကိုလည်း သေသေချာချာရှင်းပြပြီး သတိထားရန် မှာလိုက်သည်။

မင်းသမီးလေးက "ဒီသမင်လေးရဲ့ ချစ်စရာကောင်းတဲ့ ပုံစံလေးကိုကြည့်ပြီး စိတ်မတိမ်းညွတ်လိုက်ပါနဲ့၊ ဒီသမင်ဟာ တကယ်တော့ အလွန်ဆိုးတဲ့ ဘီလူးကြီးက ရုပ်ဖျက်ပြီး ဟန်ဆောင်ထားတာပါဆိုတာ မမေ့လိုက်ပါနဲ့ အရှင့်သား" ဟု တဖွဖွမှာသည်။

မင်းသားလေး အွန်ဒရေသည် အမဲလိုက်ခွေးတစ်ကောင်နှင့်အတူ သစ်တောထဲသို့ဝင်ခဲ့သည်။ သူတို့တောထဲရောက်၍ မကြာခင်မှာပင် အလွန်လှပသော သမင်လေးကိုတွေ့လေသည်။ အွန်ဒရေသည် ထိုသမင်နောက်သို့ ထက်ကြပ်မကွာလိုက်ခဲ့သည်။ သမင်သည် ချောင်းတစ်ခုကို အရင်ဖြတ်ပြီး ရေတံခွန်ရှိရာသို့သွားသည်။ အွန်ဒရေလည်း ယိုလန်ဒိုကဲ့သို့ပင် သမင်လိုက်ရင်း အဝတ်များရေစိုခဲ့သဖြင့် ရေစိုအဝတ်များ ခြောက်စေရန်အတွက် နီးရာဂူတစ်ခုထဲသို့ဝင်ပြီး မီးဖိုကာ အဝတ်များကို လှန်းသည်။

မကြာမီတွင် သမင်လေးသည် ဂူပေါက်ဝသို့ ရောက်လာပြီး မီးလှုံခွင့်တောင်းသည်။ အွန်ဒရေက ခွင့်ပြုလိုက်ရာ အမဲလိုက်ခွေးကို ကြောက်ကြောင်း ပြောသည်။ ထိုအခါ အွန်ဒရေက "မင်းက ဘီလူးမို့လို့ ငါ့အမဲလိုက်ခွေးကို ကြောက်တာပေါ့" ဟုအော်ပြီး ပြောလိုက်

သည်။ ပြီးလျှင် အမဲလိုက်ခွေးကို လွှတ်ပေးလိုက်သည်။ ဘီလူးလည်း ကြောက်လန့်တကြားနှင့် ထွက်ပြေးရန်လုပ်သည်။ သို့သော် အမဲလိုက်ခွေးက သူ့ထက်လျင်မြန်စွာပင် ပြေးပြီးဖမ်းလိုက်သည်။

အွန်ဒရေသည် ဂူတစ်လျှောက်တွင် ယိုလန်ဒိုကို လိုက်ရှာသည်။ နောက်ဆုံးတွင် ဂူနှင့် မလှမ်းမကမ်း ချောက်ထဲမှ အသံကြား၍ သွားကြည့်သောအခါ ကျောက်တုံးများနှင့် ပိတ်ထားသောနေရာကို သွားတွေ့သည်။ အွန်ဒရေသည် ကျောက်တုံးများကို ဖယ်လိုက်ခြင်းဖြင့် သူ့သူငယ်ချင်းကို ပြန်ပြီးတွေ့ရသည်။

မင်းသားလေးနှင့် သူ့မိတ်ဆွေ ယိုလန်ဒိုတို့သည် ပျော်လွန်းသဖြင့် စကားလက်ဆုံ ပြော၍ မကုန်နိုင်အောင် ဖြစ်နေကြသည်။ သူတို့နှစ်ယောက် နန်းတော်သို့ပြန်ရောက်သော် ယိုလန်ဒိုကို သူ့ဇနီး မင်းသမီးက ဝမ်းသာအားရ ဆီးကြိုသည်။ မင်းသားလေးကလည်း သူ့သူငယ်ချင်း ယခုလို အစစအဆင်ပြေနေသည်ကို တွေ့ရသဖြင့် ဝမ်းသာနေသည်။

ထိုတိုင်းပြည်နှင့် အနီးပတ်ဝန်းကျင်မှ လူများသည် ဘီလူးရန်မှ ကင်းလွတ်သွားသဖြင့် မင်းသားလေးအွန်ဒရေကို ကျေးဇူးတင်ကြသည်။ မင်းသားလေးအွန်ဒရေကို ချီးကျူးပွဲများကျင်းပပြီး ဂုဏ်ပြုကြသည်။ မင်းသားလေးအွန်ဒရေ နန်းတော်သို့ပြန်သောအခါ ယိုလန်ဒိုသည် သူ့မိခင်အတွက် စာတစ်စောင် လူကြုံပါးလိုက်သည်။ စာထဲတွင် သူ့မိခင်ကို သူရှိရာတိုင်းပြည်သို့ လာရောက်ပြီးနေထိုင်ရန် တောင်းပန်သောစာ ဖြစ်သည်။

ယိုလန်ဒို၏မိခင်သည် သူ့သားရှိရာ တိုင်းပြည်သို့ လိုက်သွားသည်။ သူ၏သားနှင့်တွေ့သောအခါ သူ့မိခင်သည် စားတော်ကဲအဖြစ်နှင့် မဟုတ်တော့ဘဲ ဘုရင့်သမက်တော်၏မယ်တော်အဖြစ် ပျော်ရွှင်စွာ နေကြရမည် ဖြစ်သည်။

❐

ပန်းရနံ့ (ပြင်သစ်)



ပန်းရနံ့ (ပြင်သစ်)



## ပန်းရနံ့

ပန်းတိုင်း ပန်းတိုင်းတွင် ရနံ့တစ်မျိုးစီရှိကြသည်။ ယခုဖော်ပြမည့် ပုံပြင်သည် ထိုပန်းတိုင်းတွင် ရနံ့မည်သို့ရောက်လာရသည်ကို ဖော်ပြသည့်အကြောင်းပင် ဖြစ်သည်။

ယခုလို ပန်းများတွင် ရနံ့တစ်မျိုးစီဖြစ်စေရန် နတ်မင်းကြီးက နတ်သားလေး တော့ပါးကို တာဝန်ပေးခြင်းဖြစ်သည်။ ထိုနတ်သားလေး ရနံ့မထည့်မီတွင် ပန်းတိုင်းတွင် အမွှေးနံ့ လုံးဝမရှိကြချေ။ နတ်သားလေး တော့ပါးသည် မနက်နေရောင်မထွက်မီကတည်းက ရနံ့မျိုးစုံကို ပြင်ဆင်ကာနေသည်။ ပန်းများပွင့်သည်နှင့် တစ်ပြိုင်နက် ရနံ့များ လိုက်၍ထည့်ရန် ဖြစ်သည်။

ထို့ကြောင့် တော့ပါးသည် ထိုနေ့မနက်က ခြင်းတစ်ခြင်းကို ဆွဲပြီး ထိုခြင်းထဲတွင် ရနံ့ပုလင်းများနှင့် အလုပ်ရှုပ်နေသည်။ ပန်းပွင့်လေးများနားသို့ ရောက်လျှင် "မင်းအတွက်တော့ ဒီအနံ့လေးက အကောင်းဆုံးပဲ" ဟု ပါးစပ်ကပြော လက်ကလည်း ပန်းပွင့်လေးဆီကို ရနံ့များ ဆွတ်ဖျန်းပေးသည်။

တစ်နေ့တွင် သူ့လုပ်ငန်းများ လုပ်ကိုင်ရန် သစ်တောအုပ်တစ်ခုကို ဖြတ်သန်းစဉ် စမ်းချောင်းတစ်ခု၏နံဘေးသို့ တော့ပါးရောက်သွားသည်။ ထိုစမ်းချောင်း၏ ရေအစပ်တွင် ငါးကြီးတစ်ကောင်သည်

နွယ်ပင်များနှင့်ငြိကာ ရေမကူးနိုင်ဖြစ်နေသည်ကို တော့ပါး သွားတွေ့သည်။

ထိုအခါ တော့ပါးသည် ငါးကြီးကို ညင်သာစွာနှင့်ဆယ်ယူပြီး ရေနက်သည့်ဘက်တွင် ချပေးလိုက်သည်။ ငါးကြီးမှာ ရေနက်ထဲရောက်သည်နှင့် ပျော်ရွှင်မြူးထူးစွာ ကူးခပ်ရင်း "မင်းကိုလည်း ငါက တစ်လှည့် ကူညီနိုင်ပါစေကွာ" ဟုပြောကာ ရေထဲငုပ်သွားသည်။

တော့ပါးကမူ ငါးကြီး၏စကားကို နားထောင်ရန် အချိန်မရှိပါ။ သူ့အလုပ်ကလည်း အလွန်အရေးကြီးသည့်အတွက် ပန်းတွေထဲ ရနံ့ထည့်ဖို့ အပြေးအလွှား ခရီးဆက်ခဲ့သည်။ သူ ကတိုက်ကရိုက်နှင့်ပြေးရင်း ချောင်းကိုဖြတ်ကူးရန်အတွက် တံတားတစ်ခုနားသို့ ရောက်သွားသည်။

တော့ပါးသည် ထိုတံတားပေါ်သို့ တက်လိုက်သည့်အခါမှာ ခြေချော်ကျပြီး သူ့လက်ထဲရှိခြင်းတောင်းသည် ရေထဲသို့ကျသွားသည်။ ခြင်းထဲမှ ရနံ့စုံထည့်ထားသော ပုလင်းများသည် ရေထဲတွင် ပေါလောပေါ်သော ပုလင်းကပေါ်၊ အဝေးသို့မျောသွားသော ပုလင်းကမျောသွားနှင့် ဖြစ်နေသည်။

တော့ပါးသည် သူ့အလောတကြီး လုပ်မိသဖြင့် ယခုလိုဖြစ်ရသည့်အတွက် ရေစီးထဲမျောနေသော ပုလင်းများကိုကြည့်ပြီး ရေထဲလည်း ဆင်း၍မဆယ်ရဲ၊ ချောင်းတစ်လျှောက် ပြေးလိုက်၍ တစ်ခုချင်းတုတ်နှင့် ဆယ်ရမှာလည်း မဖြစ်နှင့် အခက်တွေ့နေသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကမ်းစပ်တွင်ပြေးရင်း "ကျွန်တော့်ပုလင်းတွေ မျောကုန်ပြီ၊ ကူပြီး ဆယ်ပေးကြပါခင်ဗျာ" ဟု အော်သည်။

တော့ပါး၏အော်သံကြောင့် ရေထဲမှနေ၍ တော့ပါး ကူညီလိုက်သော ငါးကြီးပေါ်လာသည်။ ငါးကြီးက "ခင်ဗျား အကူအညီလိုတာကလည်း ချက်ချင်းကြီးပါပဲလား၊ ကိစ္စမရှိပါဘူး၊ ကျုပ်အဖော်တွေကို ခေါ်လိုက်ဦးမယ်" ဟု ပြောလိုက်သည်။

နွယ်ပင်များနှင့်ငြိကာ ရေမကူးနိုင်ဖြစ်နေသည်ကို တော့ပါး သွားတွေ့သည်။

ထိုအခါ တော့ပါးသည် ငါးကြီးကို ညင်သာစွာနှင့်ဆယ်ယူပြီး ရေနက်သည့်ဘက်တွင် ချပေးလိုက်သည်။ ငါးကြီးမှာ ရေနက်ထဲရောက်သည်နှင့် ပျော်ရွှင်မြူးထူးစွာ ကူးခပ်ရင်း "မင်းကိုလည်း ငါက တစ်လှည့် ကူညီနိုင်ပါစေကွာ" ဟုပြောကာ ရေထဲငုပ်သွားသည်။

တော့ပါးကမူ ငါးကြီး၏စကားကို နားထောင်ရန် အချိန်မရှိပါ။ သူ့အလုပ်ကလည်း အလွန်အရေးကြီးသည့်အတွက် ပန်းတွေထဲ ရနံ့ထည့်ဖို့ အပြေးအလွှား ခရီးဆက်ခဲ့သည်။ သူ ကတိုက်ကရိုက်နှင့် ပြေးရင်း ချောင်းကိုဖြတ်ကူးရန်အတွက် တံတားတစ်ခုနားသို့ ရောက်သွားသည်။

တော့ပါးသည် ထိုတံတားပေါ်သို့ တက်လိုက်သည့်အခါမှာ ခြေချော်ကျပြီး သူ့လက်ထဲရှိခြင်းတောင်းသည် ရေထဲသို့ကျသွားသည်။ ခြင်းထဲမှ ရနံ့စုံထည့်ထားသော ပုလင်းများသည် ရေထဲတွင် ပေါ်လောပေါ်သော ပုလင်းကပေါ်၊ အဝေးသို့မျောသွားသော ပုလင်းကမျောသွားနှင့် ဖြစ်နေသည်။

တော့ပါးသည် သူအလောတကြီး လုပ်မိသဖြင့် ယခုလိုဖြစ်ရသည့်အတွက် ရေစီးထဲမျောနေသော ပုလင်းများကိုကြည့်ပြီး ရေထဲလည်း ဆင်း၍မဆယ်ရဲ၊ ချောင်းတစ်လျှောက် ပြေးလိုက်၍ တစ်ခုချင်း တုတ်နှင့် ဆယ်ရမှာလည်း မဖြစ်နှင့် အခက်တွေ့နေသည်။ ထို့ကြောင့် နောက်ဆုံးတွင် ကမ်းစပ်တွင်ပြေးရင်း "ကျွန်တော့်ပုလင်းတွေ မျောကုန်ပြီ၊ ကူပြီး ဆယ်ပေးကြပါခင်ဗျာ" ဟု အော်သည်။

တော့ပါး၏အော်သံကြောင့် ရေထဲမှနေ၍ တော့ပါး ကူညီလိုက်သော ငါးကြီးပေါ်လာသည်။ ငါးကြီးက "ခင်ဗျား အကူအညီလိုတာကလည်း ချက်ချင်းကြီးပါပဲလား၊ ကိစ္စမရှိပါဘူး၊ ကျုပ်အဖော်တွေကို ခေါ်လိုက်ဦးမယ်" ဟု ပြောလိုက်သည်။



ငါးကြီးနှင့် သူ့အပေါင်းအသင်း ငါးများသည် တော့ပါး၏ ပုလင်းများကို ရေထဲမှနေ၍ ဆယ်ပေးကြသည်။ သူတို့သည် စိတ်ရှည်လက်ရှည်နှင့် ငါးအုပ်စုကြီးဖြန့်ကာ ပုလင်းများအားလုံး ပြန်ရအောင် ရှာပေးကြသည်။ တော့ပါးကလည်း ငါးများဆယ်ယူလာသော ပုလင်းများကို သူ့ခြင်းထဲထည့်ရင်း စုံ၊ မစုံ စစ်ဆေးနေသည်။

ပုလင်းများစုံလျှင် တော့ပါးသည် ငါးကြီးကို ကျေးဇူးတင်စကား ပြောသည်။ ကျေးဇူးတင်စကားပြောပြီး တစ်ခါ ပုလင်းများကို စစ်ဆေးပြန်ရာ ပုလင်းတစ်လုံး ပျောက်နေသည်ကို တွေ့ရသည်။ ထိုအခါ တော့ပါးက "ဒါ ပန်းစက္ကူရဲ့ ရနံ့ပဲ" ဟု ပြောသည်။

ငါးကြီးကတော့ တော့ပါးပျောက်နေသော ပုလင်းကိုရှာဖို့ ငါးများကို ခေါ်ယူပြီး ရေထဲငုပ်ကာ ချောင်းတစ်လျှောက်တွင် ရှာခိုင်းသည်။ ငါးများကလည်း အစွမ်းကုန်ရှာကြသည်။ ရေအောက်ကြမ်းပြင်အထိ စွန့်စားပြီး ရှာကြသည်။ သို့သော် သူတို့ရှာကြသောပုလင်းကို မတွေ့ချေ။

နောက်ဆုံးတွင် တော့ပါးသည် အလျှော့ပေးပြီး ကျန်ပုလင်းများကို ယူကာ သူ့လုပ်ငန်းကို ဆက်ပြီးလုပ်လေသည်။ နှင်းဆီပန်းများနားသို့ရောက်သော် အလွန်စူးရှပြီး မွှေးကြိုင်သောရနံ့များကို နှင်းဆီပန်းများအပေါ်တွင် ဆွတ်ဖျန်းလိုက်သည်။

တစ်ခါ ခရီးဆက်ပြီး လှပစွာပွင့်နေကြသော လီလီပန်းများ၏ အလယ်တွင်လည်း ရနံ့များ ဖျန်းပေးသည်။ လီလီပန်းများသည် သူတို့၏ ပန်းရနံ့ကို မွှေးကြူကြည့်ကြပြီး အလွန်သဘောကျ ကျေနပ်ကြသည်။

သို့နှင့် တော့ပါးသည် ပန်းတိုင်းကို ရနံ့တစ်မျိုးစီရအောင် ပက်ဖျန်းပေးရင်း စက္ကူပန်းပင်ဆီသို့ ရောက်လာသည်။ သူက "ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါချောင်းကိုဖြတ်ရင်း ချော်လဲလို့ မင်းအတွက် ထည့်လာတဲ့ ပုလင်းလေး ပျောက်သွားတယ်" ဟု ရှင်းပြသည်။

တော့ပါးသည် ယခုအချိန်အထိ ထိုစက္ကူပန်းအတွက် ရန့်ပုလင်းကို ရှာ၍မတွေ့ချေ။ ထို့ကြောင့် ယခုအခါတွင် ပန်းတိုင်းတွင် ရန့်တစ်မျိုးစီရှိကြပြီး စက္ကူပန်းတွင် ဘာရန့်မှမရှိခြင်းဖြစ်သည်။

❐


ရှုဆန်းသော
ကြိတ်ဆုံ
(ဟော်လန်)

# ထူးဆန်းသော ကြိတ်ဆုံ

ဟိုးလွန်လေပြီးသောအခါက ဟော်လန်နိုင်ငံရှိ ရွာလေးတစ်ရွာတွင် ဟန်နှင့် လီစာဟုအမည်တွင်သော ယောကျ်ားလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ရှိကြသည်။ ဟန်၏မိဘများသည် အစစ ပြည့်စုံကြသည်။ ထို့ကြောင့် ဟန်သည် အပူအပင်လုံးဝကင်းမဲ့သော ကလေးဖြစ်သည်။ လီစာ၏မိဘများမှာ အလွန်ဆင်းရဲကြလေသည်။ လီစာတို့မိသားစုသည် တစ်ခါတစ်ရံ အဆင်မပြေပါက ထမင်းမစားဘဲ နေရသည့်ရက်များ ရှိလေသည်။

တစ်နေ့တွင် ဟန်နှင့် လီစာတို့သည် ဂျုံစေ့များကို ဂျုံမှုန့်ကြိတ်ရန်အတွက် ဂျုံစက်ရုံသို့ သွားကြသည်။ ဟန်သည် ဂျုံအိတ်ကြီးကို ထမ်းပြီး လီစာကမူ ဂျုံအိတ်သေးသေးလေးကိုထမ်းကာ ခရီးဆက်ခဲ့ကြသည်။ သူတို့သည် ဆီးနှင်းဖုံးသော တောင်စောင်းတစ်ခုကို ဖြတ်ကြရာ စာခြောက်ရုပ်တစ်ရုပ်ကို တွေ့လေသည်။ ထိုစာခြောက်ရုပ်၏ဘေးတွင် ငှက်ကလေးများသည် ခုန်ဆွခုန်ဆွနှင့် အစာရှာနေကြသည်။

လီစာသည် ငှက်ကလေးများ အစာရေစာရှားပါးနေသည်ကို တွေ့ရသဖြင့် အလွန်သနားသွားသည်။ ထို့ကြောင့် သူ့အိတ်ထဲမှ ဂျုံစေ့များကို နှိုက်ထုတ်ပြီး ငှက်ကလေးများကို ကျွေးလေသည်။ ဟန်မှာ သူ၏ဂျုံအိတ်ကြီးပေါ်တွင် ထိုင်၍ အမောဖြေရင်း လီစာက

ယခုလို ငှက်ကလေးများကို ဂျုံစေ့များထုတ်၍ ကျွေးနေသည်ကို အံ့ဩနေသည်။ လီစာသည် ငှက်ကလေးများ အစာဝလောက်တော့မှ သူ့ဂျုံအိတ်ကို ပြန်လည်ချည်နှောင်ပြီး ခရီးဆက်ခဲ့လေသည်။

လမ်းခရီးတွင် ဟန်က "နင် တော်တော်ရူးတာပဲ၊ နင်တို့စားဖို့တောင် ဂျုံစေ့က ရှိတာမဟုတ်ဘူး၊ အခုတော့ နင့်ဂျုံတွေ ပိုတောင်နည်းသွားပြီ၊ နင် အပြန်ကျရင်တော့ နင့်အမေက ဆူတော့မှာပဲ" ဟု ပြောလိုက်သည်။

ဂျုံကြိတ်သောနေရာသို့ ရောက်သောအခါ ဟန်၏ဂျုံအိတ်ကြီးထဲမှ ဂျုံစေ့များကို အရင် အမှုန့်ကြိတ်ပေးသည်။ ဂျုံစက်ပိုင်ရှင်သည် ဂျုံစေ့များကို အမှုန့်ကြိတ်ပြီးသောအခါ ဟန်၏အိတ်ကြီးနှင့်အပြည့် ဂျုံမှုန့်များ များစွာရလေသည်။

ဟန် ဂျုံမှုန့်ကြိတ်ပြီးသောအခါ လီစာ၏အလှည့် ရောက်လာသည်။ ဂျုံစက်ပိုင်ရှင်က လီစာ၏အိတ်ထဲမှ ဂျုံစေ့များကိုကြည့်ပြီး "နင့်အိတ်ကလည်း ဂျုံစေ့သိပ်မရှိပါလား" ဟု ပြောလေသည်။ ပြီးလျှင် "ဒါဆို နင် ဂျုံမှုန့်နည်းနည်းပဲ ရလိမ့်မယ်" ဟု ဆက်ပြောကာ ကြိတ်ဆုံထဲသို့ ဂျုံစေ့များ သွန်ထည့်လိုက်သည်။ လီစာလေးမှာ ဂျုံစေ့များကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ ဟန်၏ဂျုံအိတ်မှာ ဂျုံမှုန့်တွေ အပြည့်အလျှံဖြစ်နေသဖြင့် စိတ်မကောင်းဖြစ်မိခြင်းပင်။

ထိုစဉ်တွင် လယ်ကွင်းထဲရှိ ငှက်ကလေးများသည် စာခြောက်ရုပ်ကြီး၏နားနားသို့ ကပ်ပြီး စကားများ တတွတ်တွတ် ပြောနေကြသည်။ အမှန်မှာ ဤစာခြောက်ရုပ်ကြီးသည် တန်ခိုးရှိလေသည်။ ငှက်ကလေးများက စာခြောက်ရုပ်ကြီးအား လီစာလေးသည် အလွန်သနားကြင်နာစိတ်ရှိကြောင်း၊ သူတို့ကို ဂျုံစေ့များကျွေးသဖြင့် ချမ်းအေးသော ဆောင်းရာသီတွင် သူတို့ ယခုလို အသက်ရှင်ရသည်ဖြစ်ကြောင်း ရှင်းပြကြသည်။ စာခြောက်ရုပ်ကြီးကလည်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

ငှက်ကလေးများ၏ စကားအဆုံးတွင် စာခြောက်ရုပ်ကြီးသည် ဂျုံကြိတ်ဆုံရှိရာဘက်သို့ လက်ညှိုးထိုးပြီး ပါးစပ်မှ တစ်စုံတစ်ခုကို ပြောလျက်ရှိသည်။ ထိုအခါ လျှပ်စီးများလက်ပြီး အရောင်တန်းများ ထွက်ကာ ဂျုံစက်ဆီသို့ ဖြာဆင်းသွားသည်။ စာခြောက်ရုပ်ကြီးက ပြုံးနေသည်။

ချက်ချင်းဆိုသလိုပင် ဂျုံကြိတ်ဆုံကြီးသည် အလိုအလျောက် လည်ပတ်နေလေသည်။ အရှိန်ကလည်း အလွန်မြန်သည်။ ကြိတ်ဆုံထဲမှ ဂျုံမှုန့်များသည် လျှံထွက်လာသည်။ ကြိတ်ဆုံပိုင်ရှင်မှာ ကြိတ်ဆုံ အလည်ရပ်စေရန် ကြိုးစားသော်လည်း မရချေ။ ထိုအခါ လီစာသည် ထွက်လာသော ဂျုံမှုန့်များကို သူ၏အိတ်ထဲသို့ ထည့်လေသည်။ သူ့ ဂျုံအိတ်ပြည့်သွားသော်လည်း ဂျုံမှုန့်များ ထွက်တုန်းပင်။ ထို့ကြောင့် လီစာသည် ဆောင်ရှိ ဂျုံအိတ်လွတ်များကိုယူကာ ဂျုံမှုန့်များကို ကျုံးထည့်လေသည်။

နောက်ဆုံးတွင် ကြိတ်ဆုံကြီးသည် တဖြည်းဖြည်း သူ့ဘာသာသူ ရပ်သွားသည်။ လီစာကတော့ ဂျုံအိတ်ခြောက်အိတ် ရလိုက်သည်။ ကြိတ်ဆုံပိုင်ရှင်က "ငါ့တစ်သက်မှာ ဒီလိုဖြစ်တာ တစ်ခါမှ မတွေ့ဖူးဘူး၊ မင်း ဂျုံအိတ်ခြောက်အိတ်ကို တစ်ယောက်တည်း သယ်လို့ဘယ်ဖြစ်မလဲ၊ ငါ့လှည်း ငှားလိုက်ပါ့မယ်၊ လှည်းနဲ့ သယ်သွားပေတော့" ဟု ပြောလိုက်သည်။

လီစာသည် ဂျုံစက်ပိုင်ရှင် ပြင်ဆင်ပေးသော လှည်းထိပ်တွင် ထိုင်ပြီး ခရီးဆက်ခဲ့သည်။ လမ်းတွင် ဟာန်ကိုတွေ့လေသည်။ ဟာန်၏ ကျောပေါ်ရှိ ဂျုံအိတ်သည် ယခုအခါတွင် လီစာ၏ ဂျုံအိတ်များနှင့် နှိုင်းယှဉ်လိုက်လျှင် အလွန်နည်းသွားပေပြီ။

လီစာ၏မိခင်သည် လှည်းတစ်စီးတိုက် ဂျုံအိတ်များကို တွေ့မြင်ရသဖြင့် အလွန်အံ့ဩသွားသည်။ ပါးစပ်မှလည်း "ငါ နင့်ကိုပေးလိုက်တာ ဂျုံအိတ်ထဲမှာ ဂျုံစေ့နည်းနည်းလေးပါ" ဟု ပြောလိုက်သည်။

လီစာက အကြောင်းစုံ ရှင်းပြသောအခါ လီစာတို့ မိသားစုအားလုံး အလွန်ပျော်ရွှင်သွားကြသည်။ သူတို့သည် အစားအစာနှင့်ပတ်သက်၍ ပူပင်စရာ မလိုတော့ချေ။ ပိုလျှံသော ဂျုံများကို ရောင်းချပြီး လီစာလေးအတွက် အနွေးထည် လုံလုံခြုံခြုံလေး ဝယ်ပေးသည်။ ယခုဆောင်းတွင်းတွင် လီစာလေးမှာ မချမ်းတော့ချေ။

လီစာသည် သူ့မိတ်ဆွေငှက်ကလေးများကို ဘယ်တော့မှ မမေ့ချေ။ သူ့တွင် တစ်ခုခုစားစရာရသည်နှင့် ငှက်ကလေးများကိုကျွေးရန် သတိရလေသည်။ ထို့ကြောင့် လီစာသည် လယ်ကွင်းထဲမှ ငှက်ကလေးများထံ မကြာမကြာသွားပြီး စားစရာများ ကျွေးတတ်လေသည်။ စာခြောက်ရုပ်ကြီးကတော့ ပြုံးပြီးကြည့်နေလေသည်။

❑



## နင်းဘုရင်မ

ဟိုးရှေးရှေးတုန်းက နော်ဝေးနိုင်ငံတွင် အလွန်ဆိုးသော မှော်ပညာရှင်ကြီးတစ်ယောက် ရှိလေသည်။ သူ့တွင် မှော်အတတ်ပညာနှင့် ပြုလုပ်ထားသော မှန်တစ်ချပ်ရှိသည်။ ထိုမှန်သည် လှပကောင်းမွန်သော အရာမှန်သမျှကို အရုပ်ဆိုး၍ မကောင်းသောအရာအဖြစ် ဖော်ပြသည်။ တစ်နေ့တွင် မှော်ဆရာကြီးသည် သူ၏မှန်ကို နတ်သမီးလေးများ နေသော တောအုပ်ထဲသို့ ယူသွားရန် စိတ်ကူးလေသည်။ သူ့အကြံအစည်မှာ ထိုမှန်ကို နတ်သမီးလေးများကို ကြည့်စေပြီး မှန်ထဲတွင် အရုပ်ဆိုးသောပုံများ ပေါ်လာပါက နတ်သမီးလေးများ မည်သို့ဖြစ်မည်ဆိုသည်ကို သိချင်၍ပင် ဖြစ်သည်။

မှော်ဆရာကြီးသည် နတ်သမီးလေးများနေသော တောအုပ်သို့ အသွားတွင် သူ့လက်ထဲမှမှန်သည် လွတ်ကျပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားသည်။ ထိုကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားရာမှ မှန်စလေးတစ်ခုသည် လယ်သမားကြီး၏သား ဂျွန်ဆိုသူကလေး၏ မျက်စိထဲဝင်သွားသည်။

ဂျွန်၏အိမ်နီးနားချင်းဖြစ်သူ အဲလီစဘက်နှင့် ဂျွန်သည် အလွန်ရင်းနှီးကြသည်။ သူတို့နှစ်ယောက်သည် ငယ်စဉ်ကတည်းက အတူကြီးပြင်းလာကြသည်။ ထို့ကြောင့် တစ်ယောက်နှင့် တစ်ယောက် အလွန်ချစ်ခင်ကြသည်။

သို့သော် အထက်တွင်ဖော်ပြခဲ့သော မှော်ဆရာကြီး၏ မှန်ကွဲစလေး ဂျွန်၏မျက်စိထဲ ဝင်သွားသည့်အချိန်မှစ၍ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် တစ်မျိုးတစ်ဖုံ ဖြစ်သွားသည်။ အဘယ်ကြောင့် ဆိုသော် ဂျွန်သည် ကောင်းသောအရာမှန်သမျှကို မကောင်းဟုမြင်ပြီး စိတ်တိုနေ၍ ဖြစ်သည်။

တစ်နေ့တွင် ဂျွန်သည် တစ်ယောက်ယောက်ကို မကောင်းကြံရန် ကြံစည်ရင်း မိန်းမပျိုတစ်ယောက်ကို တွေ့လေသည်။ ထိုမိန်းမပျိုသည် ခေါင်းပေါ်မှာ သရဖူတစ်ခုကို ဆောင်းထားသည်။ ထိုသရဖူမှစိန်များသည် နေရောင်တွင် တလက်လက်နှင့် ဖြစ်နေသည်။ ဂျွန်သည် ဖန်ကွဲစလေး မျက်စိထဲဝင်နေသည်ဖြစ်၍ ထိုအမျိုးသမီးလေးကို သူ့မျက်စိထဲတွင် အလှပဆုံး မိန်းကလေးတစ်ယောက်ဟု ထင်နေသည်။

အမှန်မှာ ထိုအမျိုးသမီးလေးသည် နှင်းနတ်သမီးလေးများ၏ အကြီးအကဲ နှင်းဘုရင်မဖြစ်သည်။ သူသည် ရေခဲနှင့်ဆောက်ထားသော နန်းတော်ကြီးထဲတွင်နေသည်။ သူ၏ နန်းတော်သည် ဖင်လန်နိုင်ငံမှာ ရှိသည်။

နှင်းဘုရင်မက "မင်း ငါနဲ့ လိုက်ခဲ့ပါလား" ဟု ဂျွန်ကို မေးလိုက်သည်။ ဂျွန်သည် ချက်ချင်းပင် လိုက်ရန်သဘောတူလိုက်သည်။ သူ့စိတ်ထဲတွင် သူ့မိဘနှင့် အဲလီစဘက်ကို ခင်မင်တွယ်တာမှု လုံးဝ မရှိတော့ချေ။ ထို့ကြောင့် နှင်းဘုရင်မသည် သူ၏လှည်းပေါ်ကို ဂျွန်အားတင်ပြီး တောတောင်များကို ဖြတ်ကျော်ကာ ခရီးနှင်ခဲ့သည်။ နှင်းဘုရင်မ၏လှည်းကို ဆွဲသော မြင်းဖြူကြီးများမှာလည်း အလွန်လှလေသည်။ နောက်ဆုံးတွင် ဆီးနှင်းများဖုံးနေသော ရေကန်များကို ကျော်ဖြတ်ကာ ခရီးဆက်ခဲ့ရာ နှင်းဘုရင်မ၏နန်းတော်သို့ ရောက်သွားသည်။

ထိုအချိန်တွင် အဲလီစဘက်လေးသည် ဂျွန်ပျောက်ဆုံးသွား

သဖြင့် စိတ်သောကရောက်နေသည်။ သူ့စိတ်ထဲတွင် ယခင်က အလွန်သဘောကောင်းပြီး လိမ္မာသောဂျွန်ကလေးသည် ချက်ချင်း ပုံစံပြောင်းသွားသည်ကို ဘဝင်မကျလှချေ။ ထို့ကြောင့် ယခုလို ပျောက်သွားသောအခါ စိတ်ပူပြီး လိုက်ရှာလျက်ရှိသည်။

အဲလီစဘက်သည် နံနက်စောစောထပြီး သူ့မိခင်ကို နှုတ်ဆက်ကာ လှေကလေးတစ်စင်းဖြင့် ကျယ်ပြန့်သောလွင်ပြင်များကို ကျော်ဖြတ်ကာ တောင်များရှိရာဆီသို့ ခရီးထွက်ခဲ့သည်။

ကမ်းတစ်ဖက်သို့ရောက်သော် လှေပေါ်မှဆင်းကာ ခြေကျင်ခရီးဆက်ခဲ့သည်။ အဲလီစဘက်သည် လမ်းလျှောက်ရင်း၊ လမ်းလျှောက်ရင်းနှင့် သူသွားနေသောအရပ်သည် ဖင်လန်နိုင်ငံသို့ ဦးတည်နေသည်ကို မသိဘဲ သွားနေသည်။ ဖင်လန်နိုင်ငံတွင် ဆီးနှင်းများဖုံးလွှမ်းလျက်ရှိပြီး သစ်ပင် မြက်ပင်များ မရှိချေ။ နေရာတိုင်းတွင် နှင်းများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

အဲလီစဘက်သည် ခရီးပန်းလာသည်နှင့် ရေလည်းငတ်လာသည်။ ထမင်းလည်း ဆာလာသည်။ ထို့ကြောင့် ဂျွန်ကို ဆက်၍ မရှာတော့ဘဲ အိမ်ကိုပြန်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအချိန်တွင် ဒရယ်လေးတစ်ကောင်နှင့် ကျီးတစ်ကောင်ကို သူတွေ့သည်။

သူတို့နှစ်ကောင်က "မင်း လမ်းပျောက်နေတာလား၊ ငါတို့ ဘာလုပ်ပေးရမလဲ" ဟု မေးကြသည်။

အဲလီစဘက်က သူ့အဖြစ်အပျက်ကို အစအဆုံး ရှင်းပြသည်။ ထိုအခါ ဒရယ်လေးက နှင်းဘုရင်မ၏ နန်းတော်ထဲတွင် ဂျွန်ကို သူမြင်လိုက်ကြောင်း ပြောသည်။ အကယ်၍ အဲလီစဘက်က ထိုနန်းတော်သို့ သွားလိုပါက သူလိုက်ပို့ပေးမည်ဟု ပြောသည်။

အဲလီစဘက်ကလည်း ဝမ်းသာအားရနှင့် ဂျွန်ထံသို့ ပို့ပေးရန် တောင်းပန်သည်။ ဒရယ်နှင့် ကျီးကလည်း အဲလီစဘက်ကို သနားသဖြင့် နှင်းဘုရင်မနန်းတော်သို့ ခေါ်ဆောင်သွားကြသည်။ အဲလီစဘက်

ကလည်း သူ့ကိုလမ်းပြပေးသော မိတ်ဆွေနှစ်ယောက်ကို ကျေးဇူးတင်ကြောင်း ပြောကာ နှုတ်ဆက်သည်။

အဲလီစဘက်သည် နှင်းဘုရင်မ၏ နန်းတော်ကြီးကို မြင်သောအခါ တအံ့တဩဖြစ်ကာ ကြောက်ရွံ့စိတ်များပေါ်လာသည်။ သို့သော် သူ့သူငယ်ချင်း ဂျွန်ကို မြင်လိုဇောဖြင့် နန်းတော်၏ တံခါးဆီသို့ သွားခဲ့သည်။ ထိုအခါ နှင်းဘုရင်မသည် ပြတင်းပေါက်မှတစ်ဆင့် အဲလီစဘက်ကို မြင်သွားသည်။ ထို့ကြောင့် နှင်းဘုရင်မသည် အဲလီစဘက်ရှိရာသို့ လက်ညှိုးနှင့်ထိုးပြီး "နင့်သူငယ်ချင်းကို ဘယ်နည်းနဲ့မှ ကယ်လို့ မရစေရဘူး" ဟု ကြိမ်းဝါးလေသည်။ နှင်းဘုရင်မ၏ စကားအဆုံးတွင် နှင်းဖတ်များ၊ နှင်းစက်များသည် အလိုလို အဲလီစဘက်၏ရှေ့တွင် ကျလာသည်။

အဲလီစဘက်သည် နှဖ်းများကျလာသဖြင့် ချမ်းပြီး တုန်လာသည်။ သို့သော် သူသည် မကြောက်ရွံ့ဘဲ နန်းတော်တံခါးကိုတွန်းဖွင့်ပြီး အထဲသို့ ဝင်ခဲ့သည်။

နန်းတော်ထဲတွင် မြင်မြင်သမျှသည် ရေခဲများဖြင့် ပြုလုပ်ထားကြသည်။ ကြမ်းပြင်၏အခင်းမှာ ရေခဲပြင်ကြီးဖြစ်သလို လှေကားများ၊ တိုင်များအားလုံးသည် ရေခဲနှင့် ပြုလုပ်ထားကြသည်။ အမိုးမှာလည်း ရေခဲနှင့်ပင်။ အဲလီစဘက်သည် အံ့ဩလွန်းသဖြင့် ရေခဲတုံးများကို လိုက်၍ ကြည့်နေသည်။

ဂျွန်သည် အဲလီစဘက်ကို လုံးဝ သတိမရချေ။ သူနေသော နန်းတော်ထဲသို့ အဲလီစဘက် ရောက်နေပြီဆိုသည်ကိုလည်း မသိချေ။ အဲလီစဘက် ကမူ အခန်းများအားလုံးသို့ တစ်ခန်းဝင်တစ်ခန်းထွက်နှင့် ဂျွန်ကို လိုက်ရှာနေသည်။

နောက်ဆုံးတွင် အဲလီစဘက်သည် မြေအောက်ခန်းတစ်ခုကို သွားတွေ့သည်။ ထိုမြေအောက်အကျဉ်းစခန်းသည် ရေခဲနေသော ရေအိုင်တစ်ခုကို အခန်းဖွဲ့ထားခြင်းဖြစ်သည်။ ထိုရေအိုင်ဘေးတွင်

ဂျွန်သည် ရေခဲတုံးများနှင့် အိမ်ဆောက်ကစားနေသည်။ အဲလီစဘက် သည် ပျော်လွန်း၍ သူ့သူငယ်ချင်းနာမည်ကို "ဂျွန်" "ဂျွန်" နှင့် အဆက်မပြတ် အော်ခေါ်နေသည်။

သို့သော် ဂျွန်သည် သူ့နာမည်ကို ခေါ်နေသည်ကို သိပုံမရချေ။ ကစားမြဲ ဆက်၍ ကစားနေသည်။ ထိုအခါ အဲလီစဘက်သည် ဂျွန်၏ အနားသို့သွားပြီး "ငါ့ကိုကြည့်ပါဦး၊ နင် ငါ့ကိုမသိဘူးလား၊ နင် မမှတ်မိတော့ဘူးလား၊ နင့်သူငယ်ချင်းလေ" ဟု တဖွဖွ ပြောလျက် ရှိသည်။

ဂျွန်ကမူ အဲလီစဘက် ပြောသမျှကို နားမလည်ချေ။ ထိုအခါမှာ အဲလီစဘက်သည် ဝမ်းနည်းလာသည်။ ထို့ကြောင့် သူ့မျက်လုံးထဲမှ မျက်ရည်များသည် ဒလဟော စီးဆင်းလာသည်။ အဲလီစဘက်က ဝမ်းနည်းပန်းနည်း ဖြစ်နေသည်ကို မြင်သောအခါ ဂျွန်က အဲလီစဘက် ကို သေသေချာချာလှမ်းကြည့်ဖော်ရလာသည်။ ထိုသို့ကြည့်ရင်းနှင့် ရင်ထဲတွင် အလိုလို ဝမ်းနည်းလာပြီး အဲလီစဘက်လိုပင် မျက်ရည် များ စီးကျလာသည်။

ဂျွန်သည် သူ့မျက်လုံးထဲမှ မျက်ရည်များ အလိုလိုစီးကျသည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ထိုအခါ ဂျွန်၏ မျက်ရည်များ နှင့်အတူ ဂျွန်၏မျက်စိထဲ ဝင်နေသော မှန်စသေးသေးလေးသည် ကြမ်းပေါ်သို့ ထွက်ကျသွားသည်။

ဂျွန်သည် မျက်စိထဲမှ မှန်စလေးမရှိသည်နှင့် တစ်ပြိုင်နက် ဝမ်းသာအားရ ထ၍ခုန်လေသည်။ သူ၏မျက်စိထဲတွင် မကောင်းမြင် မှုများ ပျောက်ပြီး အကောင်းများကို ပြန်၍မြင်လာပြီဖြစ်သည်။ သူ့ သူငယ်ချင်းကိုလည်း မှတ်မိသွားသည်။

"အဲလီစဘက်ရယ် နင်ဟာ ငါ့အတွက် မိတ်ဆွေစစ် မိတ်ဆွေ မှန် တစ်ယောက်ပါပဲကွယ်၊ ငါ့စိတ်ထဲ ဘာတွေဖြစ်တယ်မသိပါဘူး၊ ' ဒီရေခဲနန်းတော်ထဲမှာ ငါ ဘယ်လိုရောက်နေတယ်ဆိုတာ ငါမမှတ်

မိတော့ပါဘူး၊ တကယ်က ဒီနေရာကြီးကို ငါကြိုက်ဘူး၊ မုန်းပါတယ်”ဟု ရှင်းပြသည်။

အဲလီစဘက်ကလည်း “ဒါဆို တို့တစ်တွေ အခုချက်ချင်း ထွက်သွားကြရအောင်၊ နင် အခုလို အမြန်မှန်ပြန်ရတာ ငါ သိပ်ဝမ်းသာတာပဲ”ဟု ပြောသည်။

နှင်းဘုရင်မကလည်း ဂျွန်ကို သူ့နန်းတော်မှာ ဆက်ပြီးနေရန် မစွမ်းဆောင်နိုင်တော့ချေ။

ဂျွန်နှင့် အဲလီစဘက်တို့နှစ်ယောက်သည် တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ရေခဲနန်းတော်ထဲမှ ထွက်ပြေးကြသည်။ သူတို့နှစ်ယောက်သည် ခရီးဆက်ကြရင်း တဖြည်းဖြည်း နွေးထွေးသောအရပ်များသို့ ရောက်လာသည်။ ထိုအရပ်တွင် သစ်ပင်မြက်ပင်များနှင့် စိမ်းလန်းစိုပြည်နေသည်။ နေမင်းကြီးကိုလည်း သူတို့ခေါင်းပေါ်တွင် ထွန်းလင်းနေသည်ကို တွေ့ကြရသည်။

သူတို့နှစ်ယောက်သည် ဂျွန်၏မျက်စိထဲကို မှော်ဆရာကြီး၏ မှန်ကွဲစလေး မဝင်ခင်ကအတိုင်းပင် ချစ်ချစ်ခင်ခင်နှင့် ကစားကြ၊ ပျော်ကြနှင့် ခရီးဆက်ကြသည်။

သူတို့နှစ်ယောက်သည် မြစ်ဆိပ်သို့ရောက်သော် အဲလီစဘက်ထားခဲ့သော လှေကလေးကို တွေ့ရသည်။ ထိုလှေကလေးပေါ်တက်ပြီး သူတို့၏ မိဘများရှိရာအရပ်သို့ ပျော်ပျော်ရွှင်ရွှင်နှင့် ပြန်ခဲ့ကြသည်။ ဂျွန်နှင့် အဲလီစဘက်တို့နှစ်ယောက်သည် အစဉ်အမြဲ ပျော်ပျော်ရွှင်ရွှင်နှင့် ကစားကြလေသည်။

❐

## မေမေချုပ်ပေးသော ဦးထုပ်လေး

ဟိုးရှေးရှေးက ဆွစ်ဇာလန်နိုင်ငံတွင် အင်ဒါဟု အမည်တွင်သော လူငယ်တစ်ယောက်ရှိသည်။ တစ်နေ့တွင် အင်ဒါ၏မိခင်သည် သူ၏ သားငယ်ကို လက်ဆောင်အဖြစ် ဦးထုပ်တစ်လုံး ထိုးပေးသည်။ အင်ဒါသည် သူ့မိခင်ထိုးပေးသော သိုးမွေးဦးထုပ်လေးကို အလွန် သဘောကျလေသည်။ သူ့စိတ်ထဲတွင် ဤဦးထုပ်လေးလို လှသော ဦးထုပ်မျိုး ဤကမ္ဘာလောကတွင် မရှိဟုထင်မိသည်။ ဦးထုပ်လေးမှာ အနီရောင်ဖြစ်ပြီး အပေါ်ပိုင်းတွင် အပြာနုလေးနှင့် စပ်ထားသည်။ ဦးထုပ်၏ထိပ်တွင် အစိမ်းရောင်ပန်းဖွားလေး ပါဝင်သည်။ သူ့မိခင်က "မင်းဦးထုပ်လေးက သိပ်ကိုလှတာပဲ၊ မင်း ဘုရင့်နန်းတော်က ကပွဲ ကို သွားဖို့ အတော်ဖြစ်သွားပြီ" ဟုပြောသည်။

အင်ဒါကလည်း ပြုံး၍ "ဟုတ်တယ်၊ ကျွန်တော် ကပွဲသွား နိုင်ပြီ" ဟု ပြောလိုက်သည်။ သူ့စိတ်ထဲတွင် သူ နန်းတော်တွင်းသို့ ဝင်သွားသည့်အခါ လူများက သူ့ကို ဂုဏ်ယူစွာ လှမ်း၍ကြို့နေမည့်ပုံ စိတ်ကူးနေမိသည်။

ထို့ကြောင့် အင်ဒါသည် ဦးထုပ်လေးကိုချွတ်ပြီး သူ့မိခင်ကို ခေါင်းညွှတ်အရိုအသေပြုကာ ဘုရင့်နန်းတော်ဆီသို့ သွားလေသည်။

နန်းတော်အဝင်တံခါးတွင် အစောင့်နှစ်ယောက်က သူ့အား နန်းတော်တွင်းသို့ မဝင်နိုင်ရန် တားမြစ်သည်။

"မင်း ဘယ်ကိုသွားမလို့လဲ" ဟု မေးကြသည်။

အင်ဒါကလည်း ဂုဏ်ယူဝင့်ကြွားစွာပင် "ဘုရင့်ရဲ့ ကပွဲသဘင်ကိုလေ" ဟု ဖြေလိုက်သည်။

တံခါးမှူးနှစ်ယောက်သည် အင်ဒါ၏ ဦးထုပ်လေးကို လှမ်းကြည့်ပြီး တစ်ယောက်နှင့်တစ်ယောက် ခေါင်းညိတ်ပြပြီး အင်ဒါကို နန်းတော်တွင်းသို့ ဝင်ခွင့်ပြုရန် သဘောတူလိုက်သည်။ ထို့ကြောင့် တံခါးကို ဖွင့်ပေးလိုက်သည်။ အင်ဒါသည် အလွန်သဘောကျကာ ဝင့်ကြွားစွာဖြင့်ပင် နန်းတော်၏ လှပသော ကျောက်လှေကားများမှ တစ်ဆင့် အခန်းကျယ်ကြီးကို ကျော်ဖြတ်ပြီး ကပွဲကျင်းပရာ အခန်းဆီသို့ ဝင်ခဲ့သည်။

ထိုကပွဲကျင်းပရာ အခန်းထဲတွင် မိန်းမပျိုများသည် အဖိုးထိုက်တန်သော လက်ဝတ်လက်စားများနှင့် ပိုးသားအင်္ကျီများကို ဝတ်ဆင်လျက် အမျိုးသားများမှာ လှပသစ်လွင်သောဝတ်စုံများနှင့် ရွှေကြိုးများဖြင့် စီခြယ်ထားသော အဝတ်တန်ဆာများဝတ်ဆင်ကာ စုဝေးရောက်ရှိနေကြသည်။ ထိုလူစုလူဝေးထဲတွင် အလှပဆုံးမှာ ဘုရင့်သမီးတော်မင်းသမီးလေးပင် ဖြစ်သည်။ မင်းသမီးလေးသည် ကပွဲခန်းမထဲသို့ အင်ဒါဝင်လာသည်ကို မြင်သည်နှင့် သူကိုယ်တိုင် သွားရောက်၍ ကြိုဆိုလေသည်။ ပြီးလျှင် အင်ဒါကို လက်ဆွဲပြီးခေါ်ခဲ့သည်။

ထိုအခါ ကပွဲခန်းမအတွင်းရှိ လူတိုင်းသည် အင်ဒါနှင့် သမီးတော်လေးကို လှမ်း၍ ကြည့်ကြသည်။ မင်းသမီးလေး၏ဘေးတွင် ဦးထုပ်ဆောင်းလျက် လူစိမ်းလုလင်တစ်ယောက်ပါလာသဖြင့် သူတို့အားလုံးသည် ခါးညွှတ်၍ အရိုအသေပေးကြသည်။ သူတို့၏ စိတ်ထဲတွင် အင်ဒါကို မင်းသားတစ်ပါးဟု ထင်ကြသည်။

မင်းသမီးလေးသည် အင်ဒါကို ကပွဲခန်းမနှင့် မလှမ်းမကမ်းတွင်ရှိသော စားပွဲဆီသို့ ခေါ်သွားသည်။ ထိုစားပွဲပေါ်တွင် ရွှေပန်းကန်များ၊ ကမ္ဘာလုံးပုံ ဖန်ခွက်များနှင့် ပတ္တမြားရောင်အဆင်းရှိ ဝိုင်အရက်များ

ပြင်ဆင်ထားသည်။ စားပွဲအလယ်ရှိ ငွေပန်းကန်ပြားကြီးများထဲတွင် ကိတ်မုန့်များ၊ မုန့်မျိုးစုံနှင့် အချိုစုံပြင်ဆင်ထားသည်။ မင်းသမီးလေးသည် ရွှေကုလားထိုင်ပေါ်တွင် ထိုင်လိုက်ပြီး အင်ဒါကို သူ့ဘေးရှိ ကုလားထိုင်တွင် ထိုင်စေသည်။

မင်းသမီးလေးက အင်ဒါ ဦးထုပ်ကို မချွတ်သေးသည်ကို သတိထားမိ၍ "ဒီဦးထုပ်ကြီးဆောင်းပြီး စားလို့ ဘယ်ဖြစ်မလဲ" ဟု ပြောသည်။ အင်ဒါကလည်း ချက်ချင်း ဦးထုပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်လိုက်ပြီး "ဒီဦးထုပ်ဆောင်းပြီး စားလို့ဖြစ်ပါတယ်" ဟု ဖြေလေသည်။

မင်းသမီးလေးက ပြုံးလိုက်သည်။

ပြီးလျှင် "မင်းဦးထုပ်ကို မင်းက သိပ်တန်ဖိုးထားတာကိုး၊ ငါ မင်းကို နမ်းမယ်၊ ငါ့အနမ်းအတွက် မင်းဦးထုပ်ကို ငါ့ကိုပေး မလား" ဟု မေးလိုက်သည်။

အင်ဒါက ခေါင်းခါလိုက်သည်။ မင်းသမီးလေးသည် အလွန်လှသည်။ ဤလှပသောမင်းသမီးလေးထံမှ အနမ်းကိုလည်း အင်ဒါ လိုချင်ပါသည်။ သို့သော် သူ့မိခင်ပေးထားသော ဦးထုပ်လေးကိုတော့ မပေးနိုင်ချေ။

မင်းသမီးလေးသည် အင်ဒါ၏ အင်္ကျီအိတ်များထဲသို့ ကိတ်နှင့် အခြားမုန့်မျိုးစုံကို ထည့်ပေးလိုက်သည်။ ၎င်းအပြင် သူ့လည်တွင် ဆွဲထားသော ကျောက်သံပတ္တမြားများ စီခြယ်ထားသောလည်ဆွဲကို ချွတ်ပြီး အင်ဒါ၏လည်ပင်းတွင် ဆွဲပေးလိုက်သည်။ ပြီးလျှင် အင်ဒါကို နမ်းလိုက်သည်။

"ကဲ အခု မင်းဦးထုပ် ငါ့ကိုပေးမလား" ဟု မေးလိုက်သည်။

အင်ဒါသည် မင်းသမီးလေးကို ကိတ်မုန့်နှင့် လည်ဆွဲကို ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ယဉ်ကျေးစွာပြောပြသည်။ ပြီးလျှင် သူ့ဦးထုပ်ကို မပေးနိုင်သည့်အတွက် တောင်းပန်သည်။

အင်ဒါ ခေါင်းခါနေစဉ်တွင် ကပွဲခန်းမ၏တံခါးသည် ပွင့်

လာပြီး ဘုရင်ကြီးဝင်လာသည်ကို တွေ့လိုက်သည်။ ဘုရင်ကြီးသည် အနီရောင် ကတ္တီပါဝတ်ရုံကြီးကို ခြုံလျက် ခေါင်းပေါ်တွင်လည်း ရောမရွှေဖြင့် ပြုလုပ်ထားသော သရဖူကိုဆောင်းထားသည်။ ထိုသရဖူ ရှိ စိန်များ၊ ပတ္တမြားများ၏အရောင်မှာ တဖျပ်ဖျပ်လက်လျက်ရှိသည်။ ဘုရင်ကြီးသည် သမီးတော်လေး၏ ဘေးတွင် ထိုင်လျက်ရှိသော အင်ဒါကို စိတ်ဝင်စားပြီး အနားသို့ ရောက်လာသည်။

ဘုရင်ကြီးက "မင်းရဲ့ ဦးထုပ်က တကယ်ကိုလှတာပဲ၊ မင်း ဦးထုပ်နဲ့ ငါ့သရဖူလဲမလား" ဟု မေးလိုက်သည်။

ဘုရင်ကြီးသည် စကားဆုံးသည်နှင့် လက်တစ်ဖက်က ဘုရင့် သရဖူကို ကိုင်ပြီး အင်ဒါကို လှမ်းပေးကာ ကျန်လက်တစ်ဖက်က အင်ဒါခေါင်းမှ ဦးထုပ်ကို လှမ်း၍ ယူလိုက်သည်။

အင်ဒါသည် ဘုရင့်အမိန့်ကို လွန်ဆန်၍ မဖြစ်နိုင်ကြောင်း သူ သိသည်။ ထို့ကြောင့် ဘာမှမပြောဘဲ ဦးထုပ်ကို လက်နှစ်ဖက်နှင့် ဖိ၍ ကိုင်လိုက်ပြီး ထွက်ပြေးခဲ့သည်။ အင်ဒါသည် ကပွဲခန်းမကို ကျော်လွန်ပြီး ကျောက်လှေကားများမှတစ်ဆင့် နန်းတော်တံခါးကို ဖြတ်ကာ ထွက်ပြေးလေသည်။ သူ့အိတ်ထဲရှိ ကိတ်မုန့်များနှင့် မုန့်မျိုးစုံတို့သည် ထွက်ပြေးရာ လမ်းတစ်လျှောက်တွင် ကျကျန်ရစ် ခဲ့သည်။ ဘုရင့်သမီးတော်လေး ဆွဲပေးထားသော လည်ဆွဲမှာလည်း သူ့လည်ပင်းမှပြုတ်ပြီး ကျကျန်ရစ်ခဲ့သည်ကိုလည်း အင်ဒါ သတိမထား မိချေ။

သူ့အတွက် အရေးတကြီးဖြစ်နေသည်မှာ သူ့ဦးထုပ်သာ ဖြစ် သည်။ သူ့မိခင်ကိုယ်တိုင်ထိုးပေးခဲ့သော ဦးထုပ်နီလေးသည် သူနှင့် မကွာ ရှိနေဖို့သာ ဖြစ်သည်။ အင်ဒါသည် လမ်းတစ်လျှောက်လုံးလည်း မနားဘဲ ဆက်၍ပြေးခဲ့သည်မှာ သူ့မိခင် ဖခင်နှင့် အစ်ကို အစ်မများနှင့် တွေ့သည်အထိ ဖြစ်သည်။ သူ့အိမ်သားများကလည်း ဦးထုပ်နီလေး ကို လက်နှစ်ဖက်က ပျောက်သွားမည်ကို စိုးရိမ်သကဲ့သို့ ကိုင်ထားပြီး

မောကြီးပန်းကြီး ပြေးလာသော အင်ဒါကို နားမလည်ကြချေ။

အင်ဒါသည် အဖြစ်အပျက်အလုံးစုံကို ပြောပြသည်။ သူ့ဦးထုပ်နီလေးကို တွေ့သမျှလူတိုင်းက ချီးကျူးကြပုံ၊ လိုချင်ကြပုံကိုလည်း ပြောပြသည်။ နောက်တစ်ခါ မင်းသမီးလေးက သူ့ဦးထုပ်နီလေးကို လိုချင်၍ အနမ်းများပေးပုံ၊ မုန့်များပေးပုံ၊ နောက်ဆုံး ရတနာများ စီခြယ်ထားသော လည်ဆွဲကိုပေးပုံတို့ကို ပြောပြသည်။ တစ်ခါ ဘုရင်ကြီးက သူ့ဦးထုပ်နီနှင့် ဘုရင့်သရဖူကို လဲဖို့ပြောကြောင်း ပြောပြပြန်သည်။ ထို့ကြောင့် သူ ယခုလို မောကြီးပန်းကြီး ပြေးလာရကြောင်း ရှင်းပြသည်။

ထိုနေရာသို့ရောက်သောအခါ အင်ဒါ၏အစ်ကိုနှင့် အစ်မတို့က "ဟင် အင်ဒါ နင် တော်တော်ရူးတာပဲ၊ နင် ဘုရင်ဖြစ်ရင် ဘာမဆို နင် ရနိုင်တာကို မစဉ်းစားမိဘူးလား၊ ဘုရင်ဖြစ်မှတော့ ဒီလိုဦးထုပ်နီမျိုးတွေ အများကြီးရနိုင်တာပဲ" ဟု ပြောကြသည်။

ထိုသို့ပြောကြားချက်ကို ကြားရသော် အင်ဒါသည် အလွန်စိတ်ဆိုးလေသည်။ သူက "ငါ မရူးပါဘူး၊ ဒီကမ္ဘာပေါ်မှာ ငါ့အမေချုပ်ပေးတဲ့ ဒီ ဦးထုပ်လောက် ကောင်းတဲ့ဦးထုပ် ရှိမှာမဟုတ်ဘူး" ဟု ပြောလေသည်။

အင်ဒါ၏စကားအဆုံးတွင် သူ့မိခင်သည် အင်ဒါကို သူ့ရင်ခွင်တွင်းသို့ ပွေ့လိုက်ပြီး မွေးမွေးပေးလိုက်သည်။

❒

## ဝါးပင်ငယ်၏ဇာတ်လွှမ်းလေး

ဟိုးရှေးရှေးက ဂျပန်နိုင်ငံရှိ လူအရောက်အပေါက်နည်းသော တောအုပ်ကြီးတစ်ခုအတွင်းမှ ဝါးပင်ငယ်လေး၏ ဇာတ်လမ်းကို ပြောပြမည် ဖြစ်သည်။ ထိုတောအုပ်သည် တောင်ကုန်းတစ်ခု၏ တောင်စောင်းတွင် ရှိသည်။ ထိုတောအုပ်ထဲတွင် ဝါးပင်နှစ်ပင်ရှိသည်။

ဝါးပင်တစ်ပင်မှာ အလွန်ရှည်ပြီး သန်မာလှသည်။ သူ၏အခက်အလက်များသည် မြင့်မားလှစွာဖြင့် တခြားသော အပင်များပေါ်သို့ လွှမ်းမိုးနေသည်။ ဝါးပင်ကြီးသည် လေမည်မျှထန်ထန် မယိမ်းယိုင်ဘဲ ကြံ့ကြံ့ခံနိုင်သည်။ ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးသော ဝါးပင်ကြီးတစ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ထိုဝါးပင်ကြီးသည် အလွန်မာနကြီးကာ စိတ်ကြီးဝင်နေသည်။

တခြားဝါးပင်မှာ ဝါးပင်ကြီးနှင့် လုံးဝမတူချေ။ အဘယ်ကြောင့်ဆိုသော် ထိုဝါးပင်သည် အပင်ငယ်ပြီး ပျော့ပျောင်းသည်။ လေတိုက်လျှင်လည်း ထိုဝါးပင်ငယ်သည် ယိမ်းနွဲ့၍နေသည်။ ဝါးပင်ငယ်၏ စိတ်ထဲတွင် အားငယ်မှုများနှင့် ပြည့်နေသည်။ သူဟာ သူ့ဘေးက ဝါးပင်ကြီးလို မြင့်လည်းမမြင့်၊ သန်လည်းမသန်သောကြောင့် ဖြစ်သည်။

ဝါးပင်ငယ်လေးအတွက် ပျော်စရာကောင်းသော အချက်တစ်ခု ပေါ်ပေါက်လာသည်။ ပူနွေးလှသော နွေရာသီ၏ နေ့တစ်နေ့တွင်

ရှာရှိကလေးများသည် အရိပ်ကောင်းပြီး အေးမြသော တောအုပ်သို့ လာ၍ ကစားကြသည်။ ထိုကလေးတစ်သိုက်သည် ဝါးပင်ငယ်လေးကို သူတို့ကစားဖို့ နေရာအဖြစ် သတ်မှတ်ကြသည်။ သူတို့သည် ဝါးပင်ငယ်လေး၏ အခက်အလက်များတွင် ပန်းများ ချည်နှောင်ကြသည်။ ဝါးပင်ငယ်၏အရိပ်တွင် ထိုင်ပြီး ကစားကြ၊ နားကြသည်။ ကလေးတို့သည် တစ်နေ့လုံး ကစားနည်းမျိုးစုံ ကစားကြ၊ နတ်သမီးလေးလုပ်တမ်း ကစားကြ၊ ဘုရင်နှင့် ဘုရင်မတို့လုပ်တမ်း ကစားကြနှင့် ပျော်နေကြသည်။

ညနေစောင်းသော် ကလေးတို့သည် ဝါးပင်ငယ်လေးကို နှုတ်ဆက်ကာ သူတို့၏အိမ်ဆီသို့ ပြန်သွားကြသည်။ သူတို့၏ ပန်းပွင့်လေးများကိုမူ ဝါးပင်ငယ်၏ အကိုင်းများတွင် ချည်နှောင်လျက်ထားခဲ့ကြသည်။ ဝါးပင်လေးမှာ သူ့တွင် ပန်းပွင့်လေးများ ချည်နှောင်ကျန်ရစ်သည်ကို ကျေနပ်ပြီး ပျော်ရွှင်နေသည်။ ကလေးများက သူ့ကို အမှတ်တရလက်ဆောင်လေးများ ပေးခဲ့သလို ခံစားနေမိသည်။ ထိုစဉ် ဝါးပင်ကြီးကပြောလိုက်သော ခနဲ့တဲ့တဲ့စကားကြောင့် ဝါးပင်ငယ်လေးမှာ စိတ်မကောင်း ဖြစ်ရသည်။

"နင့်အတွက်က ကလေးတွေနဲ့ ကစားရတာကိုပဲ အကြီးအကျယ် လုပ်နေတယ်၊ အလကားပါ၊ ငါ့ကိုကြည့်စမ်း ငါဟာ ဘယ်လောက် အရပ်ရှည်သလဲ၊ ဘယ်လောက် သန့်စွမ်းသလဲ၊ ငါ့ဝါးနဲ့သင်္ဘောရွက်တိုင်လုပ်လို့ ရတယ်၊ အဲဒီလို သင်္ဘောမှာ ရွက်တိုင်လုပ်ပြီးရင် သမုဒ္ဒရာထဲမှာ ရွက်လွှင့်ပြီးသွားနိုင်တယ်၊ အဲဒီအခါမှာ နိုင်ငံခြားတိုင်းပြည်တွေက မြို့ကြီးတွေ အားလုံးကို ငါရောက်ဖူးသွားမှာပဲ၊ နင်ကတော့ ဒီတောထဲမှာ ကလေးတွေနဲ့ ကစားပြီး စိတ်ကူးယဉ်ပြီး ကျန်ခဲ့မှာ သေချာတယ်" ဟု ပြောသည်။

ဝါးပင်ကြီး၏စကားသည် ဝါးပင်ငယ်လေးကို အလွန် စိတ်မချမ်းမသာ ဖြစ်စေသည်။ ဝါးပင်ငယ်သည် ဘာမှ ပြန်မပြောဘဲ

ငြိမ်နေသော်လည်း သူ၏အကိုင်းအလက်များက လေတိုက်ရာယိမ်းပြီး ညည်းညူသံများ ပေးနေသည်။

တစ်နေ့တွင် သစ်ခုတ်သမားတို့သည် ထိုတောသို့ လာရောက်ကြသည်။ သူတို့သည် ဝါးရုံဘေးတွင်ရပ်ပြီး ဝါးပင်များကို လေ့လာကြသည်။

သစ်ခုတ်သမားတစ်ယောက်က ဝါးပင်ကြီး၏ ပင်စည်ကို လက်နှင့် ကိုင်ပြီး ကြည့်ကာ "ဒီအပင်က သဘော်ရွက်တိုင်လုပ်ဖို့ အတော်ပဲ" ဟု ပြောသည်။ ပြီးလျှင် လွှတို့ ပုဆိန်တို့ကို ထုတ်ကာ ဝါးပင်ကြီးကို ခုတ်လှဲပြီး ပင်လယ်ဆိပ်ကမ်းသို့ သယ်ဆောင်သွားကြသည်။

နောက်တစ်နေ့တွင် သစ်ခုတ်သမားတို့သည် ဝါးပင်အငယ်များကို ခုတ်လှဲရန်အတွက် ရောက်လာကြပြန်သည်။ ကလေးများသည် ဝါးပင်ငယ်ဘေးတွင် စုဝေးကာ ကစားနေရာမှ သူတို့ကစားနေသော ဝါးပင်လေးကို မခုတ်ရန် တောင်းပန်ကြသည်။

ထိုအခါ သစ်ခုတ်သမားတစ်ဦးက "ဒီအပင်က ငယ်တော့ ခုတ်လည်း တို့အတွက် သိပ်အသုံးဝင်မှာမဟုတ်ဘူး" ဟု ပြောသည်။ ထိုအခါ တခြား သစ်ခုတ်သမားများကလည်း သဘောတူကြသည်။ ထိုအခါ ခေါင်းဆောင်လုပ်သူက ကလေးများအား "မင်းတို့ ဒီအပင်ကလေးနဲ့ ကစားချင်ရင် ဦးဦးတို့ မခုတ်ပါဘူး၊ ဒါပေမဲ့ ဒီအပင်ကို အမြစ်ကနေ တူးပြီး တခြားနေရာမှာ ပြောင်းပြီးစိုက်မှ ဖြစ်မယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာရှိတဲ့ သစ်ပင်တွေအားလုံးကို ခုတ်ပြီး စပါးစိုက်ဖို့ ပြင်ရမှာမို့ပါ" ဟု ရှင်းပြသည်။

ကလေးများကလည်း သဘောတူကြသည်။ သို့ရာတွင် သစ်ပင်တစ်ပင်ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြီးစိုက်ရသည်မှာ မလွယ်ကူလှချေ။ သစ်ပင်ကိုတူးစဉ် အမြစ်ကိုထိမိပါက သစ်ပင်သေသွားနိုင်သည်။ ထို့ကြောင့် စိတ်ကောင်းရှိသော သစ်ခုတ်သမားများက

ကလေးများနှင့်အတူ ဝါးပင်ငယ်လေးကို အမြစ် မထိခိုက်စေရန် တူးပေးကြသည်။ ပြီးလျှင် မြစ်ကမ်းစပ်ရှိ ပန်းခြံတွင် စိုက်လိုက်ကြသည်။

ဝါးပင်ငယ်လေးသည် သူ၏နေရာသစ်ကို အလွန် ကြိုက်နှစ်သက်လေသည်။ ဤနေရာလေးတွင် သူ့ကိုမိုးနေသည့် သစ်ပင်ကြီးများ တစ်ပင်မှ မရှိချေ။ ထို့ကြောင့် နေရောင်ခြည်နှင့် မိုးရေကို တစ်ဝကြီး ရရှိနိုင်ပေသည်။ ၎င်းပြင် ကလေးများကလည်း သူ့ကို အလွန် ဂရုစိုက်ကြသည်။ နေ့စဉ် သူ့ထံသို့လာရောက်ပြီး သူ့အကိုင်းများပေါ်တွင် ပန်းများထိုးကြသည်။

တစ်နေ့တွင် အလွန်ပြင်းထန်သော မုန်တိုင်းတိုက်ခတ်လေသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် လေသည် ပင်လယ်ရေကို ကုန်းပေါ်အထိ သယ်ယူလာသဖြင့် ပန်းခြံတစ်ခုလုံးမှာ ရေများနှင့် လွှမ်းမိုးသွားသည်။ လှိုင်းလုံးကြီးများလည်း ကြောက်ဖွယ်လိလိပင်ဖြစ်သည်။ ကလေးများမှာ ကြောက်လွန်းသဖြင့် သူတို့အိမ်ရှိရာသို့ ပြန်ကြသည်။ ဝါးပင်ငယ်လေးမှာလည်း အလွန်ကြောက်ရွံ့လျက်ရှိသည်။ သူ့အမြစ်ကို မြေကြီးအောက်တွင် သေသေချာချာ စိုက်ထားမှု၊ ကလေးများ ဂရုစိုက်မှုတို့ကြောင့် အမြစ်သည် အလွန်ခိုင်နေပြီဖြစ်သည်။ ထို့ကြောင့် ပင်စည်မှာ လေဒဏ်ကို ခံနိုင်နေသည်။ သို့သော် လေအားကြောင့် သူ့အပင်လေးမှာ ဘယ်ညာယိမ်းယိုင်လျက် ရှိသည်။ ဝါးပင်လေး၏ အမြစ်နှင့် ပင်စည်မှာမူ အပျက်အစီး မရှိခဲ့ချေ။

ကြီးမားလှသော လှိုင်းလုံးကြီးများသည် ပင်လယ်ပြင်ရှိ ပစ္စည်းမှန်သမျှကို ကမ်းနံဘေးရှိ ကျောက်ဆောင်များတွင် ရိုက်သည့် အသံများမှာ ကြောက်ဖွယ်ကောင်းလှသည်။ ဝါးပင်ငယ်လေး၏ ခြေရင်းတွင် သစ်တိုသစ်စနှင့် သင်္ဘောပျက်များထံမှ အပိုင်းအစမျိုးစုံသည် ပြန့်ကျဲနေသည်။

ဝါးပင်ငယ်လေးသည် စိတ်မကောင်းစွာဖြင့် အပျက်အစီးများကို လိုက်လံကြည့်ရင်း ဝါးပင်ကြီးကို တွေ့သွားသည်။ သစ်တောအုပ်

တွင်းတွင်နေစဉ်က သူ့ဘေးရှိဝါးပင်ကြီးသည် အပျက်အစီးများကြား တွင် ရောက်ရှိနေပေပြီ။

ဝါးပင်လေးက "ရှင့်ကို အခုလိုတွေ့ရတာ စိတ်မကောင်းပါဘူး ရှင်၊ ကျွန်မ ဘာများ အကူအညီပေးရမလဲ" ဟု မေးလိုက်သည်။

ဝါးပင်ကြီးက "မလိုပါဘူးကွာ၊ ဒီပင်လယ်ရေလှိုင်းကြောင့် ငါ အခုလို ကြေမွပျက်စီးသွားတာပေါ့၊ ငါတို့ တောအုပ်ထဲမှာနေတုန်းက ငါ မာနတွေထားခဲ့တာ ဘယ်လောက်များ ဉာဏ်မရှိတဲ့ငါလဲဆိုတာ စဉ်းစားသာကြည့်ပေတော့၊ မင်းတောင် အရပ်တော်တော်ရှည်လာပြီပဲ၊ မင်းကြည့်ရတာ တော်တော်ပျော်နေပုံရတယ်၊ ဒီက ကလေးတွေက လည်း မင်းကို သိပ်ပြီး ဂရုစိုက်ကြတော့ ဒီဥယျာဉ်ထဲမှာ မင်းအတွက် လုံခြုံစိတ်ချရပါတယ်" ဟု ပြောသည်။

ထိုစကားအဆုံးတွင် ဝါးပင်ကြီးသည် ဘာမှ မပြောတော့ချေ။ နောက်တစ်နေ့နံနက်ခင်းတွင် ထင်းခုတ်သမားတို့သည် သစ်တိုသစ်စ များကို ထင်းစိုက်ရန်အတွက် လာရောက်၍ခုတ်ကြသည်။ ကလေး များကလည်း ဝါးပင်လေးဆီသို့ လာရောက်ပြီး နေ့စဉ်ကစားနေကျ လာရောက်ကစားကြသည်။ သူတို့သည် ထင်းခုတ်သမားတို့ ခုတ်ပြီး ကျန်ရစ်ခဲ့သော ထင်းစလေးများကိုလည်း စုစည်းကြလေသည်။ ထို သစ်သားစလေးများသည် အလွန်မာနကြီးသော ထင်းရှူးပင်ကြီးဆီမှ အစများဖြစ်သည်ကို သူတို့ မသိကြချေ။

ဝါးပင်ငယ်လေးကသာ သိလေသည်။ သို့သော် သူကမူ ဘာမှမပြောဘဲ တိတ်တိတ်နေနေသည်။

❐

## တိရစ္ဆာန်သုံးကောင်

ဟိုးရှေးရှေးက ဟန်ဂေရီနိုင်ငံရှိ ဘုရင်ကြီးတစ်ပါးတွင် သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါးရှိလေသည်။ ဘုရင်ကြီးမှာ အသက်အရွယ် ကြီးရင့်သည့်အတွက် သူ့ကိုယ်သူ သေဆုံးရန် အချိန်နီးကပ်လာပြီကို သိနေသည်။ ထို့ကြောင့် သားတော်ကိုခေါ်၍ မှာကြားလေသည်။ "သားတော် ခမည်းတော်နတ်ရွာစံဖို့ အချိန်နီးကပ်လာပါပြီ၊ သားတော်ဆီက ကတိတစ်ခုလိုချင်တယ်၊ အဲဒါကတော့ သားတော်ရဲ့ ညီမလေး လက်မထပ်မချင်း သားတော် အိမ်ထောင်မပြုဖို့ပါဘဲ၊ သမီးတော်နဲ့ သင့်တော်မယ့် သတို့သားကိုတွေ့ရင် ပေးစားလိုက်ပါ" ဟု မှာကြားသည်။

ဘုရင်ကြီး နတ်ရွာစံသော် မင်းသားလေးနှင့် မင်းသမီးလေးတို့သည် သုံးနှစ်ကြာမျှအတူ နန်းတော်တွင်းတွင် နေထိုင်ကြသည်။ ထိုသုံးနှစ်အတွင်း မင်းသမီးလေးအား လာရောက်၍ တောင်းဆိုသူ သတို့သား မပေါ်ပေါက်ခဲ့ချေ။ မင်းသမီးလေးမှာ ရုပ်မလှသလို စိတ်သဘောကလည်း မကောင်းလှချေ။ ထို့ကြောင့်လည်း မင်းသမီးလေးအား လာရောက်၍ လက်ထပ်ခွင့် မတောင်းခံကြခြင်း ဖြစ်သည်။

တစ်နေ့တွင် မင်းသားလေးက သူ့နှမတော် မင်းသမီးလေးအား "နှမတော် အစ်ကိုတော်မှာ ဒီနန်းတော်ထဲမှာ နေရတာကြာလို့ ငြီးငွေ့လှပါပြီ။ ဒါကြောင့် တခြားနေရာဒေသတွေကို ခရီးဆန့်ပြီး ထွက်ကြည့်

ချင်ပြီ" ဟု ပြောလေသည်။ မင်းသမီးလေးက တစ်နှစ်မျှစောင့်ပါရန် တောင်းပန်သည်။ ဤတစ်နှစ်တာကာလအတွင်း သူ့ကို လက်ထပ်ဖို့ လာရောက်တောင်းဆိုသူ ရှိချင်ရှိနိုင်သည်ဟု ပြောဆိုသည်။ ထို့ကြောင့် မင်းသားလေးမှာ တစ်နှစ်ဆက်၍ နေလိုက်သည်။ သို့သော် မင်းသမီး လေးအား လာရောက်တောင်းခံသူ မရှိချေ။

နောက်ဆုံးတွင် မင်းသားလေးမှာ ဆက်လက်၍ နှစောင့်ရန် မလိုလားတော့ချေ။ ထို့ကြောင့် "နောင်တော် ဆက်ပြီး မစောင့်ပါရစေနဲ့တော့၊ ကမ္ဘာလောကကြီးကို လေ့လာဖို့ သွားခွင့်ပြုပါတော့" ဟု ပြောကာ ခရီးထွက်ရန် ပြင်ဆင်သည်။ မင်းသားလေး ခရီးထွက်ရန် ပြုလုပ်သောအခါ မင်းသမီးလေးက သူ့ကိုပါ ခေါ်သွားရန် တောင်းပန်သည်။ ထို့ကြောင့် မောင်နှမနှစ်ယောက် ခရီးထွက်ခဲ့ကြသည်။

နန်းတော်၏ အုပ်ချုပ်ရေးကိစ္စအဝဝကို ဝန်ကြီးများအား လွှဲပြောင်းခဲ့ပြီး သူတို့နှင့်အတူ ရတနာအိတ်တစ်အိတ်နှင့် ရွှေဒင်္ဂါး ငွေဒင်္ဂါးတချို့နှင့် ခရီးဆက်ခဲ့သည်။ သူတို့သည် တိုင်းပြည်ခုနစ်ပြည်ကိုရောက်ပြီး နောက်ဆုံး တောနက်တစ်ခုသို့ ရောက်ခဲ့သည်။ ထိုတောထဲတွင် တောပုန်းဓားပြတစ်စုနှင့် ပက်ပင်း တွေ့လေသည်။ မင်းသားလေးသည် သူ့တွင်ပါလာသော ဓားဖြင့် တောပုန်းဓားပြများကို တိုက်ခိုက်နှိမ်နင်းရာ ဓားပြကြီးတစ်ယောက်သာ အသက်ရှင်ကျန်ရစ်သည်။ ဓားပြကြီးက သူ့အသက်ကို ချမ်းသာခွင့်ပေးပါရန် တောင်းပန်သည်။ "ကျွန်တော်မျိုး အသက်ကို ချမ်းသာခွင့်ပေးပါ သင်မင်းသား၊ ကျွန်ုပ်မှာ ရဲတိုက်တစ်ခုရှိပါတယ်၊ အဲဒီရဲတိုက်ထဲမှာ ကျောက်သံပတ္တမြား ရွှေငွေတွေအပြည့်ရှိပါတယ်၊ အဲဒီပစ္စည်းတွေ အားလုံး သင့်ကိုပေးပါမယ်" ဟု ပြောသည်။ ထိုအခါ မင်းသားလေးက ဓားပြကြီးအသက်ကို ချမ်းသာခွင့်ပေးပြီး ဓားပြကြီးပိုင်ဆိုင်သော ရဲတိုက်သို့ သုံးယောက်သား သွားကြသည်။ ဓားပြကြီးသည် မင်းသားလေးအား ရဲတိုက်တွင်းရှိ အခန်း ခုနစ်ဆယ့်ခုနစ်ခန်းကို

တစ်ခန်းချင်း လိုက်လံပြသည်။ အခန်းတိုင်းတွင် ကျောက်သံပတ္တမြား အပြည့်ရှိပြီး အခန်းထောင့်တွင် ရွှေဒင်္ဂါး ငွေဒင်္ဂါးများကို ရေချိုးကန် တစ်ခုနှင့် အပြည့်ထည့်ထားသည်ကို တွေ့ရသည်။ မင်းသားလေးသည် ခုနစ်ဆယ့် ခုနစ်ခန်းမြောက်သို့ ရောက်သောအခါ ဓားပြကြီးအား "ခင်ဗျားရဲ့အသက်ကိုတော့ ကျွန်ုပ် ချမ်းသာခွင့်ပေးပါတယ်၊ ဒါပေမဲ့ မင်းရဲ့လွတ်လပ်မှုကိုတော့ တားဆီးထားရလိမ့်မယ်၊ မင်းအသက် တည်မြဲနေသမျှ ကာလပတ်လုံး ဒီအခန်းထဲမှာ မင်းနေပေတော့" ဟု ပြောကာ သော့ခတ်ထားလိုက်သည်။ ဓားပြကြီးသည် တစ်ခွန်းတစ်ပါဒ မျှ မပြောဘဲ အခန်းထဲတွင် ကျန်ခဲ့သည်။ မင်းသမီးလေးသည် ဓား ပြကြီးကို သူ့အစ်ကိုတော်က တံခါးပိတ်၍ ထားလိုက်သောအခါ စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းပန်းနည်း ငိုကြွေးလေသည်။ မင်းသမီး လေးသည် ဓားပြကြီးကို မကြောက်ရွံ့သည့်အပြင် သံယောဇဉ်ရှိလျက် ရှိသည်။

အချိန်များ တဖြည်းဖြည်းကုန်ဆုံးခဲ့သည်။ မင်းသားမှာ နန်း တော်တွင်းတွင် ရတနာများနှင့် နေရသည်ကို ငြီးငွေ့လာသည်။ ထို့ ကြောင့် အမဲလိုက်ထွက်ခဲ့ပြန်သည်။ မင်းသားလေး အမဲလိုက်ထွက် နေစဉ် မင်းသမီးလေးတစ်ယောက်တည်း နေစဉ် ဓားပြကြီးသည် သူ၏တံခါးကို တဒုန်းဒုန်း ထုလျက်ရှိသည်။ မင်းသမီးလေးသည် တံခါးခေါက်သံကြောင့် အပြေးအလွှားသွားကာ စုံစမ်းသည်။

လူဆိုးကြီးက တံခါးဖွင့်ခိုင်းသည်။ မင်းသမီးလေးက မဖွင့်ရဲ ကြောင်း ပြောသည်။ "ရှင့်ကို တံခါးဖွင့်ပေးလိုက်ရင် ရှင်က ကျွန်မ ကို သတ်လိုက်မှာပေါ့"ဟုပြောသည်။ ဓားပြကြီးက "မသတ်ပါဘူး၊ ငါ့ကိုသာ တံခါးဖွင့်ပေးပါ၊ ငါ့ကို မကြောက်ပါနဲ့"ဟု ချော့၍ပြော သည်။ မင်းသမီးလေးကလည်း "တံခါး ဖွင့်မပေးရဲဘူး၊ ကျွန်မအစ်ကို က ကျွန်မကို သတ်လိမ့်မယ်" ဟု ပြောသောအခါ ဓားပြကြီးက "ဒါဆို ပြတင်းပေါက်ကိုသွားပြီး အပြင်က ပန်းပင်ကို ကြည့်လိုက်ပါ၊

ပန်းတွေပွင့်နေကြသလား" ဟု ခိုင်းသည်။ မင်းသမီးလေးက ပန်းပင်ကို သွား၍ ကြည့်သောအခါ ပန်းပင်တွင် အပွင့်များ ဝေဆာနေသည်ကို တွေ့ရသည်။ မင်းသမီးလေးမှာလည်း အပွင့်များ လှပစွာပွင့်နေကြောင်း ပြောသောအခါ ဓားပြကြီးက "အင်း ပန်းပင်မှာ အပွင့်တွေပွင့်နေရင် နင့်အစ်ကိုဟာ ဒီအနီးအနားကို ရောက်နေပြီ၊ နင့်အစ်ကို လာရင် သတ်လိုက်ပါလား၊ ဒါမှ နင်နဲ့ငါလက်ထပ်ပြီး ဒီရဲတိုက်ထဲမှာ တစ်သက်လုံး ပျော်ပျော်နေသွားကြရအောင်" ဟု ပြောသည်။ မင်းသမီးလေးက "ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မအစ်ကိုကို ဘာကြောင့် သတ်ရမှာလဲ" ဟုပြန်ပြောရာ ဓားပြကြီးက "ကောင်းပြီလေ၊ မသတ်ပါနဲ့၊ ငါ့မှာ ဒီထက်ကောင်းတဲ့ အကြံအစည်ရှိတယ်၊ နင် အခန်းကိုပြန်ပြီး ခုတင်ပေါ်မှာလှဲပြီး နေမကောင်းချင်ယောင် ဆောင်နေပေတော့၊ သူက မေးလို့ရှိရင် ဒီရဲတိုက်နဲ့ မလှမ်းမကမ်းက စမ်းချောင်းကရေကို ယူပြီးတိုက်ရင် နင့်ရောဂါ ပျောက်မယ်လို့ ပြောလိုက်ပေတော့၊ ကဲ သွားကြည့်ပါဦး၊ ပန်းပွင့်တွေ ပွင့်နေပြီလားဆိုတာ"ဟု ပြောလိုက်သည်။ မင်းသမီးက သွားကြည့်ပြီး "ပွင့်ရုံမကဘူး၊ အသီးတွေတောင် သီးနေကြပြီ" ဟု ပြောရာ ဓားပြကြီးက "ဟာ ဒါဆို နင့်အစ်ကို ရဲတိုက်ကို ရောက်တော့မယ်" ဟု ပြောလိုက်သည်။

မင်းသားလေး ရောက်ရောက်ချင်းပင် မင်းသမီးလေးကို ခုတင်ပေါ်တွင် လူးလွန့်ပြီး မျက်ရည်လည်ရွဲနှင့် ငိုကြွေးနေသည်ကို တွေ့ရသည်။ မင်းသားလေးမှာ သူ့ညီမလေး ငိုကြွေးနေသည်ကို တွေ့ရသောအခါ သူ့အသည်းနှလုံးမှာ ကြေကွဲလျက် မနေနိုင် မထိုင်နိုင် ဖြစ်သည်။ ထို့ကြောင့် သူ ဘာလုပ်ပေးရမည်ကို မေးလေသည်။ "ကျွန်မ သေရပါတော့မယ်၊ ကျွန်မအသက်ကိုကယ်ဖို့ နောင်တော်သာ ကြံဆောင်နိုင်ပါတယ်၊ ကျွန်မအိပ်မက်ထဲမှာ စမ်းချောင်းလေးတစ်ခု တွေ့ရတယ်၊ အဲဒီစမ်းချောင်းကရေကို ယူသောက်ရရင် ရောဂါဟာ ချက်ချင်းသက်သာသွားမယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ရေချိုင့်

တစ်ခုယူပြီး စမ်းချောင်းကရေကို ယူပေးပါ" ဟု ပြောသည်။

မင်းသားလေးသည် ရေချိုင့်တစ်ခုကိုယူပြီး စမ်းချောင်းအရှာ ထွက်ခဲ့သည်။ စမ်းချောင်းတွေ့သည်နှင့် ရေကိုခပ်ကာ ထလိုက်စဉ် သူ့ဘေးတွင် ခြသေ့ံတစ်ကောင်၊ မြေခွေးတစ်ကောင်နှင့် ဝက်ဝံ တစ်ကောင်ကို ရပ်လျက် တွေ့ရသည်။ ခြသေ့ံက သူ့ကို စကားစ ပြောသည်။ "ဒီစမ်းချောင်းက ရေကို ရိုင်းစိုင်းတဲ့သတ္တဝါမှ သောက် လို့ရတယ်ဆိုတာ မင်းသိရဲ့လား" ဟု မေးလိုက်သည်။ မင်းသားက မသိကြောင်းပြောပြီး "တကယ်လို့ မသောက်ရဘူးလို့ သိရင်လည်း ငါ ဒီရေကိုခပ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ညီမဟာ ဒီရေသောက် ရမှ ရောဂါပျောက်မှာ" ဟု ပြောသည်။

တိရစ္ဆာန်သုံးကောင်သည် တစ်ကောင်နှင့် တစ်ကောင် လှမ်း ကြည့်လိုက်ကြပြီး ခေါင်းတညိတ်ညိတ်ဖြင့် အသိအမှတ်ပြုကာ ခြသေ့ံ က စကားပြောပြန်သည်။ "ကောင်းပြီလေ၊ မင်းဟာ စိတ်သဘောထား ကောင်းတဲ့လူဆိုတော့ မင်းကို ဒုက္ခမရောက်စေချင်ပါဘူး၊ ဒီတော့ ဒီဝီစီမှုတ်တာလေးကို ယူသွားပါ၊ တကယ်လို့ ခင်ဗျား ဒုက္ခတစ်စုံ တစ်ခုတွေ့မယ်ဆိုရင် ဒီဝီစီလေးကို မှုတ်လိုက်ပါ၊ ငါတို့ ချက်ချင်း ခင်ဗျားဆီကို အရောက်လာခဲ့ပါ့မယ်၊ ဒီစမ်းချောင်းကရေကို မင်းယူ သွားဖို့ မလိုပါဘူး၊ ဒီစမ်းချောင်းက ရေက မင်းညီမရဲ့ ရောဂါကို ကုလို့ပျောက်မှာ မဟုတ်ဘူး" ဟု ပြောပြသည်။ မင်းသားလေးကမူ "ပျောက်တာ မပျောက်တာ အရေးမကြီးဘူး၊ ယူတော့သွားရမှာပဲ"ဟု တွေးမိသည်။ ပြီးတော့မှ တိရစ္ဆာန်သုံးကောင်ကို ကျေးဇူးတင်စကား ပြောပြီး ရဲတိုက်သို့ပြန်ခဲ့သည်။

မင်းသားလေး ရဲတိုက်သို့ ပြန်မရောက်မီ ဓားပြကြီးသည် မင်းသမီးလေးအားခေါ်ပြီး ပန်းပင်တွင် ပန်းများပွင့်မပွင့် စုံစမ်းသည်။ မင်းသမီးလေးက ပွင့်နေကြောင်းပြောပြီး အသီးများပင် သီးနေကြောင်း ဆက်ပြောသည်။ ထိုအခါ ဓားပြကြီးက "ဒါဆို နင့်အစ်ကို မကြာ

ခင်ပဲ ရဲတိုက်ကို ပြန်ရောက်တော့မယ်၊ ဒီတော့ နင် အိပ်ရာပေါ်မှာ နေမကောင်းချင်ယောင် ဆောင်နေလိုက်ဦး၊ ဒီတစ်ခါတော့ ဟိုတစ်ခါ ထက် ပိုပြီး ဆိုးတဲ့ပုံစံနဲ့ နေရမယ်၊ နောက်ပြီး ရဲတိုက်ရဲ့အရှေ့ဘက်မှာ ကျောက်ဆောင်တစ်ခုရှိတယ်၊ အဲဒီကဂူထဲမှာ တောဝက်မတစ်ကောင် ရှိတယ်၊ သူ့မှာ တောဝက်ကလေး ခုနစ်ကောင်ရှိတယ်၊ မင်းက အဲဒီ တောဝက်ကလေးတစ်ကောင်ကိုစားမှ မင်းရောဂါ ပျောက်လိမ့်မယ်လို့ ပြောပေတော့" ဟု သင်ပေးသည်။

စားပြကြီး၏ စကားအဆုံးတွင် မင်းသမီးလေးသည် စားပြကြီး၏ အကြံအစည်ကို ရိပ်မိလာသည်။ သို့သော် သူ့အတွင်းစိတ်မှာ အလွန်ဆိုးဝါးရကား သူ့အစ်ကို၏ အသက်ကိုပင် သေစေဖို့ရန် ဝန်မလေးခဲ့ချေ။ ထို့ကြောင့် သူ့အစ်ကို မင်းသားလေး ပြန်လာသောအခါ ရောဂါပို၍ပင် ပြင်းပြကာ "ဒီရောဂါကို မသောက်ချင်ပါဘူး၊ အခုချက်ချင်း ရဲတိုက်အရှေ့ဘက်မှာရှိတဲ့ တောဝက်မကြီးရဲ့ သားခုနစ်ကောင်ထဲက တစ်ကောင်ကို ယူပေးပါ၊ အဲဒီအသားကိုစားရရင် ညီမတော် ပြန်ပြီး နေကောင်းပါလိမ့်မယ်" ဟု ငိုယို၍ ပြောသည်။

မင်းသားသည် ညီမတော်၏စကားအဆုံးတွင် လုံးဝမဆိုင်းဘဲ ရဲတိုက်မှ ထွက်ခဲ့သည်။ သူ့လက်တွင် လေးနှင့်မြားကို ကိုင်ဆောင်ထားသည်။ သူ့ညီမ နေကောင်းဖို့ဆိုရင် သူ ဘာမဆိုလုပ်ဖို့ ဝန်မလေးချေ။ မင်းသားလေး ဂူထဲသို့ရောက်သောအခါ တောဝက်မနှင့် ကလေးခုနစ်ကောင်ကို တွေ့လေသည်။ သူတို့မိသားစုသည် နေပူစာလှုံပြီး လဲလျောင်းနေကြသည်။ မင်းသားလေးက တောဝက်ကလေးကို မြားနှင့်ပစ်ရန် ရွယ်စဉ် တောဝက်မကြီးက "မပစ်ပါနဲ့ မင်းသားရယ်၊ ရှင် ကျွန်မကလေးတစ်ကောင်ကိုလိုချင်ရင် ကျွန်မကိုယ်တိုင် လိုလို ချင်ချင်နဲ့ တစ်ကောင်ပေးလိုက်ပါ့မယ်၊ တကယ်လို့ ရှင်ယူသွားတဲ့ ဝက်ကလေးကို အသုံးမလိုတော့ဘူး ဆိုရင်တော့ ဒီတောထဲမှာ ပြန် လွှတ်လိုက်ပါ၊ သူ့ဘာသာသူ ဒီဂူကိုရှာပြီး ပြန်လာပါလိမ့်မယ်" ဟု

ပြောပြသည်။ ထို့ကြောင့် မင်းသားလေးသည် ဝက်ကလေးကို မြား နှင့် မပစ်တော့ဘဲ အရှင်အတိုင်းပင် ပွေ့ချီ၍ ခေါ်ခဲ့သည်။

မင်းသားလေး ရဲတိုက်သို့ပြန်လာစဉ် စားပြကြီးသည် မင်းသမီး လေးအား ပန်းများပွင့်၊ မပွင့် မေးမြန်းသည်။ မင်းသမီးက "သစ်ပင်မှာ အပွင့်တွေ ပွင့်ရုံမကဘူး၊ အသီးတွေက မှည့်တောင်နေပါပြီ" ဟု ပြောသည်။ ထိုအခါ စားပြကြီးက "နင့်အစ်ကိုတော့ ကောင်းကောင်း မွန်မွန်နဲ့ ပြန်လာတာ သေချာတယ်၊ ဒီတစ်ခါတော့ နေမကောင်းချင် ယောင် ဆောင်မနေနဲ့တော့၊ နင် ပြန်ပြီးနေကောင်းသွားပြီလို့ ပြော လိုက်၊ သူ့အတွက် ညစာကောင်းကောင်းမွန်မွန် ချက်ကျွေးပြီး ရဲတိုက် အောက်က ဝိုင်အရက်တွေလည်း ထုတ်ပြီး တိုက်လိုက်ပါ၊ နောက်ပြီး ရဲတိုက်ရဲ့အခန်းနံပါတ် (၇၇) မှာ ရွှေနဲ့လုပ်ထားတဲ့ လက်ကောက်တွေ့ လိမ့်မယ်၊ အဲဒီလက်ကောက်ကို နင့်အစ်ကိုရဲ့ လက်နှစ်ဖက်မှာစွပ်ပြီး အဲဒီလက်ကောက်ကို ဖြုတ်လို့ရအောင် လုပ်ဖို့ခိုင်းပါ၊ မောင်နှမနှစ် ယောက် ကစားကြသလို ဟန်ဆောင်ပြီး ခိုင်းပေါ့၊ သူကတော့ အဲဒီ လက်ကောက်ပြုတ်အောင် ကြိုးစားလိမ့်မယ်၊ ဒါပေမဲ့ ပြုတ်မှာ မဟုတ် ဘူး၊ ဖြုတ်လေ သူ့ရဲ့အားအင်တွေလျော့ပြီး လုံးဝ မလှုပ်ရှားနိုင်ဖြစ် လိမ့်မယ်၊ အဲဒီတော့မှ နင့်ရဲ့လက်ညှိုးလေးနဲ့ ဒီတံခါးက သော့ပေါက် လာဖွင့်ပါ၊ တံခါးအလိုလိုပွင့်သွားလိမ့်မယ်၊ ငါလည်းလွတ်ပြီး နင်နဲ့ ငါနဲ့ တစ်သက်လုံး မခွဲဘဲနေကြရတော့မယ်" ဟု ပြောသည်။

မင်းသားလေးသည် တောဝက်ကလေးနှင့် ရဲတိုက်ထဲသို့ ဝင် လာသောအခါ မင်းသမီးလေးသည် သီချင်းတအေးအေးဖြင့် ညစာ ပြင်ဆင်နေသည်ကို တွေ့ရသည်။ မင်းသားလေးသည် သူ့ညီမတော် နေကောင်းနေသည်ကို တွေ့ရသောအခါ အလွန် ဝမ်းသာသွားပြီး တောဝက်ကလေးကို တောစပ်တွင် သွား၍ လွှတ်လိုက်သည်။ တော ဝက်ကလေးမှာလည်း ဝမ်းသာအားရဖြင့် သူ့မိခင်ရှိရာဂူဆီသို့ အပြေး လေး ထွက်သွားသည်။

မောင်နှမနှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ဖြင့် ညစာစားသောက်ကြပြီးသော် မင်းသမီးသည် သူယူထားသော လက်ကောက်ကို ထုတ်လိုက်သည်။ ပြီးလျှင် မင်းသားလေးအား “အစ်ကိုတော်ရဲ့ လက်နှစ်ဖက်ကို စုလိုက်ပါ၊ ကျွန်မ ဒီလက်ကောက်ကို အစ်ကိုတော်ဖြုတ်နိုင်၊ မဖြုတ်နိုင် စမ်းကြည့်ချင်လို့ပါ” ဟု ပြောသည်။ မင်းသားလေးကလည်း သူ့ညီမတော် စိတ်ပြေလက်ပျောက် ကစားသည်ဟုယူဆကာ လက်နှစ်ဖက်ကို စုပေးပြီး လက်ကောက်ကို ဝတ်စေလိုက်သည်။ ပြီးလျှင် ထိုလက်ကောက်ကို ပြုတ်စေရန် အမျိုးမျိုးကြိုးစားသော်လည်း အချည်းနှီးပင်။ သူ့တွင်ရှိသော အားများ တဖြည်းဖြည်း လျော့လာသည်။ ထိုအခါ အခြေအနေကို ကြည့်နေသော မင်းသမီးလေးသည် အခန်းနံပါတ်(၇၇)သို့ အပြေးသွားပြီး သော့ပေါက်တွင် သူ့လက်ညှိုးလေးအား ထည့်လိုက်ရာ တံခါးမှာ အလိုလိုပွင့်သွားပြီး ဓားပြကြီး လွတ်သွားသည်။ ဓားပြကြီးသည် မင်းသားလေးရှိရာအခန်းသို့သွားပြီး ဝမ်းသာအားရဖြင့် မင်းသားကို ဆဲဆိုလေသည်။ မင်းသားလေးက ဘာမှပြုလုပ်ရန် အားမရှိတော့ချေ။ သူ့ညီမကို လိုက်ရှာသော်လည်း မတွေ့ချေ။ ထိုအခါမှ သူ့ညီမ၏ လက်ချက်မှန်း သိလေသည်။ ထို့ကြောင့် မင်းသားလေးက “ငါ့ကို မင်း သတ်ချင်လည်း သတ်ပါ၊ ဒါပေမဲ့ ငါနောက်ဆုံးအနေနဲ့ ငါ့ညီမကို နှုတ်ဆက်ခွင့်ပြုပါ” ဟု တောင်းဆိုသည်။ ဓားပြကြီးကလည်း “မင်း ဒီလောက်တော့ အားရှိပါသေးတယ်” ဟု ပြောကာ ခွင့်ပြုသည်။

မင်းသားလေးသည် သူ့ညီမကိုနှုတ်ဆက်ရန် ဓားပြကြီး၏ ရှေ့မှထွက်ခဲ့ပြီး ရဲတိုက်အပြင်သို့ ထွက်ခဲ့သည်။ ရဲတိုက်အပြင်သို့ ရောက်သည်နှင့် ဝီစီကိုမှုတ်လိုက်သည်။ တစ်မိနစ်အတွင်းတွင် ခြင်္သေ့၊ မြေခွေးနှင့် ဝက်ဝံတို့သည် သူ့ရှေ့သို့ရောက်ရှိလာပြီး အမိန့်နာခံကြသည်။ “ငါ မင်းတို့ကို အမိန့်ပေးပြီး ခိုင်းစရာဘာမှမရှိဘူး၊ ငါ့ရဲ့ အင်အားတွေအားလုံးကိုယူပြီး ငါ့ကိုသတ်ဖို့လုပ်တဲ့ လူတစ်ယောက်

အဲဒီရဲတိုက်ထဲမှာ ရှိတယ်၊ ငါ့ကို သူ့လက်ထဲကနေ ကယ်ကြပါ"ဟု ပြောသည်။ တိရစ္ဆာန်သုံးကောင်သည် ချက်ချင်းပင် ရဲတိုက်တွင်းသို့ ဝင်သွားပြီး ဓားပြကြီးကို ကိုက်ကြဖွဲ့ကြနှင့် အဆုံးစီရင်လိုက်သည်။

မင်းသားလေးသည် မင်းသမီးလေးထံသွားပြီး "နင်နဲ့ ဒီဓားပြကြီးနဲ့ တစ်ကျိတ်တည်း တစ်ညဏ်တည်းဆိုတာ ငါသိတယ်၊ ဒီ့အတွက် နင့်ကို သတ်ပစ်ဖို့အကောင်းဆုံးပဲ၊ ဒါပေမဲ့ ငါ နင့်ကိုမသတ်ပါဘူး၊ ဒီ ရဲတိုက်ထဲမှာ နင်တစ်ယောက်တည်း တစ်သက်လုံးနေခဲ့ပေတော့၊ နင်နဲ့ငါ အတူလက်တွဲလို့ မဖြစ်တဲ့အတူတူ လမ်းခွဲကြတာ အကောင်းဆုံးပဲ" ဟု ပြောသည်။

မင်းသားလေးသည် ကမ္ဘာမြေအနှံ့သို့ ခရီးဆန့်ခဲ့သည်။ ခရီးမဆက်မီ တိရစ္ဆာန်သုံးကောင်နှင့် အရင်တွေ့သည်။ ခွေးသော့က "ကျွန်တော်တို့နှင့် သင်မင်းသား ခွဲရတော့မှာဖြစ်လို့ စိတ်မကောင်းပါဘူး၊ တကယ်လို့ သင်မင်းသားမှာ တစ်စုံတစ်ခု အခက်အခဲတွေ့လို့ အကူအညီလိုရင် ကျွန်တော်တို့ကို တလိုက်ပါ၊ ကျွန်တော်တို့သုံးကောင် ချက်ချင်းအရောက်လာခဲ့ပါ့မယ်" ဟု ပြောသည်။

မင်းသားသည် လှေ့လာစရာများ လေ့လာပြီး ခရီးအတော်ပေါက်သောအခါ သူ့ညီမငယ်ကို သတိရလာသည်။ ထို့ကြောင့် "ဖြစ်ပြီးတာတွေ ပြီးပြီပဲ၊ သူတစ်ယောက်တည်း ဘာတွေလုပ်နေသလဲဆိုတာ သွားကြည့်မှပဲ၊ တကယ်လို့ အသက်ရှင်ရက်ရှိနေရင်တော့ တို့မောင်နှမ အတူပြန်ပြီး နေကြရတာပေါ့" ဟု စဉ်းစားပြီး ရဲတိုက်ဆီသို့လာခဲ့သည်။

ရဲတိုက်တွင်းသို့ရောက်သောအခါ မင်းသမီးလေးသည် ဓားပြကြီးကို တိရစ္ဆာန်တို့ ကိုက်သတ်စားထားသော အခန်းထဲတွင်ထိုင်လျက် တွေ့ရသည်။ မင်းသမီးလေးမှာ ဓားပြကြီးကို အလွန် သံယောဇဉ်တွယ်တာသည်မှာ အထင်အရှားဖြစ်သည်။ မင်းသားလေးက "နောင်တော်နဲ့လိုက်ခဲ့ပါ၊ နှမတော်၊ မင်းရဲ့အပြစ်တွေအတွက်လည်း မင်းခံစားရတာ တော်လောက်ပါပြီ" ဟု ပြောဆိုကာ ခေါ်သည်။ မင်းသမီးလေး

ကလည်း နောင်တော်ကို ကျေးဇူးတင်ကာ ဝမ်းသာအားရပင် လိုက်ခဲ့သည်။ သို့သော် မင်းသမီးလေးသည် သူနှင့်အတူ ဓားပြကြီး၏ အရိုးတစ်ခုကို ဖွက်ပြီး ယူခဲ့သည်။ သို့နှင့် မောင်နှမနှစ်ယောက်သည် သူတို့၏ မူလပထမတိုင်းပြည်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

တစ်နေ့တွင် မင်းသားသည် အမဲလိုက်ရန် ထွက်ခဲ့ပြန်သည်။ သည်တစ်ခါ အမဲလိုက်ရာမှအပြန် အလွန်မိုးချုပ်လေသည်။ သူ၏နှမတော်သည် သူ့အစ်ကိုအိပ်ရန် အိပ်ရာကိုခင်းရင်းနှင့် ဓားပြကြီး၏ အရိုးကို သူ့အစ်ကိုအိပ်သည့် နေရာတည့်တည့်တွင် ထောင်ထားလိုက်သည်။ မင်းသားမှာ ညမိုးချုပ်မှ ပြန်ရောက်သဖြင့် ပင်ပန်းလွန်းကာ အိပ်ရာသို့ တန်းတန်းမတ်မတ်သွားပြီး လှဲအိပ်လိုက်သည်။ ထိုအခါ ဓားပြကြီး၏ အရိုးသည် မင်းသား၏ နှလုံးတည့်တည့်ကို သွား၍ စိုက်လေသည်။

မှူးကြီးမတ်ရာတို့သည် နောက်တစ်နေ့နံနက်တွင် မင်းသားလေး နန်းတော်တွင်းသို့ မလာသဖြင့် စောင့်နေကြသည်။ နေ့လယ်ရောက်သည်အထိ မင်းသား မပေါ်လာချေ။ ထို့ကြောင့် ခေါင်းလောင်းကြိုးကိုဆွဲ၍ မင်းသားကို နှိုးလေသည်။ နောက်ဆုံးတွင် မင်းသား၏ အခန်းသို့ သွား၍ ကြည့်ကြသောအခါ မင်းသားကို သေဆုံးလျက်တွေ့ရသည်။ တိုင်းသူပြည်သားနှင့် မှူးကြီးမတ်ရာ သေနာပတိတို့သည် အလွန်ကြေကွဲ ဝမ်းနည်းကြရသည်။ မင်းသားကို စွန့်ပစ်ရန်ဝန်လေးကြသည်။ ထို့ကြောင့် နန်းတော်အပြင်တွင် ဘုရားရှိခိုးကျောင်းတစ်ခု တည်ဆောက်ပြီး မင်းသားကို ကျောက်သားဖြင့်ပြုလုပ်သောအခေါင်းတွင်ထည့်၍ ထားလိုက်သည်။

တစ်နှစ်မျှကြာသောအခါ ခြင်္သေ့သည် သူ၏ မိတ်ဆွေနှစ်ယောက်ကိုခေါ်၍ "ဆယ့်နှစ်လတောင် ကြာသွားပြီ၊ ငါတို့ရဲ့မင်းသားလေးဆီက ဘာသတင်းမှလည်း မကြားရဘူး၊ တို့တွေ သွားပြီး ကြည့်ကြရအောင်၊ သူ့မှာ အကြောင်းတစ်ခုခုရှိလို့သာ အခုလို သတင်းမကြား

ရတာဖြစ်မယ်" ဟု ပြောသည်။ ထို့ကြောင့် တိရစ္ဆာန်သုံးကောင်သည် ခရီးထွက်ခဲ့ကြရာ လမ်းတွင် အဘွားအိုတစ်ယောက်ကို တွေ့သည်။ အဘွားအိုအား အကြောင်းစုံမေးမြန်းသောအခါ အဘွားအိုက မင်းသားလေး သေဆုံး၍ မြှုပ်နှံသည်မှာ တစ်နှစ်မျှ ကြာသွားပြီဖြစ်ကြောင်း ပြောပြသည်။ ထို့ကြောင့် တိရစ္ဆာန်သုံးကောင်သည် ဘုရားရှိခိုးကျောင်းသို့ ချက်ချင်းသွားကြသည်။ ဘုရားရှိခိုးကျောင်းသို့ ရောက်သောအခါ ကျောက်အခေါင်းကို ဖွင့်ကြည့်ကြရာ မင်းသားလေး၏ နှလုံးတွင် အရိုးတစ်ခုကို စိုက်လျက်တွေ့ရှိကြလေသည်။ ခြင်္သေ့က "ဟေ့ မြေခွေး၊ ဆေးမြက်ပင် မြန်မြန်သွားရှာစမ်း" ဟု အော်၍ခိုင်းလိုက်သည်။ ထိုအခါ မြေခွေးက "ဆေးမြက်ပင်က ငါ့နားရွက်မှာ အမြဲထိုးပြီးဆောင်ထားပါတယ်ကွ၊ ဒီမှာ မင်းကြိုက်သလောက်သာယူ" ဟုပြောကာ ဆေးဖက်ဝင်သော မြက်ပင်ကိုပေးသည်။ ခြင်္သေ့သည် ထိုဆေးမြက်ပင်နှင့် မင်းသားလေး၏နှလုံးကို ဆေးကုရာ နှလုံးတွင်စိုက်နေသောအရိုးသည် အလိုလို ထွက်သွားသည်။ နှလုံးတွင်စိုက်နေသောအရိုး ထွက်သွားသည်နှင့် မင်းသားလေး အသက်ပြန်ရှင်လာသည်။ ထိုအခါ ခြင်္သေ့က "သင်မင်းသားဟာ အချိန်အတော်ကြာ အိပ်နေတာပဲ၊ ကျွန်တော်မျိုးတို့သာ ရောက်မလာရင် ဘယ်တော့မှ ပြန်ပြီးနိုးတော့မှာ မဟုတ်ဘူး၊ သင်မင်းသားရဲ့ ညီမတော်က သင့်ကို သေစေရန်အတွက် အခုလို အကွက်ဆင်ပြီး သတ်တာဖြစ်တယ်" ဟု ရှင်းပြသည်။

မင်းသားလေး နန်းတော်တွင်းသို့ ဝင်သွားသောအခါ လူတိုင်းမှာ အံ့ဩပြီး ဝမ်းသာကြသည်။ တစ်တိုင်းပြည်လုံး ဝမ်းသာလျက်ရှိသော်လည်း စိတ်ထားဆိုးဝါးသော မင်းသမီးလေးကမူ ဝမ်းမသာနိုင်ချေ။ မင်းသားလေးက "ညီမတော်က အစ်ကိုအရင်းထက် ချစ်တဲ့လူရှိနေတော့ သူ့ဆီကိုပဲ ညီမတော်သွားပါ၊ ညီမတော်ချစ်တဲ့သူနဲ့ သက်ဆုံးတိုင်နေပေတော့" ဟု ပြောလိုက်သည်။ ပြီးလျှင် တောအုပ်တွင်းရှိ ရဲတိုက်ဆီသို့ ခေါ်ဆောင်သွားပြီး ထိုရဲတိုက်ကြီးထဲတွင်

သော့ခတ်၍ ထားလိုက်သည်။ သို့မှသာ သူ၏ညီမရန်မှ ဝေးမည် ဖြစ်သည်။

မင်းသားလေး ကိစ္စအဝဝကို ဆောင်ရွက်ပြီးသောအခါ မင်းသားလေး၏မိတ်ဆွေ တိရစ္ဆာန်သုံးကောင်သည် ရောက်လာကြသည်။ သူတို့သုံးကောင်က "အရှင်မင်းသား၏ အသက်ကို ကျွန်ုပ်တို့ သုံးယောက် ကယ်ဆယ်ခဲ့ကြပြီး ဖြစ်တယ်၊ ဒါကြောင့် သင်မင်းသားက ကျွန်ုပ်တို့ကို ကျေးဇူးဆပ်ရန် ကျန်သေးသည်" ဟု ပြောသည်။ မင်းသားက သူတို့လိုသောအကူအညီကို တောင်းဆိုရန်ပြောသည်။ ဤနန်းတော်ကြီးအတွင်းရှိ ပစ္စည်းများထဲမှ ကြိုက်သည့်ပစ္စည်းကို ယူဆောင်သွားခွင့်ပြုသည်။ ထိုတိရစ္ဆာန်သုံးကောင်က ဤနန်းတော်ကြီးအတွင်း နေလိုပါကလည်း နေထိုင်ကြပါရန် ပြောဆိုသည်။ ထိုအခါ ခြသေ့်က "ငါတို့လိုချင်တာ အဲဒါတွေတစ်ခုမှ မဟုတ်ပါဘူး၊ သင်မင်းသားက ကျွန်ုပ်တို့သုံးကောင်၏ဦးခေါင်းကို ဖြတ်ပါ၊ ပြီးလျှင် ခေါင်းကို ပြန်တပ်ပေးပါ" ဟုပြောသည်။ မင်းသားလေးမှာ ခြသေ့်၏ တောင်းဆိုချက်ကို ကြားရသောအခါ အလွန်အံ့ဩသွားသည်။ "ခင်ဗျားတို့ခိုင်းတာ ကျွန်တော် မလုပ်နိုင်ပါဘူး၊ ခင်ဗျားတို့ကလည်း ကျွန်ုပ်ကို အခုလိုအလုပ်မျိုး မခိုင်းသင့်ပါဘူး" ဟု မင်းသားလေးက ပြောသည်။ ထိုအခါ ခြသေ့်က "သင်မင်းသား ကျွန်ုပ်တို့ပြောသည့်အတိုင်း လုပ်ပါ၊ မလုပ်လျှင် သင်မင်းသားကို တစ်စစီဖြစ်သွားအောင် ကျွန်ုပ်တို့ စားကြရပါလိမ့်မယ်" ဟု ပြောသည်။ နောက်ဆုံးတွင် မင်းသားလေးသည် ခြသေ့်ပြောသည့်အတိုင်း ပြုလုပ်ရလေသည်။

မင်းသားလေးသည် ခေါင်းများကိုဖြတ်ပြီး ပြန်၍တပ်ဆင်သည့်အခါတွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုဖြစ်လေသည်။ တိရစ္ဆာန်သုံးကောင်သည် အလွန်လှပ၍ ယောကျ်ားပီသသော မင်းသားသုံးပါးအသွင် ကူးပြောင်းသွားသည်။ ထိုမင်းသားသုံးပါးအနက် အသက်အကြီးဆုံး မင်းသားက "အသင်မင်းသား၊ ကျွန်ုပ်တို့ဟာ တကယ့်

တိရစ္ဆာန်များ မဟုတ်ကြပါ၊ ကျွန်ုပ်တို့ကို တိရစ္ဆာန်ဖြစ်အောင် ကျိန်စာတိုက်ပြီး ပြောင်းထားတာဖြစ်ပါတယ်၊ ကျွန်ုပ်တို့က မင်းသား တစ်ပါးပါးရဲ့ အသက်ကိုကယ်ပြီးမှ ယခုလို လူသားအသွင် ပြန်ပြောင်း ရမှာဖြစ်တယ်" ဟု ရှင်းပြသည်။

ထိုအချိန်တွင် မင်းသားလေး၏နန်းတော်တွင် ပျော်ပွဲကြီးတစ်ခါ ကျင်းပပြန်သည်။ သူတို့သည် အရက်သောက်ကြ၊ စားကြ၊ ကကြနှင့် အလွန်ပျော်ပါးစွာဖြင့် ခုနစ်ရက်နှင့် ခုနစ်ည ပျော်ပွဲရွှင်ပွဲကျင်းပသည်။ ခုနစ်ရက် လွန်မြောက်သော် မင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ကာ ကိုယ့်တိုင်းပြည်သို့ ကိုယ်ပြန်ကြသည်။ မင်းသားလေး မှာမူ သူ့တိုင်းပြည်တွင် မင်းအဖြစ်သို့ခံယူပြီး တိုင်းပြည်ကို တရား နှင့်အညီ အုပ်ချုပ်လေသည်။

❐


## ချောစား (CHAUCER, GEOFFERY) ၁၃၄၀–၁၄၀၀

ချောစားသည် ကင်တာဘာရီပုံပြင်များ (CANTERBURY TALES)ကို ရေးသားသူအဖြစ် အင်္ဂလိပ်စာပေနယ်တွင် လူသိများသော ကဗျာဆရာတစ်ဦးဖြစ်သည်။

ကင်တာဘာရီပုံပြင်များ၏ နိဒါန်းတွင် ဘုရားဖူးခရီးသည် နှစ်ဆယ့်ကိုးယောက်တို့သည် တည်းခိုအိမ်တစ်ခု၌ တွေ့ဆုံကြပုံမှစသည်။ ထို့နောက် တည်းခိုပိုင်ရှင်၏ အကြံပေးချက်အရ ခရီးသည်တစ်ဦးစီတို့သည် အပျင်းပြေပုံတစ်ခုစီကို ပြောကြသည်။ ထိုပုံပြင်များသည် ကင်တာဘာရီပုံပြင်များပင် ဖြစ်သည်။

ဘုရားဖူးခရီးသည် နှစ်ဆယ့်ကိုးဦးရှိသော်လည်း ချောစားသည် ပုံပြင်နှစ်ဆယ့်လေးပုဒ်သာ ရေးသားနိုင်ခဲ့ပြီး နှစ်ခုကိုမူ အဆုံးမသတ်နိုင်ခဲ့ချေ။

သေမင်းကို ရှာဖွေသူများပုံပြင်မှ ကင်တာဘာရီပုံပြင်များထဲမှ တစ်ပုဒ်ဖြစ်သည်။



သေမင်းကို ရှာဖွေသူများ (အင်္ဂလန်)

## သေမင်းကိုရှာဖွေသူများ

တစ်ခုသောနံနက်ခင်း ၉ နာရီ အချိန်လောက်တွင် ထမင်းဆိုင်တစ်ဆိုင်တွင် ခရီးသွားသုံးယောက် နံနက်စာ စားသောက်နေကြသည်။ ထိုစဉ်တွင် ခေါင်းလောင်းသံတစ်ခုကြားရပြီး လူတစ်စုသည် အခေါင်းတစ်ခေါင်းကိုထမ်းကာ လာနေသည်ကို တွေ့ရသည်။ ထိုလူစုသည် သေသူကို သင်္ချိုင်းတွင်မြှုပ်နှံရန် သယ်လာကြခြင်းဖြစ်သည်။

ခရီးသွားသုံးယောက်မှ တစ်ယောက်က ဆိုင်မှစားပွဲထိုးလေးအား ခေါ်ပြီး "ဟေ့ သူငယ် ဟိုလူတွေကို မီအောင်လိုက်ပြီး သေတဲ့သူရဲ့နာမည်ကို မေးခဲ့စမ်းပါ၊ သေသေချာချာမေးခဲ့နော်၊ မမှားစေနဲ့"ဟု ခိုင်းလိုက်သည်။

ထိုအခါ စားပွဲထိုးလေးက "သေသူရဲ့နာမည်ကို သိဖို့အတွက် သွားပြီးမေးဖို့ မလိုပါဘူးခင်ဗျာ၊ ဆရာတို့ ဒီဆိုင်ကို မလာခင်နှစ်နာရီလောက်ကတည်းက ဘယ်သူဘယ်ဝါဆိုတာ သူများတွေ ပြောလို့ သိပြီးပါပြီ၊ အဲဒီလူဟာ ဆရာတို့ရဲ့ မိတ်ဆွေကောင်းတစ်ယောက်ပါ၊ မနေ့ညက အရက်တွေမူးနေတုန်း အသတ်ခံရတာပါ၊ သတ်တဲ့လူကတော့ လူတိုင်း ပြောနေကြတဲ့ 'သေမင်း' ပါပဲ၊ ဒီသေမင်းဟာ လူတွေမသိအောင် တိတ်တိတ်ကလေးဝင်လာပြီး သတ်သွားတာပါပဲ၊ ဒီရွာမှာ သူသတ်လို့သေတဲ့လူတွေ မနည်းတော့ဘူး၊ ဒီသေမင်းဟာ

လူသတ်ပြီးရင် ဘာစကားမှ မပြောဘဲ ထွက်သွားတော့တာပါပဲ" ဟု ရှင်းပြလေသည်။

ဆက်၍လည်း "ဒီသေမင်းသတ်လို့ သေတဲ့လူတွေဟာ ထောင်ပေါင်းများစွာ ရှိနေပြီ၊ ကျွန်တော်ကတော့ ဆရာတို့ကို သတိထားပြီး နေစေချင်တယ်၊ သူဟာ တကယ့်ရန်သူပါပဲ၊ ကျွန်တော့်အမေကတော့ သေမင်းနဲ့ တစ်ချိန်ချိန်မှာ မလွဲမသွေ တွေ့မှာဖြစ်လို့ ပြင်ဆင်ထားတာ ကောင်းတယ်လို့ ကျွန်တော့်ကို သင်ထားတယ်" ဟု ပြောလေသည်။

ထိုအခါ ဆိုင်ရှင်က "ဟုတ်တယ်၊ ဒီကလေးပြောတာတွေဟာ အမှန်တွေချည်းပဲ၊ ဒီနှစ်အတွင်း ကျွန်တော်တို့မြို့နဲ့ တစ်မိုင်လောက် ဝေးတဲ့ ရွာကြီးက မိန်းမ၊ ယောကျ်ား၊ ကလေး၊ အိမ်ဖော်၊ အမှုထမ်းတွေကို သေမင်းသတ်တာ မနည်းဘူး၊ ကျုပ်ထင်တာတော့ ဒီသေမင်းဟာ အဲဒီရွာကြီးမှာ နေတယ်ထင်တာပဲ၊ အဲဒီတော့ လူတိုင်းမှာ အရေးအကြီးဆုံးက သူက လက်မဦးခင် ကိုယ်က လက်ဦးဖို့လိုတယ်" ဟု ပြောဆို ထောက်ခံလေသည်။

ခရီးသွားတစ်ယောက်က "အလို ဘုရားသခင်၊ သူ့ကို တွေ့ဖို့ဟာ တကယ့်ကို ဘေးအန္တရာယ်ပါပဲလား၊ ကျွန်တော်ကတော့ ဘုရားသခင်ကို တိုင်တည်ပြီး သူ့ကိုတွေ့အောင် တစ်လမ်းလုံး ရှာသွားမှာပဲ၊ ကဲ သူငယ်ချင်းတို့၊ တို့သုံးယောက်ဟာ အင်အားတစ်ခုပဲပေါ့၊ တို့တွေ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး စည်းလုံးကြရအောင်၊ ပြီးတော့မှ ဒီသစ္စာဖောက်သေမင်းကို သတ်ပစ်ကြရအောင်၊ ဒီလောကတောင် လူတွေကို လိုက်ပြီးသတ်နေတဲ့လူကို ငါတို့ ဒီညမတိုင်ခင် သတ်ရအောင်" ဟု ပြောလေသည်။

ထို့နောက် ခရီးသွားသုံးယောက်သည် တစ်ယောက်လက် တစ်ယောက်ဆွဲကိုင်ကာ သေအတူရှင်မကွဲ တစ်ယောက်ကို တစ်ယောက် ညီရင်းအစ်ကိုကဲ့သို့ စိတ်ဝမ်းမကွဲဘဲ လက်တွဲကြရန် သစ္စာဆိုကြလေသည်။ ပြီးလျှင် အရက်များ အလွန်အမင်းသောက်ထား

သဖြင့် မူးမူးရူးရူးနှင့်ပင် ထမင်းဆိုင်ရှင်ပြောသော ရွာကြီးရှိရာသို့ ဒယီမ်းဒယိုင် ထွက်ခွာသွားကြလေသည်။ လမ်းတစ်လျှောက်တွင် ဘုရားသခင်နှင့်ပတ်သက်သော ကျမ်းစာများကို ကျိန်ဆဲခြင်း၊ ဘုရားသခင်ရုပ်တုပုံများကို ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည်။ သူတို့ သေမင်းကို ဖမ်း၍မိခဲ့လျှင် သေမင်းသည် နားမကြား၍သာ ဖြစ်ရပါမည်။

သို့နှင့် ခရီးဆက်၍ မိုင်ဝက်ခန့်သွားမိသောအခါ ခြံစည်းရိုးတစ်ခုကို ဖြတ်ကျော်ရန်ပြုလုပ်စဉ် အဘိုးအိုတစ်ယောက်ကို တွေ့လေသည်။ အဘိုးအိုက ယဉ်ကျေးစွာဖြင့် "ဘုရားသခင်က မင်းတို့ကို ကောင်းချီးသြဘာ ပေးပါလိမ့်မယ်"ဟု နှုတ်ဆက်လေသည်။ ထိုအခါ အလွန်မာနတက်ကြွနေသော ခရီးသွားများက "ဘယ်လိုသြဘာပေးမှာလဲ အဘိုးကြီးရဲ့၊ နေပါဦး ခင်ဗျားက ဒီခြုံထည်ကြီးကို မျက်နှာလေးမြင်ရုံထားပြီး ဒီလောက်တောင် လုံအောင်ခြုံထားရတာလဲ၊ ဒီလောက် အိုမင်းလာအောင် နေပဲ နေလာနိုင်ပါပေရဲ့"ဟု ရိုင်းပျစွာ ပြန်၍ နှုတ်ခွန်းဆက်လေသည်။

ထိုအခါ အဘိုးအိုက "ပြောပြပါ့မယ်ကွယ်၊ အဖြစ်က ဒီလိုပါ၊ ငါဟာ မြို့တကာ ရွာတကာလှည့်ပြီး လူငယ်လူရွယ်တွေကို ငါ့ရဲ့ အိုမင်းမစွမ်းအဖြစ်နဲ့ လဲလှယ်ဖို့တောင်းတယ်၊ ဒါပေမဲ့ တစ်ဦးတစ်ယောက်ကမှ ငါနဲ့ မလဲချင်ကြဘူးကွဲ့၊ ဒါကြောင့် ဘုရားသခင်အလိုတော်အတိုင်း အခုလို အိုမင်းမစွမ်းနဲ့ ဖြစ်နေရတာပေါ့"ဟု ပြောလေသည်။ ဆက်လက်၍လည်း "သေမင်းက ငါ့ရဲ့အသက်ကို မယူဘူးကွဲ့၊ ဒါကြောင့် မနက်ကနေ ညနေရောက်သည်အထိ အကျဉ်းသားတစ်ယောက်လို လှည့်လည်သွားနေရတယ်၊ တစ်ခါတစ်ခါ ငါ့ရဲ့မိခင်ရဲ့ သင်္ချိုင်းဂူကိုသွားပြီး တုတ်နဲ့ ခေါက်ပြီး "အမေရယ်၊ ကျွန်တော့်ကို ဂူထဲဝင်ခွင့်ပေးပါ" လို့ အော်မိတယ်၊ ကြည့်ပါဦး၊ ငါ့ အသွေးအသားတွေ အသားအရေတွေဟာ အရောင်အဆင်းမရှိတော့

ဘူး၊ ငါ့မှာ နားနေရာဆိုတာ ဘယ်မှာမှန်းငါမသိဘူး၊ ဒါကြောင့် ငါက "အမေရယ်၊ ကျွန်တော်မြေကြီးအောက်က သေတ္တာထဲဝင်ပြီး လဲလျောင်းချင်လှပါပြီ"လို့ အော်မိတယ်၊ ဒါပေမဲ့ အမေက ငါနဲ့ နေရာချင်း မလဲချင်ဘူး၊ ဒါကြောင့်လည်း ငါ့မျက်နှာမှာ အရေးအကြောင်းတွေနဲ့ ဖြူရော်နေတာပေါ့" ဟု ပြောပြသည်။

ပြီးလျှင် "လူလေးတို့ရယ်၊ ကျုပ်လို အိုမင်းပြီး မင်းတို့လူငယ်တွေကို ဘာမှမလုပ်နိုင်တဲ့ အဘိုးကြီးကို ရိုရိုသေသေ မဆက်ဆံတာ အလွန်မှုပဲ ရိုင်းစိုင်းပါတယ်၊ မင်းတို့ကိုယ်တိုင် ဘုရားသခင်ရဲ့ သမ္မာကျမ်းစာမှာ ဖတ်ကြည့်ရင် "ဆံပင်ဖြူဖွေးနေသော အဘိုးအိုနှင့် တွေ့လျှင် မတ်တတ်ရပ်ပြီး အရိုအသေပေးပါ" လို့ ရေးထားတာ တွေ့နိုင်ပါတယ်၊ ဒါကြောင့် ငါပြောချင်တာက ငါ့လို အဘိုးကြီးကို ရန်မပြုချင်ကြပါနဲ့၊ မင်းတို့လည်း တစ်နေ့ကျရင် ငါ့လိုအိုကြဦးမှာပါ၊ ဒါပေမဲ့ ဘုရားသခင်က မင်းတို့ဘယ်သွားသွား မင်းတို့ကို စောင့်ရှောက်ပါလိမ့်မယ်၊ ငါ့လမ်း ငါသွားပါရစေ" ဟု တောင်းပန်လေသည်။

လူရမ်းကား ခရီးသွားတစ်ယောက်က "အဘိုးကြီး၊ ခင်ဗျား မသွားရဘူး၊ ခင်ဗျား လွယ်လွယ်နဲ့ ကျုပ်လက်ထဲက မလွတ်နိုင်ပါဘူး၊ ခင်ဗျား ခုနကပြောတဲ့ စကားထဲမှာ သစ္စာဖောက်သေမင်းအကြောင်း ပါတယ်၊ ဒီသေမင်းဟာ ကျုပ်တို့မိတ်ဆွေအားလုံးကို သတ်ပစ်တယ်၊ ခင်ဗျားဟာ သေမင်းရဲ့သူလျှို မဟုတ်လား၊ ဒီသေမင်း ဘယ်မှာရှိသလဲ ဆိုတာသာ ပြောပါ၊ မပြောရင် ခင်ဗျားကြီး ဒုက္ခရောက်သွားမယ်၊ ကျုပ်ထင်တာတော့ ခင်ဗျားကြီးတို့တွေဟာ စုပြီး ကျုပ်တို့လို ငယ်ရွယ်တဲ့ လူတွေကို သတ်မလို့မဟုတ်လား" ဟု မေးလေသည်။

ထိုအခါ အဘိုးအိုက "မင်းတို့ တကယ်သာ သေမင်းနဲ့တွေ့ချင်ရင် ဒီကွေ့ကောက်တဲ့လမ်းအတိုင်းသွားရင် မလွဲမသွေ တွေ့ရပါလိမ့်မယ်၊ ငါသူ့ကို အဲဒီတောအုပ်ထဲမှာ တွေ့ခဲ့တယ်၊ သူဟာ

သစ်ပင်တစ်ပင်ရဲ့ အောက်မှာ ကျန်ခဲ့တယ်၊ သူ အဲဒီနေရာမှာရှိတာ သေချာတယ်၊ သူ မပုန်းပါဘူး၊ ဟိုမှာ သစ်ပင်တွေ့တယ်မဟုတ်လား၊ အဲဒီမှာ သူ့ကိုတွေ့လိမ့်မယ်၊ လူအများကို စောင့်ရှောက်ကယ်တင်တဲ့ ဘုရားသခင်ဟာ မင်းတို့ကို ကာကွယ်ပါလိမ့်မယ်၊ မင်းတို့ ချမ်းသာအောင်လည်း စောင့်ရှောက်ပါလိမ့်မယ်" ဟု ပြောလေသည်။

အဘိုးအို၏စကားအဆုံးတွင် ခရီးသွားလူရမ်းကား သုံးယောက်သည် အဘိုးအိုညွှန်ပြရာ သစ်ပင်ဆီသို့ ပြေးသွားကြသည်။ ထိုသစ်ပင်အောက်တွင် ရွှေမှုန့်များတစ်ပုံ ပုံထားသည်ကိုတွေ့ရသည်။ ရွှေများမှာ ပြည်ထောင်း ရှစ်တောင်းစာလောက် ရှိလေသည်။ ချက်ချင်းပင် လူဆိုးသုံးယောက်သည် သူတို့ရှာနေသော သေမင်းကို မေ့သွားကြသည်။ သူတို့သည် ရွှေများစုပုံထားသည်ကိုကြည့်ရင်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထိုရွှေပုံကြီးဘေးတွင် စုပြီး ထိုင်ချလိုက်သည်။

ခရီးသွားသုံးယောက်ထဲမှ ဉာဏ်အရှိဆုံးလူက "သူငယ်ချင်းတို့၊ ငါပြောတာကို နားထောင်ကြပါ၊ ငါဟာ ရယ်စရာမောစရာပြောပြီး ပြောင်ချော်ချော်နေတတ်ပေမယ့် ငါဟာ စဉ်းစားဉာဏ်နဲ့ ပြည့်စုံတဲ့လူတစ်ယောက်ဖြစ်တယ်၊ ကံတရားက ငါတို့ကို ရွှေတွေပုံပေးလိုက်ပြီ၊ ဒီတော့ ငါတို့ဘဝတစ်လျှောက် ပျော်ပျော်ရွှင်ရွှင်နဲ့သုံးစွဲဖို့ပဲ ကျန်တော့တယ်၊ နောက်ပြီး အခုလို ရွှေတွေရတာလည်း လွယ်လွယ်နဲ့ရတာဆိုတော့ တို့တွေ လွယ်လွယ်နဲ့သုံးပစ်တာ အကောင်းဆုံးပဲ" ဟု အကြံပေးသည်။

ဆက်၍ "ဘုရားသခင်ရဲ့ ဂုဏ်သိက္ခာဟာ ကြီးမားပါပေတယ်၊ ငါတို့ အခုလို ကံကောင်းမယ်ဆိုတာ ဘယ်သူတွေးမိသလဲ၊ တကယ်လို့ ဒီရွှေတွေကို ဒီနေရာကနေပြီး ငါ့အိမ် သို့မဟုတ် မင်းတို့အိမ်ဆိုပါစို့၊ သယ်ကြရင် မင်းတို့အားလုံးသိတဲ့အတိုင်း ဒီရွှေတွေက တို့အားလုံးနဲ့ ဆိုင်တယ် မဟုတ်လား၊ ငါတို့တစ်သက်မှာ အပျော်ဆုံးလူတွေ ဖြစ်မှာပဲ" ဟု စကားကို ကပေါက်တိကပေါက်ချာ ပါးစပ်ထဲတွေ့ရာ ပြောဆိုနေသည်။

ပြီးတော့မှ စဉ်းစားပြီး "အေး ဒါပေမဲ့ အခုလို ရွှေတွေသယ်တဲ့ အလုပ်ကို ဒီလိုနေ့ခင်းကြီး သယ်လို့မဖြစ်ဘူး၊ တကယ်လို့ ဒီအတိုင်းသယ်ရင် လူတွေက ငါတို့ကို လူဆိုးသူခိုးမှတ်ပြီး ကြိုးစင်တင်ပြီး သတ်ကြလိမ့်မယ်၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် အသတ်ခံရလိမ့်မယ်၊ ဒီတော့ ညမှောင်မှ ဒီရတနာတွေသယ်တာ အကောင်းဆုံးပဲ၊ ငါအကြံပေးချင်တာတော့ ငါတို့သုံးယောက် တုတ်သုံးချောင်းကို ကံစမ်းပြီး ရွေးရအောင်၊ အဲဒီတုတ်သုံးချောင်းထဲက အရှည်ဆုံးတုတ်ချောင်းကို ရွေးမိတဲ့လူက မြို့ကို မြန်နိုင်သမျှ မြန်မြန်သွားပြီး ငါတို့စားဖို့ ပေါင်မုန့်နဲ့ဝိုက်အရက်ကို လူမသိအောင် ယူခဲ့ပေတော့၊ ကျန်တဲ့လူနှစ်ယောက်ကတော့ ဒီမှာကျန်ခဲ့ပြီး ဒီရွှေတွေကို သေသေချာချာစောင့်ရှောက်ပေတော့၊ တကယ်လို့ အခြားအနှောင့်အယှက် တစ်စုံတစ်ခုမှ မရှိရင်တော့ ညရောက်တာနဲ့ တို့တွေအားလုံး ဒီရွှေတွေသယ်ပြီး ငါတို့အတွက် အကောင်းဆုံးနေရာကို သွားကြတာပေါ့"ဟု အစီအစဉ် ပြောပြလေသည်။

ထိုအခါ ခရီးသွားသုံးယောက်ထဲမှ တစ်ယောက်က တုတ်သုံးချောင်းကို လက်ထဲတွင်စုကိုင်ပြီး တစ်ယောက်ချင်းနှိုက်စေသည်။ အငယ်ဆုံးသော ခရီးသွားက အရှည်ဆုံးတုတ်ချောင်းကို ရွေးမိသည်။ ထို့ကြောင့် ထိုလူငယ်က မြို့သို့သွားကာ အစားရေစာရှာရန် ထွက်သွားသည်။

ထိုလူငယ် ထွက်သွားသည်နှင့် ကျန်ခဲ့သော ခရီးသွားနှစ်ယောက်ထဲမှ တစ်ယောက်က အခြားတစ်ယောက်အား "မင်းနဲ့ငါဟာ ညီရင်းအစ်ကိုလို တစ်ယောက်ကို တစ်ယောက် စောင့်ရှောက်ဖို့ စောစောကတည်းက ကတိသစ္စာဆိုပြီးကြတာ ထူးပြီးပြောစရာ မလိုဘူး၊ ဒီတော့ ငါ မင်းကို အခွင့်အရေးတစ်ခုအကြောင်း ပြောပြမယ်၊ မင်းသိတဲ့အတိုင်း ငါတို့အဖော်လည်း မြို့ကိုသွားပြီ၊ ဒီမှာက ရွှေတွေကျန်ခဲ့တယ်၊ ရွှေတွေကလည်း နည်းနည်းနောနောမဟုတ်ဘူးနော်၊ အများ

ကြီးရယ်၊ ဒီရွှေတွေက တို့သုံးယောက် ခွဲပြီးယူကြဖို့ပေါ့၊ ဒါပေမဲ့ တကယ်လို့ ငါသာစီစဉ်ရရင် မင်းနဲ့ ငါနှစ်ယောက်တည်း ခွဲဝေယူမှာပဲ၊ ဒါကလည်း ငါက သူငယ်ချင်းကောင်းပီသစွာနဲ့ မင်းအတွက် လုပ်ရတာပါ" ဟု ရှင်းပြသည်။

တခြားအဖော်ကလည်း "ငါကတော့ ဘယ်လိုစီစဉ်ရမယ်ဆိုတာ စဉ်းစားလို့မရဘူး၊ မင်းသိတဲ့အတိုင်း ဒီရွှေတွေဟာ တို့နှစ်ယောက်နဲ့ ကျန်ခဲ့တယ်ဆိုပေမဲ့ ဟိုတစ်ယောက်နဲ့လည်း ဆိုင်တာပဲ၊ ငါတို့ ဘာလုပ်ရမလဲ၊ သူ့ကို ငါတို့ဘယ်လိုပြောမလဲ" ဟု မေးလေသည်။

ပထမလူက "ဒါကတော့ တို့နှစ်ယောက်ပဲ သိရမယ့်ကိစ္စပါ၊ ငါပြောတာ မင်းသဘောတူရင်တော့ ဒီရွှေတွေကို ဘယ်လိုရအောင်ယူမယ်၊ ဘယ်လိုသယ်ရမယ်ဆိုတာ ငါပြောပြမယ်" ဟုပြောသည်။

တခြားလူကလည်း လောဘဇောများ တက်ကြွလာကာ ဝမ်းသာအားရဖြင့် "မင်းကို ငါဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ မင်းပြောသမျှ ငါလုပ်ပါ့မယ်၊ ငါ့ကိုယုံပါ၊ ငါကျိန်ပါ့မယ်" ဟု ပြောလေသည်။

ထိုအခါ ပထမလူက သူ၏အကြံအစည်ကို ပြောပြသည်။

"အေး ကောင်းပါပြီ၊ မင်းနဲ့ငါနဲ့နှစ်ယောက်မှာ ဘယ်သူက ပိုပြီး ဉာဏ်ရည်သာတယ်ဆိုတာ မင်းသိတယ်မဟုတ်လား၊ ဒီတော့ ဟိုကောင်လေး ပြန်လာရင် မင်းက သူနဲ့ ရန်ဖြစ်ချင်ယောင်ဆောင်ပြီးစပေါ့၊ နောက်သူ့လိုလိုနဲ့ ရန်ဖြစ်ချင်ယောင်ဆောင်ပေါ့၊ မင်းက အဲဒီလို ကစားနေတုန်း ငါက သူ့ကို ဖျန်ဖြေချင်ယောင်ဆောင်ပြီး ဓားနဲ့ ညှပ်ပြီးထိုးမယ်၊ အဲဒီအချိန်မှာ မင်းကလည်း မင်းဓားနဲ့ထိုးပေါ့၊ နောက်တော့မှ ဒီရွှေတွေအားလုံးကို မင်းနဲ့ငါ နှစ်ယောက်ခွဲယူကြတာပေါ့ သူငယ်ချင်းရယ်၊ ပြီးရင်တော့ တို့နှစ်ယောက် ရွှေတွေကို ကိုယ်ကြိုက်တာ ကိုယ်လုပ်နိုင်ပြီလေ၊ မဟုတ်ဘူးလား"

ဒုတိယခရီးသွားသည် ပထမလူ၏ အကြံအစည်ကို လုံးဝ သဘောတူလေသည်။

အငယ်ဆုံးခရီးသွားသည် မြို့ဆီသို့သွားရင်း သူ၏ခေါင်းထဲ တွင် မကြာမီက ဖြစ်ပျက်ခဲ့သည်ကို စဉ်းစားနေသည်။ စဉ်းစားရင်း နှင့် –

"အို ဘုရားသခင်၊ ဒီရွှေတွေအားလုံးကို ငါတစ်ယောက်တည်း ရနိုင်တာပဲ၊ ဒီလောကထဲမှာ ငါ့လောက် ပျော်ရွှင်တဲ့လူ ရှိမှာမဟုတ် ဘူး" ဟူသော အတွေးသည် လွှမ်းမိုးလာသည်။

ထိုမကောင်းဆိုးဝါးစိတ်သည် သူ၏ ဦးနှောက်ကို လွှမ်းမိုး သွားသည်။ သူ၏ မကောင်းသောစိတ်သည် သူ၏ အဖော်နှစ်ယောက် ကို သတ်ရန်အတွက် အဆိပ်ဝယ်ရန် တိုက်တွန်းလျက်ရှိသည်။ မကောင်းဆိုးဝါးစိတ်ဓာတ်သည် တချို့သော ပျော့ညံ့သောသူများကို ဖြားယောင်းပြီး နောက်ဆုံးတွင် နောင်တရစေတတ်သည်။ ဤလူငယ် မှာလည်း နှစ်ခါဖြားယောင်းစရာ မလိုဘဲ သူ့အဖော်နှစ်ယောက်ကို သတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

သို့နှင့် လူငယ်သည် မဆိုင်းမတွပင် မြို့ထဲသို့သွားကာ ဆေး ဆိုင်တွင် အဆိပ်ဝယ်လေသည်။ ဆိုင်ရှင်အား သူ၏ခြံတွင် ကြောင် စုန်းတစ်ကောင်သည် သူ၏ ကြက်ကလေးများကို သတ်စားလျက် ရှိကြောင်း၊ ၎င်းပြင် ကြွက်များကိုလည်း လက်စားချေရန်အတွက် အဆိပ်လိုကြောင်း ပြောပြသည်။ ပြောရင်းလည်း ထိုတိရစ္ဆာန်များသည် အလွန်နှိပ်စက်ကြောင်း ညည်းညူလေသည်။

ဆိုင်ရှင်က "အေး ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိမှန်ရင် ဒီအဆိပ် နည်းနည်းလေးကို စားမိရင် သို့မဟုတ် ဒီအဆိပ်ကို သောက်မိရင် ချက်ချင်းသေမှာပဲ၊ အချိန်တိုတိုလေးမှာကို သေမှာပဲ၊ မင်း တစ်ကိုက် ခရီးတောင် လျှောက်လိုက်ရမှာမဟုတ်ဘူး၊ ဒီအဆိပ်က သိပ်ပြီး ပြင်း လည်းပြင်း အစွမ်းလည်းထက်တယ်" ဟု ရှင်းပြသည်။

မကောင်းဆိုးဝါး စိတ်များ လွှမ်းမိုးနေသော လူရွယ်သည် အဆိပ်ပုလင်းကိုကိုင်ပြီးနောက် ပျော်ရွှင်စွာ ဆိုင်ထဲမှထွက်လာသည်။ ပြီးလျှင် အခြားဆိုင်တစ်ဆိုင်တွင် ပုလင်းသုံးပုလင်း သွား၍ငှားလေသည်။ ပုလင်းနှစ်ပုလင်းထဲသို့ အဆိပ်များလောင်းထည့်သည်။ နောက်ကျန်သောပုလင်း တစ်ပုလင်းကိုမူ သူသောက်ရန်အတွက် သီးသန့်ထားလိုက်သည်။

ထို့နောက် ထိုပုလင်းသုံးပုလင်းတွင် ဝိုင်အရက်များ ဖြည့်လိုက်ပြီး သူ၏မိတ်ဆွေများရှိရာသို့ ထွက်လာလေသည်။ လမ်းတစ်လျှောက်လုံးတွင် ရွှေများကို သူတစ်ဦးတည်း သယ်ယူရန် စိတ်ကူးယဉ်လျက်ရှိသည်။

သူ၏အဖော်နှစ်ယောက်သည် လူရွယ်အပြန်တွင် မည်ကဲ့သို့စီစဉ်မည်ကို ကြံစည်ပြီးသားဖြစ်သည်။ သူ့ကို ရောက်ရောက်ချင်းပင် သတ်လိုက်ကြသည်။ သတ်၍ပြီးသောအခါ တစ်ယောက်သောသူက "ကဲ တို့တွေ ထိုင်ပြီး ပျော်ရွှင်တဲ့ အထိမ်းအမှတ်နဲ့ အရက်သောက်ကြရအောင်၊ ပြီးတော့မှ ဒီလူသေကောင်ကို မြှုပ်ကြတာပေါ့" ဟု ပြောလေသည်။

စကားဆုံးသည်နှင့် ထိုခရီးသွားသည် အဆိပ်ခတ်ထားသော အရက်ပုလင်းကို လှမ်းယူလိုက်ပြီး မော့လိုက်လေသည်။ သူသောက်ပြီးသောအခါ သူ၏မိတ်ဆွေအား အရက်ပုလင်းအား လှမ်း၍ပေးလိုက်သည်။ ထိုအခါ သူ့အဖော်ကလည်း ထိုအဆိပ်ပါသောပုလင်းကို အားရပါးရ မော့ချလိုက်လေသည်။ နောက်ဆုံးတွင် သူတို့နှစ်ဦးသည် အချိန်မခြားဘဲ သေဆုံးကြလေသည်။

သေမင်းကို အန်တုရန်အတွက် လိုက်ရှာကြသော ခရီးသွားသုံးဦးစလုံး သေဆုံးကြရလေသည်။

❒

# ကိုယ်ပျောက်ပိုးအင်္ကျီ

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဂျပန်ပြည်တွင် အလွန်ပျော်တတ် နောက်တတ်သော အိုတိုကိုဆင်ဟူသော လူငယ်လေးတစ်ယောက်ရှိ လေသည်။ သူသည် အလုပ်ကို မည်မည်ရရ မလုပ်ချေ။ အိမ်နီးနား ချင်းများကို နောက်ပြောင်ခြင်း၊ ချောက်ချခြင်းစသည်တို့ကို ပြုလုပ် တတ်သည်။ သူ့ကြောင့် သူတစ်ပါးဒုက္ခရောက်သည်ကို ကြည့်ပြီး ကျေနပ်နေတတ်သည်။ အိုတိုကိုဆင်သည် တစ်ယောက်ယောက်ကို မစရဘဲ ရက်တစ်ရက်ကုန်သွားသည်ဟု မရှိပေ။ တစ်ယောက်ယောက် ကို ညာ၍ဖြစ်စေ၊ အကွက်ဆင်ပြီး ဒုက္ခရောက်အောင်ဖြစ်စေ ပြုလုပ် တတ်သည်။ ထို့ကြောင့်လည်း ရွာသူ ရွာသားများက သူ့ကို အဝေး ကပင် ရှောင်တတ်ကြသည်။

တစ်နေ့တွင် ပျော်တတ်သော အိုတိုကိုဆင်သည် ဝါးပလွေတစ် ခုကို အချောသပ်ပြီး ထိုပလွေနှင့် သီချင်းတစ်ပုဒ်ကို မှုတ်ကြည့် လျက်ရှိသည်။ အိုတိုကိုဆင် မျက်နှာတစ်ခုလုံး နီမြန်းလာအောင် မှုတ်သော်လည်း သီချင်းသံ ထွက်မလာချေ။

ယို့ကြောင့် နောက်ဆုံးတွင် ထိုပလွေကို မြှောက်၍ကစားနေ ရာမှ စိတ်ကူးရကာ ပလွေကို မှန်ဘီလူးကဲ့သို့ မိုးကောင်းကင်တွင် ထောင်၍ ကြည့်နေပြန်သည်။ ထိုကဲ့သို့ ကောင်းကင်သို့ ဝါးလုံးခေါင်း ကို မှန်ဘီလူးလုပ်၍ ကြည့်နေစဉ် မိုတ်တုတ်မိုတ်တုတ်လုပ်နေသော

မျက်လုံးမှတစ်ဆင့် တင်ဂူတစ်ယောက် သူ့တူရှမှ လာနေသည်ကို တွေ့ရလေသည်။

အိုတိုကိုဆင်တို့ ရွာသူရွာသားများက တင်ဂူကို ဝိညာဉ်လောကမှ အကူအညီရသောသူဟု ယုံကြည်ထားသည်။ ထို့ကြောင့်လည်း တင်ဂူကို မည်သူမှ မစရဲ မနှောက်ရဲကြချေ။ အိုတိုကိုဆင်ကမူ လုံးဝ ကြောက်တတ်သူ မဟုတ်သဖြင့် သူ့ကိုစရန် ဝန်မလေးချေ။

ထို့ကြောင့်လည်း တင်ဂူလာနေသည်ကို ကြည့်ရင်း –

"အင်း သူဝတ်လာတဲ့ ပိုးအင်္ကျီကို ရအောင်ယူမှပဲ" ဟု အိုတိုကိုဆင် ကြံစည်စဉ်းစားမိသည်။ ပြီးလျှင် ဝါးမှန်ပြောင်းဖြင့် ကောင်းကင်သို့ တစ်ဖန်ပြန်ကြည့်ရင်း "ဟယ် လှလိုက်တာ" "ဟာ သိပ်ကို ထူးဆန်းတာပဲ" "ဒါမျိုး တစ်ခါမှ မတွေ့ဖူးဘူး" ဟု ပါးစပ်မှအော်ဟစ်ပြီး ခုန်ပေါက်နေသည်။

တင်ဂူသည် အိုတိုကိုဆင်၏အနားတွင် ရပ်လိုက်ပြီး စိတ်ဝင်စားစွာ ကြည့်နေသည်။ ဘာကိုများ ဤမျှလောက် စိတ်ပါဝင်စားစွာ ကြည့်နေရသနည်းဟု စူးစမ်းလေသည်။ ထိုအခါ အိုကိုတိုဆင်က –

"အို ဟားဟား၊ တကယ့်ကို ထူးဆန်းအံ့သြစရာကောင်းတာပဲ" ဟု မေးမြန်းသူကိုပင် လှည့်၍စကားမပြောနိုင်သလို ကောင်းကင်ကို ဝါးပလွေဖြင့်ကြည့်ရင်း ပြောနေလေသည်။

ထိုသို့ပြုလုပ်ခြင်းသည် တင်ဂူ၏ သိချင်စိတ်ကို ဆွပေးလိုက်သလို ဖြစ်သွားသည်။ တင်ဂူသည် အလွန်ကြည့်ချင်လာလေသည်။ ထို့ကြောင့် သူ့ကို ကြည့်ခွင့်ပေးရန် တောင်းပန်လေသည်။

အိုတိုကိုဆင်က "ဟာ ဘယ်ပေးကြည့်လို့ဖြစ်မလဲ၊ ခင်ဗျားက သူများပစ္စည်း အလကားယူချင်လို့ ဘယ်ရမလဲဗျ" ဟု ခပ်တည်တည် ပြောပြီး တစ်ဖန် "ကျုန်တော် ဒီမှန်ပြောင်းထဲ ဘာမြင်ရသလဲဆိုတာ ဘယ်သူမှ တွေးကြည့်လို့ရမှာ မဟုတ်ဘူး" ဟု ဆက်ပြောလိုက်သည်။

ထိုအခါ တင်ဂူသည် ကြည့်လိုစိတ် ပြင်းပြလာသည်။ သူ၏

ဖိနပ်ကိုချွတ်ပြီး အိုတိုကိုဆင်ကိုပေးကာ မှန်ပြောင်းကို ကြည့်ခွင့် တောင်းလေသည်။ မရသောအခါ ဦးထုပ်နှင့်လည်းကောင်း၊ နောက်ဆုံးတွင် သူ၏ ပိုးအင်္ကျီကိုပေး၍ ဝါးပလွေကို လဲရန်တောင်းလေသည်။

အိုတိုကိုဆင်သည် ချက်ချင်းပင် ဝါးပလွေကို အင်္ကျီနှင့်လဲလိုက်ပြီး တင်ဂူ မိုးကောင်းကင်ကို ဝါးပလွေဖြင့်ကြည့်နေစဉ် လျင်မြန်သောအဟုန်ဖြင့် မမြင်နိုင်သော နေရာသို့ တစ်ကြိုးတည်း ပြေးလေတော့သည်။

သို့နှင့် တင်ဂူ သူ့ကို လုံးဝမမီနိုင်သောနေရာသို့ ရောက်သောအခါ အိုတိုကိုဆင်သည် ပိုးအင်္ကျီကို ဝတ်ကြည့်လေသည်။ ထိုကဲ့သို့ ဝတ်လိုက်သည်နှင့်တစ်ပြိုင်နက်ပင် အိုတိုကိုဆင်သည် ပိုးအင်္ကျီနှင့်အတူ ပျောက်သွားလေသည်။

အိုတိုကိုဆင်သည် ယခုကဲ့သို့ ကိုယ်ပျောက်သွားသည်ကို များစွာ ကျေနပ်နေသည်။ ထို့ကြောင့်လည်း -

"ဟယ် ဟန်ကျတာပဲ၊ ငါကိုယ်ပျောက်သွားပြီ၊ ဒီတော့ ငါ့အတွက် ပျော်စရာကောင်းသွားတာပေါ့" ဟု အသံထွက်ပြီး ပြောလိုက်သည်။

ထိုစကားသံကိုကြားရသော အဘိုးအိုတစ်ယောက်မှာ လူမမြင်ရဘဲ အသံသာကြားရသဖြင့် သတိလစ်သွားမတတ် ဖြစ်သွားသည်။ ဘေးဘီတွင် လိုက်လံကြည့်၍ ဘာမှ မတွေ့ရတော့မှ အဘိုးအိုက နေပူပြင်းသဖြင့် ယခုကဲ့သို့ ကြားချင်ရာသည်ဟု ထင်မိသည်။

သို့နှင့် အိုတိုကိုဆင်သည် လူစုလူဝေးရှိရာ လမ်းမကြီးဆီသို့ သွားကာ ရွာသူရွာသားများကို အမျိုးမျိုး နှောင့်ယှက်လေတော့သည်။ လူမမြင်ရဘဲ တိုက်မိတာမျိုး၊ အင်္ကျီအိတ်ထဲမှ ပိုက်ဆံအိတ် အလိုလိုထွက်လာတာမျိုး၊ တစ်ယောက်ယောက်က တွန်းလိုက်တာမျိုး စသည်ဖြင့် အမျိုးစုံ ပြုလုပ်လေတော့သည်။

ထိုနေ့တစ်နေ့လုံး အိုတိုကိုဆင်သည် သူစဉ်းစား၍ ရသမျှ

သော နည်းပေါင်းစုံဖြင့် လူတိုင်းကို လိုက်၍စ,လေသည်။ ရွာသူရွာသား များမှာလည်း လူမမြင်ရဘဲ အမျိုးစုံဖြစ်နေသောကြောင့် ကြောက်ရွံ့ လျက်ရှိကြလေသည်။ အိုတိုကိုဆင်မှာမူ လူအများ ဒုက္ခရောက်လေ ပျော်လေဖြစ်ပြီး မြေကြီးပေါ်တွင် လူးလိမ့်ရယ်မောနေလေသည်။

ညအိပ်ချိန်သို့ ရောက်သောအခါ အိုတိုကိုဆင်သည် သူ၏ပိုး အင်္ကျီကို အခန်းထဲတွင်ချိတ်ပြီး အိပ်လေသည်။ ထိုညက အိုတိုကိုဆင် ၏ မိခင်သည် အခန်းထဲဝင်ပြီး ပစ္စည်းများသိမ်းလေသည်။ ထိုစဉ် တန်းတွင်ချိတ်ထားသော ဖုန်အလူးလူးဖြင့် ညစ်ပတ်ပေရေနေသော ပိုးအင်္ကျီကို တွေ့သောအခါ ရွံ့ရှာသဖြင့် ထိုအင်္ကျီကိုယူပြီး မီးဖိုထဲသို့ ပစ်ထည့်လိုက်လေသည်။

နောက်တစ်နေ့ အိုတိုကိုဆင် အိပ်ရာမှ နိုးသောအခါ အင်္ကျီကို ရှာမတွေ့တော့ချေ။ နောက်ဆုံးတွင် မီးဖိုထဲတွင် ပြာအဖြစ် ပြောင်းလဲ နေသည်ကို တွေ့ရသည်။ အိုတိုကိုဆင်သည် ထိုပြာများကို သူ့အခန်း ထဲသို့ ယူလာပြီး အင်္ကျီချွတ်ကာ သူ့တစ်ကိုယ်လုံးကို ပြာဖြင့်လူး လေသည်။ သူ့စိတ်ထဲတွင် ကိုယ်ပျောက်အင်္ကျီ၏ အာနိသင်သည် ပြာများထဲတွင် ရှိနေဦးမည်ဟု မျှော်လင့်လေသည်။

အိုတိုကိုဆင် မျှော်လင့်မိသလို ကိုယ်ပျောက်အင်္ကျီမှာ အစွမ်း ရှိပါသေးသည်။ အိုတိုကိုဆင် ပြာများကို လိမ်းကျံပြီးသောအပိုင်းများ တစ်ပိုင်းပြီးတစ်ပိုင်း ပျောက်သွားသည်မှာ တစ်ကိုယ်လုံး ပြာနှင့်လိမ်း ပြီးသည့်အခါ သူ့တစ်ကိုယ်လုံး ပျောက်သွားလေသည်။ ထိုအခါ ရှေးကနည်းအတိုင်း လူအများစုဝေးရာ လမ်းဆုံ၊ လမ်းမ၊ ဈေး စသည့်နေရာများသို့ သွားပြီး အမျိုးစုံသောနည်းဖြင့် လူများကိုစပါ တော့သည်။ နောက်ဆုံးတွင် ရေငတ်လာသဖြင့် အရက်ဆိုင်ထဲဝင် သွားပြီးလျှင် ဝိုင်အရက်စည်၏ ဘုံပိုင်ခေါင်းအောက်တွင် ပါးစပ်ဟာပြီး သောက်လေသည်။

ထိုအခါ ဝိုင်အရက်များပါးစပ်မှဝင်၍ မျက်နှာပေါ်တွင် ဖိတ်

ကုန်လေသည်။ ထိုကဲ့သို့ ဝိုင်များ မျက်နှာကိုစိုကုန်ပြီး ပြာများပျောက် သွားကာ အိုတိုကိုဆင်၏ မျက်နှာကြီးသာ ပေါ်လာလေသည်။ ကိုယ် အောက်ပိုင်းမှာမူ ပျောက်နေတုန်းပင်ရှိလေသည်။ ကိုယ်မပါဘဲ ခေါင်း ပြတ်ကြီး အိုတိုကိုဆင်ကို တွေ့ရသည့်အခါ ဆိုင်ရှင်နှင့် ရွာသူရွာသား များသည် ရွာတွင် ထူးဆန်းသော ကြောက်မက်ဖွယ်ရာများ ဖြစ်ပေါ် နေသည်မှာ အိုတိုကိုဆင်၏ လက်ချက်သာဖြစ်ကြောင်း သိလိုက်ကြ သည်။ ထို့ကြောင့် ဆိုင်ထဲမှ သူ့ကို မောင်းထုတ်ကြလေသည်။

လူစုလူဝေးကြီးက အိုတိုကိုဆင်နောက်က လိုက်ကြသဖြင့် ထွက်ပြေးလာရာ မြစ်ဆိပ်ကမ်းနားသို့ ရောက်လာသည်။ ထိုအခါ အိုတိုကိုဆင်သည် မြစ်ထဲသို့ ခုန်ဆင်းလိုက်ရရှာသည်။

လူအုပ်ကြီးက "ဟော့ကောင် အပေါ်တက်ခဲ့၊ မင်းနဲ့ စာရင်းရှင်း စရာ ရှိသေးတယ်" ဟု အော်ပြောလေသည်။

ထိုအခါ အိုတိုကိုဆင်က "ကျွန်တော် ကုန်းပေါ်တက်လာလို့ မရဘူးဗျ၊ ကျွန်တော့်ကိုယ်ပေါ်မှာ ကိုယ်ပျောက်တဲ့ပြာတွေ မရှိတော့ လို့ ကျွန်တော့်ကိုယ်ပေါ်မှာ ဘာအဝတ်အစားမှ မရှိဘူး" ဟု ပြန်ပြော သည်။

ထို့နောက် သူ၏အဖြစ်အပျက်အားလုံးကို အစအဆုံးပြောပြ လေသည်။ လူအုပ်ကြီးမှာလည်း ယခုကဲ့သို့ အိုတိုကိုဆင် ရေထဲတွင် ဒုက္ခရောက်သည်ကို ကျေနပ်ကာ အော်ဟစ်နေကြလေသည်။

ထိုအခါ ဆိုင်ရှင်အဘိုးကြီးက "ဒါ မင်းမှော်ဆရာကြီး တင်ဂူ ကို မဟုတ်တာသွားလုပ်လို့ အပြစ်ပေးခံရတာပဲ၊ အခုလည်း ငါတို့ မင်းရဲ့အဝတ်အစားတွေ လာမပို့မချင်း မင်း ရေထဲမှာပဲ နေရမယ်၊ အင်း ဒီနေ့တစ်ရက်တော့ တို့ရွာသူရွာသားတွေကို ဒီကောင် ဒုက္ခ မပေးနိုင်တော့တာ သေချာတယ်" ဟုပြောကာ ထွက်သွားလေသည်။

❒


အစွမ်းထက်သော
ငါးနှီလေး
(စဆုံး)

## အစွမ်းထက်သော ငါးနီလေး

စပိန်နိုင်ငံတွင် ဟိုးရှေးရှေးက ပက်ဒရိုဟုခေါ်သော တံငါသည် တစ်ယောက်ရှိသည်။ ပက်ဒရိုနှင့် ဇနီးသည်တို့သည် အလွန်ဆင်းရဲကြသည်။ သူတို့နေထိုင်သော တဲငယ်လေးသည် ပင်လယ်ကမ်းစပ်တွင်ရှိသည်။ သူ့ဇနီးသည်သည် ဆင်းဆင်းရဲရဲ တဲငယ်လေးနှင့် နေရသည်ကို အစဉ်အမြဲ ညည်းညူနေတတ်သည်။

သူ့ဇနီးက "ဒီလောက်စုတ်ချာတဲ့ နေရာလေးမှာ တဲစုတ်နဲ့ နေရတာ ဘယ်လောက်များ စိတ်ပျက်ဖို့ကောင်းသလဲ၊ တကယ်ဆိုရှင်က ငါးတွေ အများကြီးရအောင် ဖမ်းပါလား၊ ဒါမှ ငါးတွေကို ဈေးမှာရောင်းရင် ပိုက်ဆံတွေ အများကြီးရမှာ၊ တစ်နေ့နေ့တော့ ဒီတဲကနေပြီး ကျောက်တုံးတွေနဲ့ဆောက်ထားတဲ့ တိုက်ကြီးဆီကို ပြောင်းရမှဖြစ်မယ်၊ ဒါကလည်း ရှင် မပျင်းမရိ အလုပ်လုပ်ရင် ဖြစ်နိုင်ပါတယ်" ဟု ဆူဆူပူပူ ပြောတတ်သည်။

ပက်ဒရိုကလည်း သူ့မိန်းမ၏စကားကြောင့် စိတ်မကောင်းဖြစ်မိသည်။ သူသည် သူ့မိန်းမ ပြောသလို လူပျင်းတစ်ယောက်မဟုတ်ချေ။ အမှန်မှာ ငါးဖမ်းသော ပင်လယ်တွင် ငါးမရှိခြင်းသာဖြစ်သည်။ သူ မနက် မိုးမလင်းမီမှ ညမိုးချုပ်သည်အထိ ပိုက်ကိုချသော်လည်း ငါးတစ်ကောင်မှ မရချေ။

တစ်နေ့တွင် သူ့မိန်းမက သူ့ကို ဆူပူလွန်းသဖြင့် စိတ်ညစ်နေစဉ် ပက်ဒရီ၏ပိုက်တွင် တစ်စုံတစ်ခုသည် ဝင်ရောက်လာသည်ကို သိလိုက်သည်။

သူ့ပိုက်ထဲဝင်လာသည်မှာ ရောမငါးနီကြီးဖြစ်သည်။ ပက်ဒရီသည် ငါးကို ပိုက်အပြင်သို့ထုတ်ရန် ပြင်နေစဉ် ငါးနီလေးက သူ့ကို စကားပြောလေသည်။ ပက်ဒရီသည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။ "ကျွန်တော့် အသက်ကို ချမ်းသာပေးပါ ပက်ဒရီရယ်၊ မင်းသာ ငါ့အသက်ကို ချမ်းသာခွင့်ပေးမယ်ဆိုရင် မင်းလိုချင်တာ ငါပေးနိုင်ပါတယ်၊ ငါဟာ အစွမ်းထက်တဲ့ ငါးနီဖြစ်ပါတယ်" ဟု ပြောသည်။

ပက်ဒရီသည် ပထမတွင် အံ့ဩလွန်းသဖြင့် ဘာလုပ်ရမည်ကို မသိဘဲ ကြောင်နေသည်။ သူ့အဖို့ ဤမျှကြီးသော ငါးကြီးကို လက်လွှတ်ရမည်ကို နှမြောနေသည်။ သို့သော် ငါးနီလေးက သူ့ကို အမျိုးမျိုးတောင်းပန်သည်နှင့် သနားကာ ရေထဲသို့ ပြန်လွှတ်လိုက်သည်။

ငါးနီလေးသည် ရေထဲရောက်သည်နှင့် ဟိုဒီ ခဏမျှကူးပြီး "ကျေးဇူးပါပဲ ပက်ဒရီရယ်၊ မင်းအကူအညီလိုရင် ငါ့ကို မမေ့နဲ့နော်၊ ငါ ချက်ချင်းလာခဲ့မယ်" ဟုပြောကာ ရေလယ်ဆီသို့ ကူးသွားသည်။

ပက်ဒရီလည်း ခပ်ကြောင်ကြောင်နှင့် အိမ်သို့ပြန်လာသည်။ အိမ်ပြန်ရောက်လျှင် သူ့မိန်းမကို အဖြစ်အပျက်အစုံအလင် ပြောပြသည်။ ငါးနီလေးက သူ့ကို လိုချင်တာရှိပါက တောင်းဖို့ပြောကြောင်း ပြောပြသောအခါ သူ့မိန်းမသည် စိတ်ဆိုးမာန်ဆိုးနှင့် "ရှင်ဟာ တော်တော်ညံ့တဲ့ လူပဲ၊ ရှင် ဘာမှမတောင်းခဲ့ဘူး မဟုတ်လား၊ သွားအခုချက်ချင်း မြစ်ဆိပ်ကိုသွားပြီး ကျောက်တုံးတွေနဲ့ဆောက်ထားတဲ့ အိမ်တစ်လုံး သွားတောင်းပေတော့" ဟု ပြောသည်။

သို့နှင့် ပက်ဒရီသည် မြစ်ဆိပ်သို့သွားကာ ငါးနီလေးကို အော်

ခေါ်လေသည်။ ပြီးလျှင် သူ့ဇနီး လိုချင်သောအရာကို ပြောပြသည်။ ထိုအခါ ငါးနီလေးက "ဒီလောက်ကတော့ ဘာမှ မပြောပပါဘူး၊ အိမ်ကိုသာ ပြန်သွားပါ၊ မင်းလိုချင်တာ ရပါလိမ့်မယ်" ဟု ပြောလိုက်သည်။

ပက်ဒရိုသည် ချက်ချင်းပင် အိမ်သို့ အပြေးလေးပြန်ခဲ့သည်။ သူနေထိုင်သော တဲပုတ်နေရာတွင် ကျောက်တုံးများနှင့် ဆောက်ထားသော အိမ်လှလှလေးကို တွေ့ရသည်။ သူ၏ဇနီးကလည်း အိမ်ထဲတွင် ပြုံးပြီး သူ့ကို ကြိုနေသည်။

ပက်ဒရို၏ဇနီးသည် သူလိုချင်တာရသဖြင့် ကျေနပ်နေသည်။ သို့သော် ရက်များမကြာမီမှာပင် ထုံးစံအတိုင်း ညည်းညူဆူပူသံကို ကြားရပြန်သည်။ "ဒီလောက်နဲ့တော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ ကျွန်မလိုချင်တာက ရဲတိုက်တစ်လုံးနဲ့ အစေအပါးတွေလိုချင်တာ၊ သွားခုချက်ချင်း ရှင့်ငါးနီဆီသွားပြီး ကျွန်မလိုချင်တာကို ပြောပေးပါ"ဟု စေခိုင်းသည်။

ပက်ဒရိုသည် သူ့ဇနီး၏ လောဘစိတ်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ သို့သော် ဇနီး၏စကားကို မလွန်ဆန်ရဲသဖြင့် ကမ်းစပ်ကို လာခဲ့ရသည်။ ကမ်းစပ်သို့ရောက်သော် ငါးနီလေးကို ခေါ်ပြီး သူ့မိန်းမက ယခုနေသောအိမ်ကို မကြိုက်သဖြင့် ရဲတိုက်တစ်ခု လိုချင်ကြောင်း ပြောပြသည်။

ငါးနီလေးက "မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပါလိမ့်မယ်၊ ကဲ အိမ်ပြန်ပြီး ကြည့်လိုက်ပါဦး" ဟု ပြောကာ ရေထဲကို ပြန်ငုပ်သွားသည်။

ပက်ဒရို အိမ်သို့ပြန်ရောက်သောအခါ အလွန်အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဇနီးသည် ရဲတိုက်တစ်ခု၏ ဥယျာဉ်ထဲတွင် လှလှပပထိုင်လျက် တွေ့ရ၍ဖြစ်သည်။ သူ့ဇနီး၏ဘေးတွင် အိမ်ဖော်နှစ်ယောက်သည် ချိုချဉ်သီးနှံများ ပြင်ဆင်ပေးနေသည်။

ပက်ဒရိုက "အင်း ငါ့မိန်းမဆိုကတော့ နောက်တစ်ခါ ညည်း ညူသံ မကြားရတော့ဘူးထင်ပါရဲ့" ဟု တွေးမိသည်။

သို့သော် ပက်ဒရို၏အတွေးသည် မှားပါသည်။ အဘယ်ကြောင့် ဆိုသော် ရဲတိုက်ကြီးတွင်နေရသည်ကို ငြီးငွေ့လာသောအခါ ပက်ဒရို ၏ မိန်းမသည် သူ့ကိုယ်သူ နန်းတော်တွင်းက ဘုရင်မ ဖြစ်ချင်လာ သည်။

သည်တစ်ခါတွင်လည်း ငါးနီက "ကောင်းပါပြီ ဖြစ်စေရပါ မယ်" ဟု ပြောသည်။ ပက်ဒရို အိမ်သို့ပြန်ရောက်သောအခါ အလွန် ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးကို တွေ့ရသည်။ နန်းတော်ထဲ တွင် အဆောင်များ၊ အခန်းများ များပြားလှသည်ကို တွေ့ရသည်။ သူ၏ဇနီးသည် အခန်းကျယ်ကြီးထဲရှိ ရွှေသလွန်ပေါ်တွင် ဘုရင်မ ကြီးသဖွယ် စံစားနေသည်။

"အင်း ဒီတစ်ခါတော့ သူတော်တော်ပျော်နေပြီပေါ့" ဟု ပက်ဒရို က ဇနီးသည်၏ စိတ်ကြိုက်ရသွားသဖြင့် ကျေနပ်ပြီဟု ထင်မိသည်။ သို့သော် ပက်ဒရို၏ဇနီးက အလိုမပြည့်ချေ။

နေ့လယ် လက်ဖက်ရည်သောက်သောအချိန်သို့ ရောက်သော အခါ သူ့ဇနီးက "ငါ ဘုရင်မ မဖြစ်ချင်ဘူး၊ ငါ တစ်ကမ္ဘာလုံးရဲ့ ဧကရာဇ်ဖြစ်ချင်တယ်" ဟု ပြောသည်။

သို့နှင့် ပက်ဒရိုသည် ကမ်းစပ်သို့သွားပြီး ငါးနီလေးကို ပြော ရပြန်သည်။ ငါးနီလေးက "ကောင်းပြီ၊ သူလိုချင်တာ ဖြစ်ရမယ်" ဟု ကတိပေးလိုက်သည်။

ယခုတစ်ခါတွင်လည်း ပက်ဒရိုသည် အိမ်ပြန်ရောက်သော အခါ အလွန်ကြီးကျယ်ခမ်းနားသော နန်းတော်ကြီးကို အံ့ဩဖွယ်တွေ့ ရသည်။ နန်းတော်ကြီးကို ကျောက်သားဖြူဖြူများနှင့် တည်ဆောက် ထားပြီး အမိုးကိုမူ ရွှေပြားနှင့် မိုးထားခြင်းဖြစ်သည်။ ထိုနန်းတော်ကြီး ၏ အခန်းကျယ်ကြီးထဲတွင် တံငါသည်လေး၏ဇနီးသည် ရွှေသလွန်

ကြီးပေါ်တွင် ထိုင်နေသည်။ သူ့ရဲ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အင်္ကျီမှာ စိန်များ၊ ပုလဲများနှင့် စီခြယ်ထားသည်။ သူ့မျက်နှာမှာ တော်တော်လေး ကျေနပ်နေပုံရသည်။

သို့သော် ဧကရာဇ်ဘုရင်မကြီးသည် နောက်တစ်နေ့ နံနက်ခင်းတွင် နန်းတော်လေသာပြတင်းမှ အပြင်သို့လှမ်းကြည့်ပြီး မကျေမနပ်ဖြစ်နေပြန်သည်။

သူက "အမယ်လေး ဘယ်လိုနေ့ကြီးလဲ၊ ကောင်းကင်မှာလည်း တိမ်တွေနဲ့ မှောင်နေတာပဲ၊ ဒီကောင်းကင်ကြီး မြင်ရတာ စိတ်မချမ်းသာလိုက်တာ၊ သွား နင် ငါးနီကို သွားပြောလိုက်စမ်း၊ ငါဟာ ဒီကမ္ဘာလောကကြီးရဲ့ ဖန်တီးရှင်ဖြစ်ချင်တယ်လို့၊ ဒါမှ ငါလိုချင်တဲ့ အချိန် နေသာစေချင် သာလို့ရတယ်" ဟု ပြောသည်။

ထိုစကားပြောလိုက်သည်နှင့် လေပြင်းမုန်တိုင်းသည် ချက်ချင်းပင် တိုက်တော့သည်။ မိုးကောင်းကင်မှာလည်း မှောင်နှင့်မည်းမည်းဖြစ်ပြီး မိုးတွေမှာလည်း သည်းထန်စွာရွာသည်။ မိုးခြိမ်းသံတွေကလည်း ဆူညံနေသည်။ လေပြင်းလွန်းသဖြင့် သစ်ပင်ကြီးများ လဲပြိုကြသည်။

ပက်ဒရိုသည် မိုးခြိမ်းသံများ၊ လျှပ်စီးလက်သံများကို ကြောက်ရွံ့သည့်ကြားမှ ကမ်းစပ်သို့သွားခဲ့သည်။ ကမ်းစပ်ရောက်သည်နှင့် ငါးနီလေးကို သူ့မိန်းမဖြစ်စေချင်သော ဆန္ဒကို အော်ပြီးပြောလိုက်သည်။ အော်မပြော၍လည်း မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် လှိုင်းတွေက အလွန်ထန်နေသောကြောင့် ဖြစ်သည်။

ငါးနီလေးသည် ရေထဲမှပေါ်လာပြီး "နင့်မိန်းမဟာ သူလိုချင်တဲ့ ဆန္ဒရဲ့ဆုလာဘ်ကို ရပါလိမ့်မယ်၊ အိမ်ကိုသာ ပြန်ပါတော့" ဟုပြောပြီး ရေထဲသို့ငုပ်ကာ အဝေးကြီးသို့ ကူးသွားသည်။

ပက်ဒရိုလည်း ငါးနီလေး၏အမူအရာကြောင့် စိတ်မကောင်းလှချေ။ ငါးနီလေးပေါ်မှာလည်း သူ့ဇနီး၏ တောင်းဆိုချက်များသည်

မတာရားမှန်း ပက်ဒရိုသိသည်။ သို့သော် သူကိုယ်တိုင် သူ့ဇနီး၏ စကားကို လွန်ဆန်နိုင်သူ မဟုတ်သဖြင့် မည်သို့မျှ မတတ်နိုင်ချေ။ ပက်ဒရိုသည် စိတ်မကောင်းစွာနှင့် အိမ်ကိုပြန်ခဲ့သည်။ သူ့ဇနီးသည် ယခင်က ပိုင်ဆိုင်ခဲ့သော တဲပုတ်ရှေ့ရှိ ကျောက်တုံးပေါ်တွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ညှိုးငယ်စွာ ထိုင်နေသည်ကို တွေ့ရသည်။

သူ့ဇနီးသည်သည် လောဘဇောကို မသတ်နိုင်ခဲ့သဖြင့် ဟိုးယခင် အစကကဲ့သို့ ဆင်းရဲသွားခြင်းဖြစ်သည်။ သို့သော် ပက်ဒရိုအတွက်မူ ငါးနီလေး၏ကျေးဇူးကြောင့် အမြတ်တစ်ခုရလိုက်ပါသည်။ ၎င်းမှာ သူ့ဇနီးသည်သည် ထိုအချိန်မှစ၍ ဆူဆူပူပူ မလုပ်တော့ခြင်းဖြစ်သည်။

❒

## သဘော်သားလေးဆင်းဘတ်

ဘက်ဒက်မြို့သားလေး ဆင်းဘတ်သည် ရေကြောင်းခရီးနှင့် စွန့်စွန့် စားစား ခရီးထွက်ရန် အလွန်စိတ်ထက်သန်လျက်ရှိသည်။ ထို့ကြောင့် ရေကြောင်းခရီးထွက်ရန် အခွင့်အလမ်းကို အမြဲစောင့်စားနေလေသည်။ သို့နှင့်သူသည် သူပိုင်ဆိုင်သော ပစ္စည်းများအားလုံးကို ရောင်းချပြီး မိတ်ဆွေကုန်သည်များနှင့်အတူ ကုန်ရောင်းရန် ခရီးထွက်ခဲ့သည်။

ဆင်းဘတ်တို့ပိုင်သော သဘော်ကြီးသည် ပရပ်ရှား ပင်လယ်ကွေ့မှနေ၍ အရှေ့ဘက်နိုင်ငံများသို့ ရွက်လွှင့်ခဲ့သည်။ ခရီး၏အစပိုင်းတွင် ရာသီဥတုမှာ သာယာလျက်ရှိသည်။ ဆင်းဘတ်တို့လူစုသည် သူတို့တွင်ပါလာသော ကုန်များနှင့် အရှေ့ဘက်နိုင်ငံမှ ချည်ထည်နှင့် ကျောက်မျက်ရတနာများကို လဲလှယ်ပြီး ပြန်ကြမည်ဟု စိတ်ကူးနှင့် ပျော်နေကြသည်။

ထိုကဲ့သို့ စိတ်ကူးဖြင့် ခရီးဆက်ခဲ့ကြရာ လမ်းခရီးတွင် လေသည် ငြိမ်လျက်ရှိသည်ကို သတိထားမိကြသည်။ ထို့ကြောင့် သဘော်ကျောက်ချပြီး ခပ်လှမ်းလှမ်းတွင်ရှိသော စိမ်းစိုသည့်ကွင်းပြင်တွင် စတည်းချရန် ဆင်းဘတ်နှင့် အဖော်တစ်စုသည် လှေငယ်နှင့် ထွက်ခဲ့ကြသည်။

ဆင်းဘတ်တို့လူစု ကျွန်းပေါ်တွင် စားသောက်နေစဉ် ကျွန်းကြီးသည် အသံကျယ်လောင်စွာမြည်ပြီး တုန်ခါသွားသည်။ ၎င်းနောက်

ကျွန်းကြီးသည် ရေအောက်သို့မြုပ်သွားသည်။ ထိုအခါကျမှပင် ဆင်းဘတ်တို့ ကျွန်းဟုယူဆပြီး ထိုင်နေကြသော မြေကြီးသည် ရေသတ္တဝါကြီးတစ်ကောင်၏ ကျောကုန်းဖြစ်နေသည်ကို သိကြရသည်။

ဆင်းဘတ်နှင့် အဖော်တစ်သိုက်မှာ ကြောက်လန့်တကြားဖြင့် သတ္တဝါကြီး၏ရန်မှ လွတ်စေရန် ရေကူး၍ ပြေးကြလေသည်။

ဆင်းဘတ်သည် ရေကူးရင်းနှင့် သစ်တုံးတစ်တုံး ရေထဲတွင် မျောလာသည်ကို တွေ့သည်နှင့် ထိုသစ်တုံးကိုဖက်ပြီး ရေကူးခဲ့သည်။

ရေသတ္တဝါကောင်ကြီး၏ရန်မှ လွတ်လောက်ပြီဟု ထင်သော အချိန်တွင် သင်္ဘောကိုလှမ်းကြည့်လိုက်ရာ ဆင်းဘတ်တို့ သင်္ဘောကြီးသည် အတော်ဝေးဝေးတွင် ရွက်လွှင့်ပြီး ထွက်သွားသည်ကို မြင်လိုက်သည်။

ဆင်းဘတ်သည် သူ့သင်္ဘောသားအချို့ကို ဝါးဖောင်တစ်ခုပေါ်တွင် မျောပြီးပါလာသည်ကို တွေ့ရသဖြင့် ထိုလူများနှင့်ပေါင်းပြီး ပင်လယ်ထဲတွင် မျောပါပြီး ခရီးဆက်ရလေသည်။ ဆင်းဘတ်တို့သည် ရေစီးရာအရပ်သို့ ဖောင်ဖြင့် လိုက်ပါနေရခြင်းဖြစ်သည်။

သူတို့သည် နေ့ရောညပါ ရေထဲတွင် မျောနေရာမှ တစ်ချိန်တွင် အလွန်ကြီးမားသော လှိုင်းလုံးကြီးကြောင့် ဆင်းဘတ်တို့ဖောင်သည် အပေါ်ကိုမြောက်တက်သွားပြီး ကျွန်းတစ်ခုပေါ်တွင် သွား၍တင်နေလေသည်။

ဆင်းဘတ်နှင့် အဖော်တစ်သိုက်သည် ဝမ်းမြောက်ဝမ်းသာနှင့် "ငါတို့ လွတ်မြောက်ပြီ"ဟုဆိုကာ အော်ဟစ်နေကြသည်။ မကြာမီမှာပင် သူတို့သည် အလွန်ကြောက်စရာကောင်းသော မျက်လုံးတစ်လုံးတည်းရှိသော ဘီလူးကြီးလက်ထဲ ရောက်နေသည်ကို သိကြရသည်။

ဘီလူးကြီးသည် အလွန်ကြောက်စရာကောင်းပြီး သူ၏နဖူးအလယ်တည့်တည့်တွင် မျက်လုံးတစ်လုံးတည်းသာရှိသည်။ ထိုဘီလူး

ကို ဆိုက်ကလော့ဟု အမည်တွင်သည်။ ဆိုက်ကလော့ဘီလူးကြီးသည် ဆင်းဘတ်ကို အရင်ဆုံးဖမ်းပြီး ကြည့်လေသည်။ ဆင်းဘတ်ကို စိတ်တိုင်းမကျသောအခါ မြေကြီးပေါ်ပြန်ချပြီး နောက်သင်္ဘောသား တစ်ယောက် ကိုင်ကြည့်ပြန်သည်။ ထိုကဲ့သို့ဖြင့် တစ်ယောက်ပြီး တစ်ယောက် ကိုင်ကြည့်ကာ ဝသော သင်္ဘောသားကိုမှ သတ်၍စား လေသည်။

ကျန်သောလူများကို ဘီလူးကြီးဆိုက်ကလော့က အကျဉ်းချထားသည်။ တစ်နေ့ကို လူတစ်ယောက်ကျ ထုတ်၍စားသည်။ ဆင်းဘတ်နှင့် အဖော်တစ်သိုက်သည် သေမည့်ရက်ကို စောင့်နေရသည်မှာ သွေးပျက်ဘနန်း ဖြစ်လာသည်။

ထို့ကြောင့် ဆင်းဘတ်သည် အကြံအစည်များ စဉ်းစား၍နေသည်။ ဘီလူးကြီးသည် နေ့စဉ် နေ့လယ်နေ့ခင်းတွင် တစ်ရေးတစ်မော အိပ်တတ်သည်ကို ဆင်းဘတ်သည် လေ့လာသိရှိသွားသည်။ ထို့ကြောင့် တစ်နေ့တွင် ဘီလူးကြီးဆိုက်ကလော့ အိပ်မောကျနေစဉ် အကျဉ်းခန်းထဲမှ တိတ်တဆိတ်ထွက်ပြီး သံချွန်တစ်ခုကို မီးကင်ကာ ထိုသံချွန်နှင့် ဘီလူးကြီးဆိုက်ကလော့၏ မျက်လုံးကို ထိုးဖောက်လိုက်သည်။

ဘီလူးကြီးဆိုက်ကလော့သည် နာလွန်းသဖြင့် အော်ဟစ်ပြီး ထွက်ပေါက်ကို မရှာနိုင်တော့ဘဲ ကျောက်နံရံကြီးကို အတင်း ထိုးဖောက်ပြီး အပြင်ကို ထွက်သွားသည်။

ဆင်းဘတ်တို့လူစုသည် ဘီလူးကြီးဆိုက်ကလော့ အပြင်ထွက်သည်နှင့် ချက်ချင်းပင် အားကုန်သွန်ပြီး ကမ်းနားကို ပြေးကြသည်။ ကမ်းနားတွင် သူတို့စီးလာသော ဝါးဖောင်ကြီးရှိနေသည်။

ထိုအချိန်တွင် ဆိုက်ကလော့၏ ဆူးဆူးဝါးဝါးအော်သံကြောင့် ဘီလူးဖော်များကြားသွားပြီး အသီးသီး ထွက်လာကြသည်။ သူတို့သည် ဆင်းဘတ်တို့လူစု ဖောင်နှင့်ထွက်ပြေးသည်ကို တွေ့သောအခါ ကမ်းစပ်သို့ စုဝေးပြီးလာကြသည်။

ဘီလူးများသည် အဖြစ်အပျက်ကို ရိပ်စားမိကာ အလွန်စိတ်ဆိုးကြလေသည်။ ထို့ကြောင့် ရောမကျောက်ခဲများကို ကောက်ယူပြီး ဝါးဖောင်ရှိရာသို့ လှမ်း၍ပစ်ကြသည်။ ဒေါသတကြီးနှင့် ပစ်ကြသည်ဖြစ်သောကြောင့် ခဲလုံးများသည် ဝါးဖောင်ကိုမထိချေ။ ဝါးဖောင်၏ ဘေးနားသို့ကျရာ အရှိန်အလွန်ပြင်းသောကြောင့် ဝါးဖောင်သည် ကမ်းခြေနှင့် အဝေးကြီးသို့ ရောက်သွားသည်။ ဆင်းဘတ်တို့လူစုသည် ယခုမှပင် အသက်ဝဝ ရှူဝံ့ကြတော့သည်။

သူတို့လူစုသည် နှစ်ရက်နှင့်နှစ်ည ဝါးဖောင်နှင့် မျောနေရာမှ တစ်မနက်တွင် လှေကြီးတစ်စင်းကို တွေ့ရသည်။ ထိုလှေကြီးသည် ဘက်ဂဒက်မြို့သို့ သွားမည့်လှေဖြစ်သည်။ ဆင်းဘတ်တို့လူစုသည် ထိုလှေသူကြီး၏ ကယ်တင်မှုကြောင့် အသက်ချမ်းသာရာရခဲ့သည်။

ထိုလှေကြီးသည် ဘက်ဂဒက်သို့ ခရီးဆက်ရင်း မုန်တိုင်းနှင့်တွေ့ပြီး ဂတ်(ဖ)ပင်လယ်ကွေ့သို့ ပြန်ရောက်ခဲ့သည်။ ထို့ကြောင့် ဘက်ဂဒက်နှင့် နီးလာပြီဖြစ်သည်။ သူတို့သည် သစ်သီးဝလံပေါများသော ကျွန်းတစ်ခုမှာ ခေတ္တရပ်နားကြသည်။ ဆင်းဘတ်သည် သူ့အဖော်များနှင့် ခွဲထွက်ပြီး တစ်ယောက်တည်း ကျွန်းပေါ်တွင် လမ်းလျှောက်နေလေသည်။ ထိုကဲ့သို့ ကျွန်းပေါ်တွင်လှည့်လာရင်းနှင့် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်သို့ ရောက်သောအခါ ခေတ္တနားမည်ဟုဆိုကာ ထိုင်လိုက်သည်။ ထိုစဉ် လေအေးက တဖြူးဖြူးနှင့် တိုက်နေပြီး ပန်းရနံ့များကလည်း မွှေးနေရာ မောမောနှင့် အိပ်ပျော်သွားသည်။

သူ အိပ်ရာမှနိုးသော် သူစီးလာသော လှေကြီးမရှိတော့သည်ကို တွေ့ရသည်။ ဆင်းဘတ်သည် အလွန်စိတ်ပျက်မိသည်။ သူ့အတွက်ကံသည် အစဉ်အမြဲဆိုးလျက်ရှိသည်ကို သတိထားမိလာသည်။ ထိုစဉ် အသံဗလံများကြားရသဖြင့် ကျွန်းပေါ်တွင် သူတစ်ယောက်တည်းမဟုတ်သည်ကို သတိထားမိလာသည်။ ကျွန်းပေါ်တွင် လူတစ်စုသည်

အုန်းသီးများကို လိုက်လံစုနေသည်ကို တွေ့ရသည်။

ဆင်းဘတ်ကိုတွေ့သော် ကျွန်းသားများက အုန်းသီးစုရသည်မှာ အလွန်လွယ်ကူကြောင်း ပြောပြကြသည်။ ၎င်းတို့က ဆက်၍ ရှင်းပြသည်မှာ အုန်းပင်ပေါ်တက်နေသော လူဝံများကို ခဲနှင့်ပေါက်ပါက လူဝံများက စိတ်ဆိုးပြီး သူတို့ကို အုန်းသီးနှင့် ပြန်ပေါက်ကြကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် အုန်းသီးများ စုဆောင်းရကြောင်း သင်ပြပေးကြသည်။

ထိုကျွန်းသားများက ဆင်းဘတ်ကို သူတို့နှင့်အတူလိုက်နေရန် ပြောပြီး ထိုကျွန်းနှင့် အနီးဆုံးသောကျွန်းတစ်ခုဆီသို့ ခေါ်သွားသည်။ သူတို့နေထိုင်ရာကျွန်းသို့ ရောက်သောအခါ သူတို့၏ ဘုရင်ကြီးနှင့် ဆင်းဘတ်ကို မိတ်ဆက်ပေးကြသည်။ ဘုရင်ကြီးသည် ဆင်းဘတ်ကို မြင်မြင်ချင်း သဘောကျကာ အဝတ်စားနှင့် အစားအသောက်များ ချီးမြှင့်ပြီး ထိုတိုင်းပြည်တွင် နေထိုင်ခွင့်ပြုလိုက်သည်။

ဆင်းဘတ်သည် သူ့အပေါ်တွင် အလွန်သဘောကောင်းသော ဘုရင်ကြီးကို ကျေးဇူးဆပ်လိုသည်။ ထိုတိုင်းပြည်တွင်းရှိ မြင်းများမှာ ကုန်းနှီးသာရှိပြီး ခြေနင်းမရှိသည်ကို သတိထားမိသည်။ ထို့ကြောင့် ဆင်းဘတ်သည် ဘုရင်ကြီးအတွက် မြင်းစီးရာတွင်သုံးရန် ခြေနင်းတစ်စုံ ပြုလုပ်ပြီး လက်ဆောင်ပေးလေသည်။

ဘုရင်ကြီးသည် ဆင်းဘတ်ပေးသော လက်ဆောင်ကို အလွန်သဘောကျသည့်အတွက် ဆင်းဘတ်ကို ဆုတစ်ခုခု ချီးမြှင့်ရန် စဉ်းစားသည်။ ဘုရင်ကြီးပေးသော လက်ဆောင်မှာ ဆင်းဘတ်အတွက် သတို့သမီး မိန်းမပျိုတစ်ယောက် ပေးခြင်းဖြစ်သည်။ ထိုမိန်းမပျိုသည် အမျိုးကောင်းသမီးတစ်ယောက် ဖြစ်သည်။ ဘုရင်ကြီး၏ ရည်ရွယ်ချက်မှာ ဆင်းဘတ်သည် ထိုအမျိုးသမီးကို လက်ဆက်ခြင်းအားဖြင့် သူတို့နိုင်ငံတွင် အမြဲနေထိုင်ရန် ဖြစ်သည်။

ဆင်းဘတ်သည် ဘုရင်ကြီး၏အမိန့်ကို မလွန်ဆန်ဘဲ ထို

အမျိုးသမီးနှင့်လက်ထပ်လိုက်သည်။ သူလက်ထပ်ပြီး၍ မကြာမီတွင် ထိုအမျိုးသမီးသည် အပြင်းဖျားပြီး သေဆုံးသွားသည်။

ထိုအခါတွင် ထိုကျွန်း၏ ထူးဆန်းသောဓလေ့ထုံးစံကို ဆင်းဘတ် သိရသည်။ ထိုကျွန်း၏ ဓလေ့ထုံးစံမှာ ကျွန်းသူကျွန်းသားများ သည် ဇနီး သို့မဟုတ် ခင်ပွန်းတစ်ယောက်ယောက် သေဆုံးပါက ကျန်ခဲ့သောဇနီး သို့မဟုတ် ခင်ပွန်းသည် အရှင်လတ်လတ် သေဆုံးသူနှင့်အတူ လိုက်ပါရမည်ဆိုသည့် ထုံးစံပင်ဖြစ်သည်။

ဆင်းဘတ်၏ဇနီး သေဆုံးသောအခမ်းအနားကို ကျင်းပပြီး သည်နှင့် ကျွန်းသူကျွန်းသားများသည် ဆင်းဘတ်၏ အခေါင်းကို သယ်ဆောင်၍ ဂူကြီးတစ်ခုဆီသို့ သွားကြသည်။ ထိုဂူ၏အဝင်ဝကို အလွန်ကြီးသော ကျောက်တုံးကြီးနှင့် ပိတ်ဆို့ထားခြင်းဖြစ်သည်။ သူတို့သည် ထိုကျောက်တုံးကြီးကို ဖယ်လိုက်ပြီး ဆင်းဘတ်ဇနီး၏ အလောင်းထည့်ထားသော ခေါင်းကို ကြိုးနှင့်ဆွဲပြီး အောက်သို့ချ သည်။

အလောင်းပါသောခေါင်း အောက်ရောက်သည်နှင့် ဆင်းဘတ် အတွက် ပြုလုပ်ထားသော ခေါင်းထဲသို့ ဆင်းဘတ်ကို ဝင်စေပြီး တွင်းထဲသို့ ချလိုက်ရန်ဖြစ်သည်။ ဆင်းဘတ် မည်သို့ပင် ရုန်းကန် သော်လည်း မရချေ။ ဆင်းဘတ်၏ ခေါင်းထဲတွင် ရေနှင့် အစား အသောက်များ ထည့်ပေးလိုက်သည်။

ဆင်းဘတ်သည် ခေါင်းနှင့် မြေကြီး ထိသည်နှင့် ခေါင်းထဲမှ ထွက်ပြီး အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်၍လှေ့လာသည်။ အမှောင်ထဲတွင် ခေါင်းများကိုသာ စမ်းမိနေသည်။

နောက်ဆုံးတွင် ဆင်းဘတ်သည် ခေါင်းထဲတွင်ပါသော ပေါင် မုန့်နှင့် ရေကိုသောက်ပြီး အသက်ဆက်နေရာမှ နောက်ဆုံး စားစရာ မရှိတော့သောအခါ သေရန်အတွက် အချိန်ရောက်ပြီဟု လက်ခံပြီး ဘုရားသခင်ကို တမ်းတကာ ခေါင်းထဲဝင်လိုက်သည်။

ထိုကဲ့သို့ ခေါင်းထဲဝင်လိုက်သည့်အချိန်မှာပင် သူ့နားထဲတွင် အသက်ရှူသံပြင်းပြင်းတစ်ခုကို ကြားလိုက်သည်။ ထို့ကြောင့် ဆင်းဘတ်သည် ခေါင်းထဲမှထလိုက်ပြီး အသက်ရှူသံ ထွက်ပေါ်နေသော ဘက်ကို မှန်းပြီး ထွက်ခဲ့သည်။

ဆင်းဘတ်၏ စိတ်ထဲတွင် "ဒီအသံကြောင့် ငါ့အတွက် ထွက်ပေါက်တော့ ရတော့မယ်" ဟုတွေးမိပြီး ပျော်နေသည်။ ထိုသို့ ပျော်နေစဉ် အသက်ရှူသံပျောက်သွားသည်။ "ဟာ အသံပျောက် သွားပြီ"ဟု ဆင်းဘတ်၏စိတ်ထဲတွင် အားလျော့မိနေစဉ် အလင်း ရောင်ဝင်လာသော အပေါက်တစ်ပေါက်ကို တွေ့လေသည်။

မကြာမီမှာပင် အသက်ရှူသံပြင်းပြင်းကြီးကို ကြားရပြီး စော စောက ဆင်းဘတ်မြင်ရသော အလင်းရောင်ဝင်လာသော အပေါက်ကို ဖောက်ပြီး သတ္တဝါကြီးတစ်ကောင် ထွက်သွားသည်ကို တွေ့လိုက်ရ သည်။

သတ္တဝါကြီး ထွက်သွားသည့်နောက်ကို ဆင်းဘတ်သည် လိုက်သွားသည်။ ထိုအပေါက်မှတစ်ဆင့် အပြင်သို့ ထွက်လိုက်ရာ ကမ်းခြေတစ်ခုသို့ ရောက်သွားသည်။ အမှန်မှာ စောစောကတွေ့သော သတ္တဝါကြီးသည် ဒီရေတက်သည့်အချိန်တွင် ဂူပေါက်မှတစ်ဆင့် ဂူထဲဝင်ပြီးနေခြင်းဖြစ်သည်။

ဆင်းဘတ်သည် အလွန်ပျော်သွားသည်။ သူ့အနေဖြင့် အလင်း ရောင်ကို မမြင်ရဘဲ မှောင်ထဲတွင် နေနေရာမှ ယခုကဲ့သို့ အလင်းရောင် ကို ပြန်တွေ့ရသဖြင့် အလွန်ဝမ်းသာနေသည်။ သူသည် ဘုရားသခင် ကို ကျေးဇူးတင်လွန်းသဖြင့် ပါးစပ်မှ တဖွဖွနှင့် ဆုတောင်းနေသည်။

ဆင်းဘတ် ကမ်းစပ်မှာရှိနေစဉ် သင်္ဘောတစ်စင်း ရွက်လွှင့် ပြီး ပင်လယ်ထဲမှာ ထွက်လာသည်ကို တွေ့ရသည်။ ဆင်းဘတ်သည် လက်ဝှေ့ယမ်းပြီး သင်္ဘောပေါ်မှ သူ့ကိုမြင်စေရန် ကြိုးစားသည်။ သင်္ဘောပေါ်မှ သင်္ဘောသားများသည် ဆင်းဘတ်၏ အချက်ပြမှုကို

မြင်သွားသည်။

သဘော်ာကပ္ပတိန်သည် အလွန်သဘောကောင်းသူတစ်ယောက်ဖြစ်သည်။ သူသည် ဆင်းဘတ်ကို သူ့သဘော်ာပေါ်ခေါ်တင်ပြီး ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်သည်။

ယခုဆင်းဘတ်ကို ကယ်တင်လိုက်သောသဘော်ာသည် ဘက်ဂဒက်မှနေ၍ ကုန်စည်များတင်ပြီး ထွက်လာခြင်းဖြစ်သည်။ ထိုသဘော်ာသည် ပရပ်ရှားပင်လယ်ကွေ့မှနေ၍ တခြားကျွန်းများဆီသို့ သွားမှာဖြစ်သည်။ ဆင်းဘတ်သည် သူ့မြို့သို့ ပြန်ရောက်ဦးမည်မဟုတ်၍ စိတ်မကောင်းဖြစ်မိသည်။

ဆင်းဘတ်စီးလာသော သဘော်ာသည် ကျွန်းတစ်ကျွန်းသို့ ဆိုက်ကပ်လေသည်။ ထိုကျွန်းပေါ်တွင် ကပ္ပတိန်နှင့်တကွ သဘော်ာသားများသည် ပျော်ပျော်ပါးပါး စားကြသောက်ကြ နားနေကြသည်။ ထိုအချိန်တွင် ကပ္ပတိန်သည် အလွန်ကြီးမားသော အဖြူရောင်အဝိုင်းပုံ အဆောက်အအုံတစ်ခုကို တွေ့လေသည်။

သူတို့သည် ထိုအဖြူရောင်သဏ္ဍာန်၏အနားသို့ သွားရောက်လေ့လာကြသောအခါ အလွန်ကြီးမားသော ငှက်ဥဖြစ်နေသည်ကို တွေ့ရသည်။ သူတို့ကြည့်နေစဉ် ဥထဲမှ ငှက်ကလေး၏ နှုတ်သီးလေးသည် ပြူပြီးထွက်လာသည်။ ငှက်ကလေးသည် သူပေါက်ဖို့ရန် အချိန်ရောက်သဖြင့် ထွက်လာခြင်းဖြစ်သည်။ သဘော်ာသားတို့သည် ထိုငှက်ကလေးကို ဝိုင်း၍ ဖမ်းလိုက်ကြသည်။

သဘော်ာသားတို့သည် ထိုငှက်ကိုသတ်ပြီး တပျော်တပါး စားကြသောက်ကြဖို့ ပြင်ဆင်ကြသည်။ ဆင်းဘတ်တစ်ယောက်သာလျှင် ထိုအစီအစဉ်ကို ကန့်ကွက်ပြီး ငှက်ကိုမသတ်ရန် တားမြစ်သည်။

ဆင်းဘတ်သည် ငယ်စဉ်ကတည်းက သဘော်ာသားဖြစ်ချင်သဖြင့် လေ့လာစူးစမ်းမှုများ ပြုလုပ်ထားသောကြောင့် ထိုဥသည်

အလွန်ကြီးမားပြီး ရိုင်းစိုင်းသော ငှက်တစ်မျိုး၏ဥမှန်း သူသိလေသည်။ ထို့ကြောင့် ဆင်းဘတ်က "ငှက်မသာ သူ့ဥကို အခုလိုဖျက်ထားတာ တွေ့ရင် ခင်ဗျားတို့ကို ရန်မူလိမ့်မယ်" ဟု သတိပေးသည်။

သင်္ဘောသားတို့သည် ငှက်ကိုသတ်ပြီး ချက်စားကြသည်။ ဆင်းဘတ်ပြောသောစကားကို မည်သူမှနားမထောင်ကြချေ။ ထိုသို့ ချက်စား၍ မကြာမီမှာပင် မိုးကောင်းကင်သည် ချက်ချင်းမှောင်မည်း သွားသည်။ သင်္ဘောသားတို့သည် အထိတ်တလန့်ဖြင့် မိုးပေါ်သို့ ကြည့်လိုက်ရာ အလွန်ကြီးမားသော ငှက်ကြီးနှစ်ကောင်ကို မိုးကောင်းကင်တွင် ကြောက်မက်ဖွယ် တွေ့ရသည်။

ထိုငှက်နှစ်ကောင်သည် သူတို့သတ်စားလိုက်သော ငှက်ကလေး၏ မိခင်နှင့်ဖခင်တို့ ဖြစ်လေသည်။ ထိုအခါကျမှပင် ဆင်းဘတ်ပြောတာ မှန်ပြီဟု လက်ခံလာကြသည်။ ထို့ကြောင့် သင်္ဘောသားတို့သည် အလုအယက်ပင် သူတို့၏သင်္ဘောပေါ်သို့ တက်ပြေးကြသည်။

ဆင်းဘတ်တစ်ယောက်သာ ကျွန်းပေါ်တွင် ကျန်ခဲ့သည်။ ငှက်နှစ်ကောင်သည် သူတို့၏ သန်မာသောလက်သည်းများနှင့် အလွန်ကြီးမားသော ကျောက်တန်းများကို မ,နေသည်ကို ဆင်းဘတ်တွေ့ ရှိသွားသည်။ ထို့ကြောင့် သူ၏မိတ်ဆွေများကို အော်ပြီးသတိပေး လေသည်။ သို့သော် သင်္ဘောနှင့်ကမ်းမှာ ဝေးလွန်းသဖြင့် ဆင်းဘတ်၏ အသံကို မကြားရချေ။

ငှက်ကြီးနှစ်ကောင်သည် လျင်မြန်သောအဟုန်ဖြင့် သင်္ဘော နောက်သို့ ပျံသွားကြသည်။ သင်္ဘောကိုမှီသည်နှင့် သူတို့ချီလာသော ကျောက်တုံးကြီးများကို သင်္ဘောပေါ်ပစ်ချလိုက်သည်။ သင်္ဘောကြီး သည် အစိတ်စိတ်အမြွှာမြွှာ ပျက်စီးသွားသည်။

ဆင်းဘတ်သည် ရေထဲတွင် ပေါလောပေါ်နေသော သစ်တို သစ်စများနှင့် သင်္ဘောပေါ်မှ ပစ္စည်းများကိုကြည့်ပြီး သူ့မိတ်ဆွေ အပေါင်းအသင်း တစ်ယောက်တလေကို တွေ့လိုတွေ့ငြား ရေထဲဆင်း

ပြီး လိုက်ရှာလေသည်။ သို့သော် တစ်ယောက်မျှ မတွေ့ရချေ။

ဆင်းဘတ်သည် စိတ်ပျက်လက်ပျက်နှင့် ကမ်းပေါ်သို့ ပြန်၍ ကူးလာသည်။ သူသည် ကျွန်းပေါ်တွင် လျှောက်သွားရင်းနှင့် သစ်သီးဝလံများနှင့် ပြည့်စုံသော သစ်တောအုပ်တစ်ခုကို တွေ့သည်။ ထိုတောအုပ်တွင် အေးမြသောစမ်းချောင်းတစ်ခုသည် စီးဆင်းလျက်ရှိသည်။ ထိုစမ်းချောင်းဘေးတွင် အသက်အလွန်တရာအိုမင်းနေသော အဘိုးအိုတစ်ယောက်ကို တွေ့သည်။ အဘိုးအိုက သူ့ကို ကျောကုန်းပေါ်တင်ပြီးခေါ်ရန် တောင်းပန်သည်။

အဘိုးအိုကိုသနားသည်နှင့် ဆင်းဘတ်သည် သူ၏ကျောကုန်းပေါ်သို့ တင်လိုက်သည်။ အဘိုးအိုသည် ဆင်းဘတ်၏ ကျောပေါ်ရောက်သည်နှင့်တစ်ပြိုင်နက် ခြေပြလက်ပြနှင့် ချောင်းတစ်ဖက်ကမ်းသို့ ကူးပြီးပို့ပေးရန် ပြောလေသည်။ ဆင်းဘတ်ကလည်း သဘောတူကာ လိုက်ပို့ပေးသည်။ အဘိုးအို၏ ကိုယ်အလေးချိန်မှာ သိပ်မလေးလှသဖြင့် ဆင်းဘတ်ကလည်း ကြည်ကြည်ဖြူဖြူပင် ချောင်းတစ်ဖက်သို့ ပို့ပေးလေသည်။

ချောင်းတစ်ဖက်သို့ရောက်၍ ဆင်းဘတ်က အဘိုးအိုကို ကျောပေါ်မှချရန် ပြင်ဆင်စဉ် အဘိုးအိုသည် သူ့ခြေထောက်နှစ်ဖက်ကို ရှေ့သို့ ပြောင်းပြီးချလိုက်သည်။ အဘိုးအိုသည် ခြေထောက်နှစ်ဖက်နှင့် ဆင်းဘတ်၏ လည်ပင်းကို တုပ်နှောင်လိုက်သည်။

ဆင်းဘတ်သည် မည်သို့ပင်ရုန်းသော်လည်း မရချေ။ သူက ဆင်းခိုင်းလေ အဘိုးအိုက အပေါ်မှနေပြီး အတင်းတွယ်ထားလေဖြစ်လေသည်။

အဘိုးအိုသည် ဆင်းဘတ်ကို ရိုက်နှက်ပြီး သစ်သီးများကို လိုက်လံခူးခိုင်းသည်။ အဘိုးအိုသည် နေ့ရောညပါ ဆင်းဘတ်၏ ကျောပေါ်မှ မဆင်းချေ။ ဆင်းဘတ် အိပ်သည့်အခါမှာလည်း သူသည် ကျောပေါ်မှာ ထိုင်လျက်ပင်ဖြစ်သည်။ ဆင်းဘတ်မှာလည်း

အဘိုးကြီးကို ဇက်ပိုးပေါ်တွင်ထားပြီး အစားအစာရှာဖွေကျွေးပြီး အလုပ်အကျွေးပြုနေရပေပြီ။

ကြာသော် ဆင်းဘတ်သည် အားအင်ယုတ်လျော့လာသည်။ ထို့ကြောင့် တစ်နေ့တွင် ဆင်းဘတ်သည် သစ်သီးများကို လိုက်လံခူး ရင်းနှင့် စပျစ်သီးများကိုတွေ့သောအခါ စပျစ်ရည် (ဝိုင်အရက်) ပြု လုပ်ရန် စပျစ်သီးများကို လိုက်လံခူးသည်။ ပြီးလျှင် စပျစ်ရည်များ ညှစ်ထုတ်ပြီး ဘူးတစ်ဘူးတွင်ထည့်ကာ နေပူထဲတွင် ထားလိုက်သည်။ ထိုအခါ ဝိုင်အရက် ဖြစ်သွားသည်။

ဝိုင်အရက်၏တန်ခိုးကြောင့် ဆင်းဘတ်သည် အားအင်ပြည့် လာသည်။ ယခင်ကလို နုံးချိမနေတော့ချေ။ အဘိုးအိုကို ကျောကုန်း ပေါ် တင်ထားရသော်လည်း သိပ်လေးလံမနေတော့ချေ။ ထို့ကြောင့် သီချင်းတအေးအေးနှင့် ဖြစ်လာသည်။ ထိုအခါ ကျောကုန်းပေါ်တွင် ပါလာသော အဘိုးအိုက ဆင်းဘတ်သောက်သော ဝိုင်အရက်ဘူးကို တောင်း၍ သောက်လေသည်။

ဝိုင်အရက်၏ တန်ခိုးကြောင့် အဘိုးအိုသည် သောက်ရင်း သောက်ရင်းနှင့် မူးလာသည်။ ထို့ကြောင့် ဆင်းဘတ်၏ကျောပေါ်တွင် ညှစ်ထားသော ခြေထောက်၏အားသည် လျော့လာပြီး ပြုတ်ကျသွား သည်။

ထိုအခါ ဆင်းဘတ်သည် အသာလေး ပြေးလေတော့သည်။ ဆင်းဘတ်သည် အဘိုးအိုရန်မှလွတ်ရန် နောက်သို့လှည့်မကြည့်ဘဲ ပြေးလိုက်သည်မှာ မြစ်ကမ်းနားသို့ ရောက်သည်အထိ ဖြစ်သည်။ ထိုမြစ်ကမ်းနဖူးတွင် စိတ်သဘောထားကောင်းမွန်သော လူတစ်ယောက် နှင့် သွား၍တွေ့သည်။ ဆင်းဘတ်သည် သူ၏အဖြစ်အပျက်အလုံးစုံ ကို ရှင်းပြသည်။ ထိုသူသည် ဆင်းဘတ်က အဘိုးအိုလက်ထဲမှ ထွက်ပြေးလာကြောင်း ပြောပြသောအခါ အလွန်အံ့သြနေလေသည်။ ထိုအဘိုးအိုသည် အမှန်မှာ "ပင်လယ်ပြင်စောင့် သက်ကြားအို" [OLD

MAN OF THE SEA] ဖြစ်လေသည်။ ယခုကဲ့သို့ အဘိုးအိုထံမှ ပထမဆုံး လွတ်မြောက်အောင် လုပ်နိုင်သူသည် အဘိုးအို၏ မကောင်းသော တန်ခိုးများကို ယုတ်လျော့စေသည်ဟု အယူရှိလေသည်။ ဆင်းဘတ်သည် အဘိုးအိုထံမှလွတ်မြောက်လာသော ပထမဆုံး လူသား ဖြစ်လေသည်။

ထို့ကြောင့် ဆင်းဘတ်သည် လူတို့၏အလယ်တွင် သူရဲကောင်းကြီးဖြစ်နေသည်။ ထိုအရပ်ရှိ လူများသည် ဆင်းဘတ်ထံသို့ လာရောက်၍ လက်ဆောင်ပဏ္ဏာများ ပေးကြသည်။ ထိုတိုင်းပြည်ရှိ ဘုရင်ကြီးကလည်း ဆင်းဘတ်ကို အလွန်အဖိုးတန်သော လက်ဆောင်ပဏ္ဏာများပေးကာ ဘက်ဂဒက်မြို့သို့ပြန်ရန်အတွက် သင်္ဘောတစ်စင်း ပေးလိုက်သည်။

ယခုအကြိမ် အပြန်ခရီးတွင် မည်သည့်အနှောင့်အယှက်မှ မရှိတော့ချေ။ ဆင်းဘတ်သည် ဘက်ဂဒက်သို့ ပြန်ရောက်ပြီးနောက် လူချမ်းသာတစ်ယောက် ဖြစ်သွားသည်။ ဘက်ဂဒက်မြို့စားကလည်း ဆင်းဘတ်၏ ခရီးစဉ်နှင့် စိတ်ဝင်စားစရာကောင်းလှသော စွန့်စားမှုများအကြောင်း သတင်းကြားရသဖြင့် ဆင်းဘတ်ကို ခေါ်ယူတွေ့ဆုံပြီး ချီးမြှင့်မြှောက်စားလေသည်။ ဆင်းဘတ်သည် ချမ်းသာကြွယ်ဝသော မင်းစိုးရာဇာအနွယ်ဝင်တစ်ယောက် ဖြစ်သွားသည်။

တက္ကသိုလ်ရွှေရိဝင်း

❐

စိတ်ကူးချိုချိုစာအုပ်တိုက်ထုတ်
ဈေးနှုန်းချိုသာ၍
ရည်ရွယ်ချက်ကောင်းမွန်ကာ
ဖတ်ရှုရာတွင် စွဲမက်ဖွယ်ဖြစ်သော
ပုံပြင်စာအုပ်များ

မောင်ဗိုလ်မွေး ၏
မြန်မာ့ရိုးရာ ပုံတိုပတ်စများ
ဒေါက်တာခင်ရီဝင်း ၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၁
ဒေါက်တာခင်ရီဝင်း ၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၂
ဒေါက်တာခင်ရီဝင်း ၏
မင်္ဂလာမောင်မယ် ကမ္ဘာ့ပုံပြင်များ - ၃
ကြည်နိုင် ၏
မောင်ကျန်တစ်တို့ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင် ၏
မကောင်းကြံတန်ပြန်ထိ နှင့် မြန်မာစကားပုံ ပုံပြင်များ
ကြည်နိုင် ၏
နံစုတ်ငှက်ငယ် စကားကြွယ် နှင့် မြန်မာစကားပုံ ပုံပြင်များ
မောင်မောင်သက်(ဂျပန်) ၏
ဂျပန်ရိုးရာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း ၏
မော်ဆရာကြီး၏ လက်ဆောင်များနှင့် နိုင်ငံတကာပုံပြင်များ
တက္ကသိုလ်ရွှေရီဝင်း ၏
ထူးဆန်းသောကမ္ဘာလိပ်နှင့် နိုင်ငံတကာပုံပြင်များ

SYW0002
1,000.00 KS